# တစ္ဆေမကြောက်တဲ့ တစ္ဆေတွေအကြောင်း

ဒေဝေါ



တစ်ဆောက်တည်း မဖတ်ရ။

ထုတ်ဝေသူ
ဦးဘုန်းဇော်
အရှေ့ဘက်ကောင်းကင်
စာပေထုတ်လုပ်ဖြန့်ချိရေး
(မြဲ - ၀၀၂၃၉)

ပုံနှိပ်သူ
ဦးသိန်းဦး
မြတ်ရတနာပုံနှိပ်တိုက်
(မြဲ - ၀၉၁၃၁)

အုပ်ရေ - ၁၀၀၀ အုပ်
တန်ဖိုး - ၁၃၀၀ ကျပ်

မျက်နှာဖုံးဒီဇိုင်း
ယမုံစိုး

အတွင်းသရုပ်ဖော်
ဖကာလတ်

ကွန်ပြူတာစာစီ
ဇာနည်မော်

မျက်နှာဖုံးဖလင်
EAGLE

အတွင်းဖလင်
ရာဇာမျိုးဝင်း

စာအုပ်ချုပ်
မျိုးကြီး၊ဇာနည်

ဖြန့်ချိရေး

အရှေ့ဘက်ကောင်းကင်

အမှတ်(၂၈၂)၊ ပထမထပ်၊ လမ်း-၄၀၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
ဖုန်း-၀၉၇၃၁၇၁၃၈၃၊ ၀၉၄၂၁၀၅၆၃၅၄

# [illegible]

ဒေဝီ



# နီဒါန်း သို့မဟုတ် သီးခြားဘဝအိမ်မှာ


၁။ တစ္ဆေမှက်တဲ့ အိပ်မက်
၂။ တစ္ဆေအလွမ်း
၃။ လမ်းပေါ်က တစ္ဆေ
၄။ လိပ်ပြာခွဲတဲ့နေ့
၅။ အချစ်ကြီးတဲ့ တစ္ဆေမ
၆။ ရွာသူတမ်းတ လွမ်းတစ္ဆေ
၇။ ရုက္ခစိုးငဖေ
၈။ ရုက္ခစိုး ငဖေနှင့် ပျံကျ တစ္ဆေများ
၉။ အနောက်ဖက်တန်းက သရဲမဂျမ်းစိန်
၁၀။ အင်းသရဲကြီးဇာတ်ကြောင်းပြန်
၁၁။ တစ္ဆေတစ်ကောင်၏ သံဝေဂ
၁၂။ ဖျောက်ဆိပ်ပင်နှင့်သောတာပန်ရုက္ခစိုး
၁၃။ တစ္ဆေမိုက်ကြီး၏နောင်တ
၁၄။ သင်္ချိုင်းလက်မခံသရဲဘဖ
၁၅။ တစ္ဆေတို့ရဲ့မာယာ
၁၆။ လူယုတ်မာနှင့်တစ္ဆေတစ်သိုက်


နိဂုံးသို့မဟုတ်ပရလောကကိုမျှဝေခံစားခြင်း

အရှေ့ဘက်ကောင်းကင်

## နိဒါန်း(သို့မဟုတ်)သီးခြားဘဝအိမ်မှာ

၁။

ဘဝအိုးအိမ်ဆိုသည်က တည်ငြိမ်သည်မရှိ။ အပြောင်းအလဲတွေရှိသည်။ သို့သော် တစ်ခါတစ်ရံ ချက်ခြင်းပြောင်းလဲသွားသည်ကို မသိသည်လည်း ရှိသည်။

လူသည် သေလွန်သည်အခါ ပြုခဲ့သည့် ကောင်းမှု၊ ဆိုး မှုအလိုက် ဘဝအိုးအိမ်အပြောင်းအလဲဟူသည် ရှိစမြဲ။

သေသည်၏ မခြားဘဲ၌ ဘဝအိုးအိမ်ပြောင်းလဲမှုနှင့် ပတ် သက်၍ လေ့လာလျှင် လူသည် သေလွန်သည့်အခါ နတ်ပြည် သို့ ရောက်ရသူများ ရှိသကဲ့သို့ ငရဲ၊ ပြိတ္တာစသည် အပါယ်ဘုံ လောကသို့ရောက်ရသည်ကများသည်ဟု ဆိုရမည်။

သီလစင်ကြယ်သူ၊ ဒါနအလှူပြုသူသည် နတ်ပြည်ခရီးသို့ ဦးတည်ရပြီး၊ သီလမသိ၊ ဒါနမရှိဘဲ ကုသိုလ်ထက်၊ အကုသိုလ်များသူများက ပြိတ္တာဟူခေါ်သည့် တစ္ဆေသရဲ ဖြစ်ရသူက များ၏။

၂။

ဤဝတ္ထုများသည် အကုသိုလ်များပြီး အောက်ဘုံဟူသည့် ပြိတ္တာဆိုသည့် သရဲတစ္ဆေဘဝရောက်ရသူများ၏ အကြောင်းများအား ကိုယ်စားခံစားရေးဖွဲ့ထားသည် ဝတ္ထုများပင်။

တချို့က စိတ်ကူးယဉ်သည်ဟု ဆိုကောင်းဆိုကြမည်။

မည်သို့ဆိုစေ တချို့သောစိတ်ကူးယဉ်မှုများက လက်တွေ့ဘဝများနှင့်ထပ်တူရှိနေတတ်သည်လည်း ရှိနေကြသည်မဟုတ်လား။

၃။

ဝတ္ထုများသည် စိတ်ကူးယဉ်ကောင်းသည့် ဝတ္ထုများဆိုလျှင် ဆိုနိုင်သော်လည်း စာဖတ်သူအတွက် အကျိုးယုတ်သည့် စာမှုမဟုတ်ပါ။

ပြောရလျှင် ဤဝတ္ထုများသည် မမြတ်သည့်တိုင် မရှုံးသည့် ဝတ္ထုများပင်။

သံဝေဂရဖွယ် သတိပြုဖွယ်များနှင့် တန်ဆာဆင်ထားသော ဝတ္ထုများဖြစ်နေသောကြောင့်ပင်။

ထို့ကြောင့် စာဖတ်သူတို့အတွက် အကျိုးတစ်စုံတစ်ရာ ရခဲ့သည်ဆိုပြုအံ့။

ပြုစုသူအတွက် ဝမ်းမြောက်ပီတိဖြစ်ရမည့် ဖြစ်သတည်း။

စာဖတ်သူများရဲ့
ဒေဝေါ



## တစ္ဆေမက်တဲ့အိပ်မက်

'ကျွန်တော် မသေဘူး၊ မသေဘူး
မြိုင်လေး၊ ကိုကြီးမသေဘူး'
ကျွန်တော်ပြောနေမိသည်။ ဘယ်သူမှ ဂရုမပြု၊ မကြား
သလိုပဲ။
လူတွေကို နားမလည်နိုင်
ဒါ ဘာသဘောလဲ၊
ဒါ အိပ်မက်လား၊ ကျွန်တော် အိပ်မက် မက်နေသလား၊
ကျွန်တော် မသေဘူး၊ မသေဘူး'

အရှေ့ဘက်ကောင်းကင်

၁။

ကျွန်တော်လမ်းထဲသို့ ချိုးဝင်လိုက်သည်။ အချိန်က ည။

တစ်ခုရှိသည်က မြို့ပြညနှင့် ကျေးလက်ညကပုံသဏ္ဌာန်ခြင်းမတူ။ ကျေးလက်ညက လရောင်ရှိသည်။ ကြယ်ရောင်ရှိသည်။

လယ်ကွင်းပြင်၊ ဖုန်းဆိုးမြေအနံ့ကို ဖြတ်ကျော်တိုက်ခတ်လာသည့် လေပြေကအေးသည်။

မြို့ပြညကတော့ ကျေးလက်ညနှင့် သွင်သွင်ခြားသွား၏။ ပြဒါးတစ်လမ်း သံဘတ်စ်လမ်း ဖြစ်သွားသည်။ မြို့ပြနေလူတန်းစားတွေက ကြယ်ရောင်၊ လရောင်ကိုမေ့နေကြပုံရသည်။

တချို့ဆို သုံးရက်လ ခုံးမျက်စကို မြင်ဖူးသူမရှိဟု ပြောရမလိုပင်။ မြို့ပြမှာက နီယွန်းမီးရောင်တွေ လွှမ်းမိုးထားသည်။

ပြောရရင် ဒီကနေ့ညက လပြည့်ည။

ဟို့ကြောင့် လရောင်က ဖြာလက်နေမည်ပင်။ သို့တစေ လရောင်က နီယွန်းမီးရောင်အောက်မှာ ပျောက်သွားသည်။ မီးတွေလင်းနေသည်။

တချို့က ဖြူလွလွ။

တချို့က ဝါကျင့်ကျင့်။

ကျွန်တော်တို့လမ်းထဲမှာ မီးရောင်တွေ ထိန်လင်းနေ၏။ မီးရောင်အောက်မှာ ကလေးတစ်ချို့ကစားနေသည်။

လိုက်တမ်းပြေးတမ်းလားမသိ။

တစ်ခုရှိသည်က ဒီနေရာမှာ ဒီကလေးတွေ နေ့တိုင်းဆော့ကစားကြသည်။ ကျွန်တော်ကိုယ်တိုင်သည် တစ်ခါမှ အရေးတယူမပြုခဲ့သလို သူတို့ကလည်း ဂရုစိုက်သည်မရှိ။

အမြဲတမ်း ဘာသိဘာသာပင်။

ဒီကနေလည်း သူတို့ကစားနေသည်ကို တွေ့သော်လည်း ကျွန်တော် ဂရုမပြု။ သူတို့ကလည်း ဂရုမပြု။

ကျွန်တော် သူတို့ ကစားဝိုင်းကို ကျော်လာသည်။

၂။

ကျွန်တော့် အိမ်ရှေ့တွင် ကုလားဖျင်းထိုးထားသည့် မီးရောင်ထိန်ထိန်လင်းနေသည်။ လူနှစ်ယောက်စ၊ သုံးယောက်စ ရှိသည်။

ကုလားဖျင်းအောက်မှာ ဖျာခင်းထားသည်။

ကျွန်တော်ချစ်သည့် ခွေးကလေး တိုးလုံးက ခြံဝမှာ အိပ်နေ၏။ ဒီကောင်က ဒီနားမှာ အိပ်နေကျ။

ဒီကောင်ကို ကျွန်တော် ဓားလှီးမုန့်ကျွေးနေကြ။ ရောသူ့ကိုမြင်မှ မုန့်ဝယ်ဖို့ မေ့သွားသည်ကို သတိရသည်။ မတတ်နိုင်တော့။ ပြန်မလှည့်ချင်တော့။

ထိုစဉ် ဦးလေးရွှေမောင် ခပ်သုတ်သုတ် လျှောက်လာသည်ကို တွေ့ရသည်။ ဘယ်သွားမလို့လဲ။

"ဦးလေး"

အနားရောက်တော့ လှမ်းနှုတ်ဆက်သည်။ သူမကြားလို့ပဲ။ လှည့်မကြည့်။

"ဦးလေး"

ဒုတိယ ထပ်ခေါ်ပြီး သူ့ကိုလှမ်းဆွဲလိုက်သည်။ လေကို လှမ်းဆုပ်လိုက်ရသလိုပဲ။ မမိလိုက်။

လှည့်မကြည့်။

ဟာ ဦးလေး ဘာအရေးကြီးသွားလဲ။ စဉ်းစားရင်း လမ်းလျှောက်လာရင်း ခြံဝရောက်လာသည်။

"ဝုတ်၊ ဝုတ်"

ကျွန်တော်လန့်သွားသည်။ တိုးလုံး ထိုးဟောင်လိုက်တာလေ။ ဒီကောင် ဘာဖွေဖောက်တာလဲ။

"ဟော့ကောင် တိုးလုံး ငါပါ"

ကျွန်တော် ရှေ့တိုးလိုက်သည်။ "ဝုတ်ဝုတ်"ဟု စူးရဲစွာဆောင်ပြီး ထိုးဟပ်မလို လုပ်သဖြင့် ကျွန်တော် တွန့်သွား၏။ ခါတိုင်း ကျွန်တော့်ကိုတွေ့ရင် အမြီးနှံ့နေသူ။

ယခု ဘယ်လိုဖြစ်သည်မသိ။

မပြောချင်ဘူး။ တိုးလုံးက ခွေးပီသသည်။ ခွေးစိတ်ပြပြီး [illegible]

ကျွန်တော် အိမ်ပေါ် လှမ်းတက်လိုက်သည်။ ညှိခန်း၌

အမေနှင့်ခင်မြိုင်ကိုတွေ့ရသည်။ နှစ်ယောက်စလုံး ကျောက်ရုပ်လို ငြိမ်သက်နေသည်။ တစ်ခုခု ထူးခြားသည်က အမေရော ခင်မြိုင်ပါ ငိုထားပုံရသည်။

ဘာဖြစ်လို့ ငိုနေကြလဲ။ ဘာလဲ။

ကျွန်တော် ခင်မြိုင်နားထိုင်လိုက်သည်။ ခင်မြိုင်က တစ်ချက်လေးမှ လှည့်မကြည့်။ ခင်မြိုင်က ကျွန်တော့်ဇနီးလေ။

"မြိုင်လေး"

ကျွန်တော် ခင်မြိုင်ပခုံးကို လှမ်းကိုင်ရင်းခေါ်လိုက်၏။ ကိုင်မရ။ လေကို ဖမ်းကိုင်ရသလိုပဲ။ ခေါ်လိုက်သော်လည်း လှည့် မကြည့်။

ထိုစဉ် အမေက ခင့်မြိုင်ကို ကြည့်ပြီး

"ခင်မြိုင် ငိုရင် ငိုလိုက်၊ ဒီလို တင်းမထားနဲ့ ငိုလိုက်"

ဟုပြောသည်။

ကျွန်တော် စိတ်ထဲမှာ ရှုပ်ထွေးသွားသည်။ ဘာဖြစ်လို့ အမေက ခင်မြိုင်ကိုအတင်းငိုခိုင်းတာလဲ။

အခါတိုင်းကဆို ခင်မြိုင် ကျွန်တော့်ကို ခြံဝကိုကြိုနေကျ။ ကျွန်တော့်ကိုမြင်လျှင် သမင်ပျိုမလေးလို မြူးကြွနေတာ။ ယခု သူ့နားကျွန်တော်ထိုင်နေသည်ကိုပင် အရေးတယူမရှိ။

"မြိုင်လေး ကိုကြီးလာပြီလေ။ မင်းဘာတွေ စဉ်းစားနေတာလဲ"

ကျွန်တော်ပြောသော်လည်း တုံ့ပြန်သံမကြားရ။ သို့သော် ထိုစဉ် ခင်မြိုင်က ငိုသည်။ ကြုံကြုံပါအောင် ငိုသည်။

"ကိုကြီး ခင်မြိုင်ကို ထားခဲ့ပြီလား။ ခင်မြိုင်ကို မခွဲဘူးဆို၊ အခု ခင်မြိုင်ဘယ်လိုနေရမလဲ"

ခင်မြိုင့်စကားသံကြောင့် ကျွန်တော် လန့်ဖြန့်သွား၏။ ဗုဒ္ဓေါ ဘယ်လိုဖြစ်တာလဲ။ ကျွန်တော်စဉ်းစားမရ။

"မြိုင်လေး မင်းဘာတွေ ပြောနေတာလဲ။ မင်းကိုကြီး က မင်းနားမှာလေ။ မင်းကို ကိုကြီးခွဲမသွားပါဘူး။ ပစ်မသွားပါဘူး"

ကျွန်တော်ပြောနေသော်လည်း သူကြားပုံမရ။ ဒုက္ခ..ဒုက္ခ။

၃။

အိမ်မှာ တဖြည်းဖြည်း လူများလာသည်။

ခင်မောင်တို့လူစုရောက်လာမှ တဖြည်းဖြည်း ဇာတ်ရည် လည်လာသည်။ ခင်မောင်က ခင်မြိုင့်အစ်ကို။ ကျွန်တော် ယောက်ဖ။ ကျွန်တော့်ကိုလည်း ချစ်သည်။

"မပြောချင်ဘူး၊ ခင်မြိုင်၊ ပြောရင် စိတ်မကောင်းဘူး။ ငါ့ယောက်ဖကြီး ကံဆိုးတာပါ။ သူကနောက်က တွယ်စီးတာ။ ရှေ့ကားနဲ့တိုက်မိပြီး ကျသွားတာ၊ နောက်ကကား အရှိန်ထိန်း နိုင်ရင် ဘာမှ မဖြစ်ဘူး။ နောက်က အရှိန်မထိန်းနိုင်လို့ နောက်

ကားရှေ့ဘီးနဲ့ နင်းမိတာ။ ပွဲချင်းပြီးပဲ။ ငါ မကြည့်ရက်ဘူး ညီမ လေးရယ်''

သူ့စကားကြားတော့ ကျွန်တော်လန့်ဖြန့်သွားသည်။ ကားတိုက်တာတဲ့။ ပွဲချင်းပြီးတဲ့။ ဘာတွေလဲ၊ ကျွန်တော် ခင်မြိုင် နားထိုင်နေတာ မတွေ့ဘူးလား။

လူတွေ ရူးနေပြီလား။ ဒါမှမဟုတ် ကျွန်တော် အိပ်မက် မက်နေတာလား။ မဖြစ်နိုင်ဘူး။ ကျွန်တော် မသေဘူး။

''ခင်မြိုင်လေး ငါမသေဘူး၊ မသေဘူး''

ကျွန်တော်ခင်မြိုင်ကိုပြောလိုက်တယ်။ ခင်မြိုင် မကြား သလိုဘဲ။ ခက်လိုက်တာ··

ထိုစဉ် ဦးလေးဝင်းကျော် ရောက်လာတယ်။ သူက ခင်မောင်ကိုကြည့်ပြီး··

''ဟော့ကောင် ခင်မောင် ဖိတ်စာရိုက်ဖို့ စီစဉ်ပြီးပြီလား''

''ကျွန်တော်စီစဉ်ပြီးပါပြီ''

''ငါ့ ပြစမ်း''

သည်တော့ ခင်မောင်က သူ့အိတ်ထဲမှ စာရွက်တစ်ရွက် ကိုထုတ်သည်။ ပြီးတော့ ဦးလေးဝင်းကျော်ကို လှမ်းပေးလိုက် သည်။

ဦးဝင်းကျော် စာရွက်ကိုယူပြီး ကြည့်လိုက်သလို၊ ကျွန်တော်လည်း ကပျာကယာထပြီး ကြည့်လိုက်သည်။

ကျွန်တော် အရမ်းကို အံ့သြသွား၏။

''ဇုဒ္ဒေါ''

ကျွန်တော် ဘာပြောရမည်မသိ။

ဖိတ်စာရိုက်ရန် အကြမ်းရေးထားသည့်စာများမှ အမည်တစ်ခုကို တွေ့လိုက်ရသောကြောင့် ဖြစ်သည်။

ထိုနာမည်ကတော့

ကိုလင်းသူ

အသက် (၃၀)နှစ်

ဟုဖြစ်သည်။

''ငါ မဟုတ်ဘူး။ ငါမဟုတ်ဘူး''

ဟု အရူးလို အော်လိုက်သည်။ ကျွန်တော်အကျယ်ကြီး အော်ပြောလိုက်ပေမယ့် မည်သူမျှကြားပုံမရ။ မကြားကြဘူးလား။

''မြိုင်လေး ငါမသေဘူး။ မင်းယောကျ်ား မသေဘူး''

ဟု ပြောသည်။ ခင်မြိုင် ကျောက်ရုပ်လို ငြိမ်သက်ပြီး၊ ကြိတ်ရှိုက်နေသည်။

ကျွန်တော် ကိုယ့်ကိုယ်ကို မကျေမနပ် ဖြစ်ခဲ့၏။ ကျွန်တော်က သူတို့အနားတွင် ရှိနေသည်ဖြစ်သော်လည်း မည်သူကမျှ အရေးတယူမရှိ။

ကျွန်တော် ကိုယ့်ကိုကိုယ် မကျေမနပ်ဖြစ်ခဲ့မိသည်။ ဆတ်ကနဲ ထပြီး အိမ်တိုင်ကို လက်သီးနဲ့ထိုးလိုက်မိသည်။

ဘယ်လိုဖြစ်တာလဲ။ နာကျင်တာလည်း မရှိဘူး။ လေကို လက်သီးနဲ့ ထိုးသလိုပဲလေ။

“မြိုင်လေး ငါမသေဘူး။ မသေဘူး။ ငါ မင်းနားမှာ ရှိနေတယ်လေ။ ငါ့ကိုငဲ့ကြည့်ပါဦး”

ပြောမိသည်။

ကျွန်တော်အရူးလိုပဲ။

ကျွန်တော့်ကို ဘာကြောင့်သေ[illegible] ခနေကြတာလဲ။ ကျွန်တော် အိပ်မက် မက်နေသလား။ [illegible] မက်လား။

“ကျွန်တော် မသေဘူး။ မသေဘူး။ မြိုင်လေး ကိုကြီး မသေဘူး”

ကျွန်တော် အော်ပြောနေမိသည်။

ဘယ်သူမှ ဂရုမပြု မကြားမိသလိုဘဲ။ ကျွန်တော် ရူးချင်လာသည် လူတွေကို ကျွန်တော် နားမလည်နိုင်တော့။

ဒါ ဘာသဘောလဲ။

အိပ်မက်လား၊ ကျွန်တော် အိပ်မက် မက်နေသလား။ အိပ်မက်လား၊ အိပ်မက်လား။

ကျွန်တော် မသေဘူး။ မသေဘူး။

စာဖတ်သူများရဲ့
ဒေဝါ

◆ ◆ ◆ ◆ ◆

အရှေ့ဘက်ကောင်းကင်



## လမ်းပေါ်က တစ္ဆေ

သင်္ချိုင်းကို ပြန်မပို့တော့
ရောက်ရာ၊ ထားခဲ့ရာနေရတယ်၊
သရဲမျက်ဖြူတို့ တစ်သိုက်ရှိတဲ့
ကုက္ကိုပင်နားထားခဲ့တော့
သူတို့က နေခွင့်မပေးတော့
အခြေအနေမဲ့ဖြစ်ပြီး လမ်းပေါ်နေရတယ်။

အရှေ့ဘက်ကောင်းကင်

၁။

ရေအိုးကို ရိုက်ခွဲလိုက်သျှည်။ ဌမ်းကနဲ အသံမကြားရ။ အိုး အစိတ်စိတ်အမွှာမွှာ ကွဲပြီးရေတွေ စင်ကုန်သည်။

လူနှစ်ယောက်က ကြေးစည်ထုသည်။

"ဒူဝေဝေ"

ဗုံခွဲ ကြေးစည်မှုးနောက်အောင်လည်နေသော်လည်း အသံမကြားရ။

ကျွန်တော့် ကြည့်ရင်း နားမလည်နိုင်အောင် ခံစားရသည်။ အိမ်ရှေ့တွင် ရပ်ထားသည့် ဘတ်စ်ကားပေါ်သို့ လူတွေ တက်ကြသည်။

ထိုစဉ် အမေနှင့် ခင်မြိုင်တို့ တွဲသူတွေနှင့် ထွက်ကသည်။ ခင်မြိုင်ကော၊ အမေကော ငိုထားသဖြင့် မျက်ခွံတွေမို့ မျက်လုံးတွေ ရဲနေသည်။

ခင်မြိုင် ငိုချင် ငိုလိုက်နော်၊ အားပါးတရ ငိုလိုက်၊ တင်း မထားနဲ့"

ဟု တစ်ယောက်က နှစ်သိမ့်သည်။

"ကိုကြီးက မြိုင်ကိုသိပ်ချစ်တာ၊ စိတ်ချတာလည်း မဟုတ်ဘူး။ မြိုင်ကိုကြီးကို တစ်သက်လုံးခွဲရပြီလား"

ခင်မြိုင် မျက်ရည်ကြား၊ ရှိုက်သံကြားမှ တိုးတိုးပြောသည်။

ကျွန်တော် ခင်မြိုင်ကို ကြည့်ရင်း စိတ်မကောင်းဖြစ်သွား သည်။

"မြိုင်လေး မင်းဘာတွေ ပြောနေတာလဲ၊ မင်းနားမှာ ကိုကြီးရှိတယ်လေ၊ မင်းဟာ ကိုကြီးဘဝပဲ။ ငင်းကို ကိုကြီး မခွဲပါဘူး"

ကျွန်တော် ခင်မြိုင်နားကပ်ပြောသည်။ ခင်မြိုင်က ကျွန်တော့်ကို မသိသလိုဘဲ၊ ကျွန်တော်ပြောနေတာလည်း မကြား သလိုပဲ။

ဘာတွေလဲ၊ ဘာတွေဖြစ်နေလဲ။

၂။

အမေနဲ့ ခင်မြိုင် ကားပေါ်တက်သွားပြီ။ ယင်းကဲ့သို့ပင် ကားတွေလည်း ထွက်သွားပြီ။

ကျွန်တော် တွေတွေရပ်ကြည့်နေရာမှ နောက်ဆုံးကား ထွက်လျှင် ပြေးတက်လိုက်၏။ ကားပေါ်မှ လူတွေထိုင်နေသဖြင့် ကျွန်တော်နေရာမရ။ ကိစ္စမရှိပါဘူး။

ကျွန်တော် ခင်မြိုင့်ကို စိတ်မချသဖြင့် လိုက်ခဲ့သည်။ လူတွေက ယပ်တောင်ကလေးတွေ ကိုယ်စီနဲ့။

တချို့က ယပ်ကလေး ခပ်ကာ ခပ်ကာ။

တချို့က တီးတိုးစကားပြောလို့။

သည်လိုနှင့် ကားက သင်္ချိုင်းမြေကို ရောက်လာသည်။

ချိုးကွေ့လိုက်သည်နှင့် ကားတို့ လီဘာမြှင့်မောင်းသည်။

သင်္ချိုင်းရှိကားများ ရပ်ရာနေရာသို့ရောက်လျှင် ကားတွေ ရပ်သည်။

ကားတွေရပ်လျှင် လူတွေ ပြေးဆင်းကြသည်။

၏ကျွန်တော်လည်း ဆင်းခဲ့သည်။

လူတွေနောက်သို့ ကျွန်တော်လိုက်ခဲ့သည်။ သင်္ချိုင်း။ ဇရပ်တွေကလည်း တန်းစီးနေ၏။

မှန်သည်။ မြို့ပြသင်္ချိုင်းက ခေတ်မီသည်ဟု ပြော မလား။ လူသွားစကြ်န်ဘေးတစ်ဖက်တွင် ခန်းမတွေရှိသည်။ နံပါတ်တွေနဲ့။

ခန်းမ (၂)ဟူ၍ ရေးထားသည့်ခန်းမကျယ်ကြီးထဲသို့ ကား ပေါ်မှ လူတွေ ဝင်သွားကြသည်။

ခန်းမရှေ့ရောက်တော့ ကျွန်တော်ခြေလှမ်းတို့ တုံ့ဆိုင်း သွား သည်။ ခန်းမဝတွင် ချိတ်ဆွဲထားသည့်ဆိုင်းဘုတ်ကြောင့် ဖြစ်သည်။

"ကိုလင်းသူ"

အသက် (၃၀)နှစ်

လာပြန်ပြီဟု တွေးလိုက်မိသည်။ ဘာကြောင့်နာမည် ရောအသက်ရောတူနေတာလဲ။

ကျွန်တော် သက်ပြင်းချပြီး ခန်းမတွင်းသို့ဝင်လိုက်သည်။

ခန်းစော ကျယ်သည်။

ခန်းမခေါင်းရင်း၌ ပန်းခွေတွေနှင့် အလောင်းစင်ရှိသည်။ လူတွေက ကုလားထိုင်တွင် ထိုင်သူ၊ ထသူနှင့်။

တချို့စကားပြောနေ၏။

အချို့က ငူငူငိုင်ငိုင်…

ကိုကြီး မြိုင်လေးကို စိတ်မချဘူးဆို။ ခုမြိုင်လေး ဘယ်လို နေရမလဲ။ ကိုကြီး မြိုင်လေးကို ကြည့်ပါဦး''

ဟု အော်ဟစ်ပြောကာ ငိုနေသည့် ခင်မြိုင့် အသံကြားရသည်။

ထို့ကြောင့် ကျွန်တော် ကပျာကယာ ခင်မြိုင်အနားကို သွားသည်။ ခင်မြိုင်က အလောင်းစင်နားတွင် ငိုနေခြင်းဖြစ်၏။

ကျွန်တော် ခင်မြိုင်နားရောက်တော့ အလောင်းစင်မှ အလောင်းအား သေတ္တာတွင် ထည့်နေပြီ။

''ကိုကြီး မြိုင်လေးကို ကြည့်ပါဦး။ မြိုင်လေး ဘယ်လို ဖြေရမလဲ''

ခင်မြိုင်က ခေါင်းတလားကို ပုတ်ပြီး ငိုနေ၏။ ကျွန်တော် ဘာပြောရမည်မသိ။

ကျွန်တော်ခင်မြိုင်နားသို့ရောက်လျှင် စိတ်ပျက်လက်ပျက်နှင့် ခေါင်းတလားတွင်းသို့ ကြည့်လိုက်၏။

''အမလေး''

ကျွန်တော် လန့်သွားသည်။

ကျွန်တော့်ခန္ဓာကိုယ် ကျောက်ရုပ်လို တောင့်တင်းကြီး ဖြစ်သွားသည်။ အခြားအကြောင်းမဟုတ်။ ခေါင်းတလားထဲမှ ပုဂ္ဂိုလ်က ကျွန်တော်နဲ့ တစ်ပုံစံတည်းဖြစ်နေသည်။

လောက၌ လူတူမရှား၊ နာမည်တူမရှားဟု ရှိသည်။ ဒီလို နာမည်ကော လူကော တူသူရှိသလား။

လူတွေကကော ခေါင်းတလားထဲမှ လူသည် ကျွန်တော် ဟု ထင်နေသလား။

မဟုတ်ကြောင်း ရှင်းပြချင်သည်။

ရှင်းခွင့်မရ။

ကျွန်တော်ကိုလည်း လူတွေက ဂရုမထားကြတော့။

"သေပြီဆိုတဲ့လင်းသူဟာ လင်းသူတစ်ယောက်၊ လင်းသူ အစစ်က မသေဘူး။ မသေဘူး။"

ဟု ကမ္ဘာကြီး တုန်ဟီးသွားအောင် ပြောလိုက်ချင်သည်။ ပြောခွင့်မရ။

ကျွန်တော်ကမူ သိနေ၏။

ကျွန်တော် မသေဘူး။

ကျွန်တော် မသေဘူး။

◆ ◆ ◆ ◆ ◆

၃။

ကျွန်တော် မသေပါ။

ကျွန်တော်အတွက် ထမင်းဟင်းဆိုလည်း ခင်မြိုင်က အဆင်သင့်စီစဉ်ပေးသည်။ လက်မတင်ကလေးစားလိုက်ရုံပင်။ ပြီးတော့ ကျွန်တော် ကြိုက်သည့် ဂျိုးသိန်း ဆေးလိပ်လဲ အဆင်သင့်။

ပြီးတော့ ကျွန်တော် ခင်မြိုင့်အနားတွင် နေခွင့်ရသည်။ ခင်မြိုင် မျက်နှာလေးတစိမ့်စိမ့် ကြည့်နေနိုင်၏။

တစ်ခုထူးခြားသည်က ကျွန်တော်နှင့်ခင်မြိုင် သူစိမ်းလို ဖြစ်နေသည်။ နီးလျက် ဝေးနေသည်။

ဒါကလည်း လွဲမှားမှုတစ်ခုခုကြောင့်ဖြစ်မည်။ အချိန် စောင့်ရမည်။

ထို့ကြောင့် ကျွန်တော် ပေါ့ပါးစွာနေခဲ့သည်။

ဟုတ်သည်လေ၊ ကျွန်တော်သေသည်ဆိုလျှင် ဒီလိုနေလို့ ရမလား။ ကျွန်တော်အိမ်ကိုလည်း ကျွန်တော် တံခါးမရှိ ဓား မရှိ ဝင်လို့ထွက်လို့ရသည်။

တားမည့်သူမရှိ။

သို့တစေ တစ်နေ့နံနက်တွင်မှ ကျွန်တော့်စိတ်ထဲ အနှောင့် အယှက်ဖြစ်သွားသည်။ အခြားသူမဟုတ်။ ကျွန်တော့်မေ့ကနဲ အိပ် ပျော်သွားသည်။

"ကိုကြီးရေ မြိုင်လေးတို့နဲ့ တရားနာဖို့လာခဲ့ပါ"

ဆိုတဲ့ ခင်မြိုင်ရဲ့နှိုးဆော်သံပဲ။ နှိုးဆော်သံက ငိုသံစွက်တဲ့ နှိုးဆော်သံလေ။

ကျွန်တော် တရားအတူနာခဲ့တာကြောင့် ကျွန်တော့်ကို ဘာကြောင့် သေလူလို့ ပြောနေကြတာလဲ။ ဘာပဲဖြစ်ဖြစ် ကျွန်တော် တရားနာခဲ့တယ်။ အမျှဝေသလို သာဓုခေါ်ခဲ့၏။

ကုသိုလ်ကောင်းမှုဆိုတာ ပြုသင့်တာမို့ ကျွန်တော် မငြင်းပါဘူး။

သို့ပေမယ့် အဲဒီညမှာတော့ ကျွန်တော်ကြေကွဲသွားခဲ့ရသည်။ သည်ညက ကျွန်တော်အိမ်ပေါ်သို့အတက် ဆောင့်တွန်းသလို ခံလိုက်ရသည်။

"အို"

ကျွန်တော် ဆက်ကနဲ မတ်လိုက်သည်။

ထိုစဉ် ပြိုးပျက်သောကိုယ်ရောင်နှင့် ပုဂ္ဂိုလ်က

"အသင်ကို ဝင်ခွင့်မပြုနိုင်တော့ဘူး။ သင်က ပရလောကသားဖြစ်သွားပြီမို့ ဒီအိမ်ကို ဝင်ခွင့်မပြုနိုင်တော့ဘူး။ သင်သွားလို ရာသွားတော့"

"ကျွန်တော် တောင်းပန်ပါတယ်။ ကျွန်တော်ဒီအိမ်ရှင်ပါ။ ခင်မြိုင်ခင်ပွန်းပါ။ ကျွန်တော် ဝင်ပါရစေ"

"အသင် သွားတော့ သင်တို့က ဘဝခြားသွားပြီမို့

ခွင့်မပြု နိုင်တော့"

"ဗျာ"

ကျွန်တော် စူးနစ်သလို ခံစားလိုက်ရသည်။ ကျွန်တော် အကြိမ်ကြိမ် ခွင့်ပန်သော်လည်း အသနားခံခဲ့သော်လည်း ခွင့်မပြု တော့။

ရက်စက်စွာ အနှင်ခံခဲ့ရ၏။

"ဘဝခြားပြီမို့ ခွင့်မပြုနိုင်တော့။ သွားတော့။ သွား တော့"

သည်တော့မှ ကျွန်တော့်ကိုယ် ကျွန်တော် သိခဲ့သည်။

ကျွန်တော် သေခဲ့ပြီပဲ။

"နောက်ကားက ကြိတ်သွားတာ ပွဲချင်းပြီးပဲ"

ချစ်ဇနီးကိုလည်း ထားခဲ့ရပြီ။

ကျွန်တော် ဆို့နစ်သလို ခံစားခဲ့ရသည်။ လွမ်းရပြီ။ လွမ်း ခဲ့ရပြီ။

ဒါကို မြိုင်လေး သိမည်မဟုတ်။

"မြိုင်လေးရယ် မင်းကို ကိုကြီးမထားခဲ့ချင်ပါဘူး။ ဒါပေမယ့် ဘဝခြားပြီမို့ ထားခဲ့ရပြီ။ ထားခဲ့ရပြီပေါ့ကွယ်"

စာဖတ်သူများ၏

ဒေဝါ

♦ ♦ ♦ ♦ ♦



## တစ္ဆေအလွမ်း

သေပြီဆိုတော့ ဘဝခြားခဲ့ပြီပဲ
ချစ်ဇနီးကိုလည်း ထားခဲ့ရပြီ
လွမ်းရပြီ၊ လွမ်းခဲ့ရပြီ
ဒါကိုမြိုင်လေး သိမည်မဟုတ်၊
ဘဝခြားပြီမို့ ထားခဲ့ရပြီ

အရှေ့ဘက်ကောင်းကင်

၁။

တစ္ဆေအကြောင်း သုတေသနပြုမှ တစ္ဆေတွေရဲ့ဘဝကို အခြေခံနဲ့ ဘဝအခြေမှန်ကိုသိနိုင်တယ်။

လူသားတွေမှာ လူသားဘဝဆိုတာ ရှိသလို တစ္ဆေ၊ သရဲ ဆိုတဲ့ အပါယ်လေးဘုံသားတွေမှာလည်း ဘဝတွေရှိတယ်။

တစ္ဆေ၊ သရဲဆိုတော့ ပြောရရင် ပြိတ္တာမျိုးနွယ်စုတွေပဲ။ ပြိတ္တာ၊ သရဲ၊ တစ္ဆေဆိုဟာ စွဲလန်းမှုကြောင့်ဖြစ်ရသလို အကုသိုလ် အကျိုးကြောင့်ဖြစ်ရတာလည်းရှိတယ်။

ဘာပဲဖြစ်ဖြစ်၊ ပြိတ္တာ၊ တစ္ဆေ၊ သရဲဆိုတော့ ချမ်းသာခြင်းကင်းတဲ့ ဘဝပိုင်ရှင်တွေပဲ။

အစားဆင်းရဲတဲ့ဒုက္ခကြုံရတယ်။ နေစရာ မပြည့်စုံတဲ့ ဆင်းရဲဒုက္ခခံစားရတာလည်း ရှိတယ်။

တချို့ သရဲ တစ္ဆေတွေဟာ သဘာဝပင်၊ ကျောင်းပျက်၊ ဇရပ်တွေမှာ နေရသလို၊ တချို့ သရဲ တစ္ဆေတွေက အိမ်မရှိ၊ ယာမရှိတဲ့လူတွေကို လမ်းပေါ်မှာ နေရတာလည်းရှိတယ်။

ဒီနေရာမှာ အကြောင်းတိုက်ဆိုင်ကြလို့ ကျုပ်ရဲ့ ကိုယ်တွေ့ တစ္ဆေအကြောင်းတွေထဲက တစ္ဆေနဲ့ပတ်သက်တဲ့အကြောင်းကလေးတစ်ခုကို ပြောပြချင်ပါတယ်။

ကျုပ် ဗီဒီယိုလောကမှာ ကျင်လည်စဉ်ကအကြောင်းပေါ့။

တိတိကျကျ ပြောရရင် သေသွားတဲ့ ဒါရိုက်တာ ဇော်မင်းထက်နဲ့ ကျုပ်တွဲစဉ်ကဆိုပါတော့။ "ရိုးမမြေပဟောက်" ဆိုတဲ့ ကားရိုက်စဉ်ကပေါ့။

ဒီတုန်းက ကျုပ်က ရိုက်ကွင်းဇာတ်ညွှန်းရေးတယ်။

ကိုးမိုင်သင်္ချိုင်းမှာလေ။

သေသွားတဲ့ မိဘတွေရဲ့ မြေပုံကလေးကို မင်းသားရှိုင်း လင်းလာကန်တော့တဲ့ အခန်းရိုက်ကွင်းပေါ့။

ညနေ လေးနာရီလောက်က စရိုက်ပြီး ညနေ ခြောက်နာရီလောက် ရိုက်ကွင်းပြီးတယ်။

ဗမာလိုပြောရရင် နွားရိုင်းသွင်းချိန်ပေါ့။ မှောင်စပျိုးနေပြီ။

ကျုပ်တို့ ရိုက်ကူးရေးအဖွဲ့တွေ ပြန်တော့ သင်္ချိုင်းက သရဲတစ်ကောင်ပါလာတာ ကျုပ်တို့မသိဘူး။

ဒီသရဲဘယ်လိုလိုက်လာတယ်ဆိုတာ မသိပေမယ့် မင်းသား ရှိုင်းလင်းအိမ်ရောက်တော့ ဒီသရဲက စက်သမားတစ်ယောက်ကို ဝင်ကပ်တော့တာပဲ။

ဟီးဟီး ဟဲဟဲနဲ့ သရဲဇာတ်ပြလာတယ်။

"မင်း ဘယ်သူလဲ"

ဒါရိုက်တာ ဇော်မင်းထက်က မေးတော့

"အမဲသားနဲ့ ထမင်းစားချင်လို့ ကိုးမိုင်သင်္ချိုင်းက လိုက်လာတာ။ ဆာတယ်၊ အမဲသားနဲ့ ထမင်းကျွေးပါ"

လို့ပြောတယ်။

သရဲ၊ တစ္ဆေတွေဟာ ဆာလောင်မွတ်သိပ်လွန်းရင် လူတစ်ယောက်ယောက်ကို ဝင်ပူးကပ်တတ်တာ ဓမ္မတာပဲ။

"မင်းဆာလို့ကျွေးလိုက်ပြီးမှ မင်းက ဒီအိမ်မှာ ဒုက္ခပေးနေ ဘယ်လိုလုပ်မလဲ"

"ငါ ကပ်မနေဘူး။ စားပြီးရင်သွားမှာပါ"

ဒီတော့ ကြီးကြီးက ဒါဆိုလည်း ကျွေးလိုက်ပါ ဆရာရယ်၊ တကယ်ဆာလို့နေမှာပါဆိုပြီး ဆိုင်က အမဲသားဟင်းဝယ်ပြီး ထမင်းနဲ့ ရောနယ်ပြီး ကျွေးတယ်။

စားတာမှ တကယ်အငမ်းမရဘဲ၊ ဒီလို စားပြီးတယ်ဆိုကိုဇော်မင်းက သရဲပူးခံရတဲ့ စက်သမားကို သိမ်ဝင်ပုတီးနဲ့ စွပ်လိုက်တော့ ထွက်သွားတယ်။

၂။

အဲဒီလိုပဲ ဝိညာဉ်ကပူးကပ်ပြီး ရာဇဝတ်မှုတစ်ခု ပေါ်ပေါက်ဖူးတာရှိတယ်။

မိန်းကလေးက မုဒိမ်းကျင့်သတ်ခံရတာ၊ သူတို့အရပ်ကို အလည်လာတဲ့ ညှော့်သည်ကို ပူးကပ်ပြောလို့ အမှုပေါ်ပေါက်ခဲ့တာလည်းရှိတယ်။

ဒါလည်း ကျွန်တော် ရေးခဲ့ဖူးတယ်။

ယခုလည်း သရဲပူးခံရသူတစ်ယောက်အကြောင်း ပြော

ချင်တယ်။

ဒါကျုပ်အညာကိုရောက်တုန်းက ကြုံခဲ့တဲ့အကြောင်းပေါ့။ ကျုပ်နဲ့အဖော်လိုက်သူကို သရဲက ဝင်ပူးကပ်တာ။

ပြောရရင် ကျုပ်တို့ ရွာဦးကျောင်းဆရာတော်ကို ဖူးမြော်ပြီးအပြန် ရွာလမ်းအရောက်မှာ အဖြတ်မှာပူးကပ်ခံရတာဖြစ်မယ်။

ထူးတော့ ထူးတယ်ဗျ။

ရွာက ရွာတန်းရှည်ကြီးဗျ။ ကျုပ်တို့ရွာလမ်းအတိုင်း လျှောက်လာရင်း၊ ကျုပ်အဖော် ရွာသားစိန်လင်းဟာ လမ်းလျှောက်လာရင်း တဟင်းဟင်း၊ တဟဲဟဲဖြစ်ပြီး ပြေးထွက်သွားတယ်။

"စိန်လင်း ဟေ့ စိန်လင်း ဘာဖြစ်တာလဲ"

ကျုပ်နားမလည်နိုင်အောင်ဖြစ်သွားတယ်။ သူ့နာမည်ကို ခေါ်ရင်း သူနောက်ကို ပြေးလိုက်ဖြစ်တယ်။

သူလှည့်မကြည့်ဘူး။

ရွာလယ်က အရီးမြတို့ခြံထဲကို စွတ်ဝင်ပြေးသွားတယ်။ ခြံထဲရောက်တော့ အိမ်ထဲထိ ပြေးဝင်သွားပြီး။

"ဟီးဟီး ကျွန်တော့်ကို ကယ်ပါဦး၊ ကျွန်တော့်ကို ကယ်ပါဦး"

လို့ပြောတယ်။ အိမ်ထဲက အရီးမြတို့မိသားစု ဝရုန်းသုန်းကားနဲ့ ပြေးထွက်ပြီး စိန်လင်းနားဝိုင်းရုံရောက်လာတယ်။

"ဟဲ့ ဟဲ့ စိန်လင်း ဘာဖြစ်တာလဲ"

ဟု တွန်းရင်း မေးတယ်။

"ဟဲ့ စိန်လင်း ဒီကောင်လေး ဘာဖြစ်လာဖြစ်လဲ။ မကောင်းဆိုးရွားကပ်လာတာလား"

လို့ ပြောတယ်။

စိန်လင်းက အသံညြညြကြီးနဲ့ ကျွန်တော် သန်းမောင်ပါ အရီးမြ၊ ထွန်းအောင်တို့ ကျွန်တော့်ကို လမ်းပေါ်မှာ ပစ္စလက္ခ ပစ်ထားခဲ့ကြလို့ ကျွန်တော်အခု ဒုက္ခရောက်နေပါတယ် ဟု ပြောသည်။

စိန်လင်းအသံအဟုတ်။

ဟန်မောင်ဆိုသဖြင့် လူတိုင်းကြောင်စီစီဖြစ်ဖြစ်ကုန်သည်။

စင်စစ် ဟန်မောင်က လွန်ခဲ့သည့် ဆယ်ရက်လောက်က ဆုံးတဲ့သူ။ ရက်လည်သွားသည်မှာပင် မကြာလှသေး။

ပြီးတော့ သန်းမောင်က ဒီရွာသားမဟုတ်။ ဒီရွာကို အလည်လာရင်း ပိုးထိဆုံးသွားသူမှန်းသိရသည်။

သည်တော့ စပ်စုတတ်တဲ့ကျုပ်က ဒါထက်နေပါဦး ကိုဟန်မောင် ခင်ဗျားကို ကိုထွန်းအောင်တို့က ဘယ်လို ပစ္စလက္ခ ပစ်ထားခဲ့ကြတာလဲ။

"ဒါဆို ကျုပ်ရှင်းပြပါမယ်။ ကျုပ်ကို ထွန်းအောင်တို့ပဲ အသုဘပို့ပြီး သင်္ချိုင်းက ခေါ်လာတော့ ရက်လည်ကို ကျုပ်ကို

ပြန်ပို့ဖို့ကြတော့ သင်္ချိုင်းထိ ပြန်ပို့ရမှာကို သင်္ချိုင်းအထိ ပြန်မပို့ဘဲ ရွာထိပ်က ဂုက္ကိုပင်မှာ ပစ်ထားခဲ့တယ်။ သူတို့က သင်္ချိုင်းပြန်မပို့တော့ ရောက်ရာ ထားခဲ့ရာမှာပဲ နေရတယ်။ ကျုပ်သင်္ချိုင်းပြန်မရောက်တော့ သင်္ချိုင်းသခင်မကလည်း အသိအမှတ်မပြုဘူးလေ။ ကျုပ်တို့လောကမှာလည်း ပိုင်[illegible]ကဆိုတာရှိတယ်။ သင်္ချိုင်းပြန်ပို့ရင် သင်္ချိုင်းရှင်မအရိ[illegible] စီစဉ်ပေးရင် အဆင်ပြေတယ်။

အခုသင်္ချိုင်းပြန်မပို့ဘဲ ကြုံ[illegible]ကျုပ်မှာဒုက္ခပေါ့။ ထားခဲ့ရာမှာနေရတယ်။ ထွန်း[illegible]ခဲ့တဲ့ကုက္ကိုပင်မှာတော့ သရဲမျက်ပြူးတို့တသိုက်ရှိ[illegible]ဉ့်က ကျုပ်ကိုနေခွင့်မပေးဘူး။ ဒါကြောင့် ကျုပ်မှာ အခြေမဲ့အနေမဲ့ဖြစ်ပြီး လမ်းဘေးနေနေရတယ်။ ကျုပ်ကို ကူညီကြပါ။ ကျုပ်ကို သင်္ချိုင်းသခင်မဆီ ပြန်ပို့ပေးပါ။

ဟုတောင်းဆိုသည်။ ဦးကြီးကျော်ရင်က ကောင်းပြီးဟန်မောင် ငါ ထွန်းအောင်တို့ခေါ်ပြီး မနက် သင်္ချိုင်း ပြန်ပို့ခိုင်းလိုက်မယ် ဟု ပြော၏။

ထို့နောက် သရဲထွက်သွားသည်။

၃။

နောက်တစ်နေ့မနက် ဦးကြီးကျော်ရင်က ထွန်းအောင်တို့ကို ခေါ်ပြီးမေးတော့ ညက သရဲဝင်ပူးပြောသည့်အတိုင်း ရွာထိပ်

ကုက္ကုပြင်ခြောက်မှာ ထားခဲ့ကြောင်း ပြောသဖြင့် ယူပြီး သင်္ချိုင်းကို ပို့ခိုင်းသည်။

ပြီးမှ ဦးကြီးကျော်ရင်က

"ဒါက တကယ့်ကိုသေမှုရေးရာကိစ္စမှာ သတိထားရမယ့် ကိစ္စပဲ။ သေသူကို သင်္ချိုင်းမှာ မြှုပ်နှံပြီးရင် သေသူဝိညာဉ်ကို အိမ်ပြန်ခေါ်တာ ခဏပဲ။ သစ်တစ်ခက်၊ ခဲတစ်လုံးကို သေသူကိုယ်စားသေသူ့အမည်နဲ့ယူလာပြီး ရက်မလည်မချင်း အိမ်မှာ ကျွေး မွေးရတယ်။ ရက်လည်ပြီးရင် ပြန်ပို့ရတယ်။ ဒါမှ သူ့အတွက် အဆင်ပြေမှာလေ။ မကျွတ်မလွတ်ပဲ သရဲတစ္ဆေ ဖြစ်နေသူတွေက သင်္ချိုင်းသခင်မက ထိန်းကျောင်းထားရတာ။ ဒါကို သရဲတစ္ဆေစည်းကမ်းလို့ ခေါ်မလားပဲ။

ဒါပေမယ့် ဒီကနေ့ လူတွေက အစဉ်အလာကို ထိန်းသိမ်း စောင့်ရှောက်မှုမရှိဘူး။ ခေါ်လာတဲ့ သေသူဝိညာဉ်ကို သင်္ချိုင်းအထိ ပြန်မပို့ဘဲ ကြုံရာမှာထားခဲ့တော့ လမ်းပေါ်မှာ သရဲတစ္ဆေ အဖြစ်နေရတယ်"

ဟု ရှင်းပြတယ်။

လူ့ဘုံလူ့ဘဝတွင် လူစည်းကမ်းရှိသကဲ့သို့ သရဲတစ္ဆေလောက၌လည်း သရဲတစ္ဆေ စည်းကမ်းရှိမည်။

သရဲတစ္ဆေတွေက လူတွေလို မဟုတ်။ ကိုယ်ဘာသာကိုယ် ဖမ်းစားလို့မရ။ ဒါကြောင့် လူတွေက အသိနှင့် စီစဉ်ဖို့

တာဝန်ကျေဖို့လိုသည်။

ဝိညာဉ်ကို သင်္ချိုင်းမှာခေါ်လာလျှင် သင်္ချိုင်း ပြန်ပို့ပေးရမည်။

သေဆုံးသူ ဝိညာဉ်တွေကို သင်္ချိုင်းသခင်မက စီစဉ်သည်ဟူသည့်စကားကို ဥပေက္ခာပြု၍ မရပေ။

◆ ◆ ◆ ◆ ◆



# လိပ်ပြာခွဲတဲ့နေ့

ကိုကိုမျက်နှာညှိုးသွားသည်ကိုတွေ့ရတယ်
အေးကြည်မစိတ်မကောင်း
ကိုကိုရယ် အေးကြည်မ ဘယ်လောက်ခံစားရတယ်ဆိုတာ ကိုကိုသိစေချင်ပါတယ်။ ကိုကို့ကို မယုံလို့မဟုတ်ဘူး။
သားအနာဂတ်အတွက်၊ကိုကိုလွတ်လပ်စေချင်တဲ့အတွက် အမေ့ဘက်ကို အလေးသာပေးလိုက်တာပါ။
အေးကြည်မကို ခွင့်လွှတ်ပါ။

အရှေ့ဘက်ကောင်းကင်

၁။

ဒီကနေ့ ကျွန်မရင်နာရတဲ့။ အသည်းကျွမ်းရတဲ့နေ့လေး။

ဒီကနေ့က ရက်လည်တဲ့နေ့ဖြစ်လို့ ကျွန်မဒီအိမ်ပေါ်က ဆင်းရတော့မယ်။ ဒီအိမ်ဟာ ကျွန်မယောကျ်ားရဲ့အိမ်၊ ကျွန်မ အိမ်ဖြစ်ပေမယ့် ပိုင်ရာဆိုင်ရာတွေက ဘဝခြားသွားပြီမို့ ကျွန်မ ကို ခွင့်မပြုကြတော့ဘူး။

ကျွန်မရဲ့ခင်ပွန်းနဲ့ ကျွန်မသားကို မခွဲချင်ဘူး။ ဒါပေမယ့် ဘယ်လိုမှတွယ်ကပ်နေလို့မရတော့ဘူး။

အရင်က ကျွန်မခင်ပွန်း၊ ကျွန်မသားက ကျွန်မနဲ့ ဘဝတူ ဖြစ်ခဲ့ပေမယ့် အခု ဘဝမတူတော့ဘူး။ သူတို့က လူသား၊ ကျွန်မ က ပရလောကသား။

ဘဝခြားနေပြီလေ။

မလွဲသာလို့ခွဲရပေမယ့်။ ကျွန်မသားကို စိတ်မချဘူး။ သားကလူမမယ်ပဲ ရှိသေးတာ။ သူ့အဖေက သူ့သားကို သိပ်ချစ် တယ်ဆိုတာ ကျွန်မသိပါတယ်။

ကျွန်မခင်ပွန်းကို ကျွန်မ ယုံချင်တယ်။ ခက်တာက သူ က ယောကျ်ား၊ အရွယ်လည်းရှိသေးတယ်။ သူ ကျွန်မ မရှိတော့တဲ့ နောက် တစ်ပင်လဲမှ တစ်ပင်ထူလို့ မပြောနိုင်ဘူး။

သူတစ်အိုးတစ်အိမ်ထူထောင်ရင်လည်း အပြစ်ပြောလို့ မရဘူး။ သူက အသွေးအသားနဲ့လူလေ။ သူ့မှာ ခံစားမှုရှိတယ်။

ပြီးတော့ သူ့အတွက် ဆေးပေးမီးယူလည်းရှိရဦးမယ်။

ယောကျ်ားဆိုတာ ဘယ်လောက်အသက်ကြီးကြီး ကလေးပဲဆိုတဲ့ စကားကိုမေ့လို့မရဘူး။ ယောကျ်ားဆိုတာ ယုယကြင်နာမှုကို အမြဲမွတ်သိပ်နေသူလေ။ အပြစ်တင်လို့မရဘူး။

၂။

သရဲထိပ်နီတို့က အေးကြည်မ နင့်သားကို နင်မခွဲနိုင်ရင် နင်လိပ်ပြာနုတ်ယူလိုက်၊ နင့်မှာ ယူပိုင်ခွင့်ရှိတယ်ဟု ပြောသည်။

"ဟုတ်တယ် ငါ့သားကို ငါပစ်မထားနိုင်ဘူး။ ငါစိတ်မချဘူး။ ခု စဉ်စားပြီး လိပ်ပြာနုတ်ယူမယ် စဉ်းစားမိသလို မိမိ အကြံမမှန်ဟု အသိဝင်လာသည်။ မှန်သည်။ လူ့ဘဝတို့မည်က ရခဲလှသည်။ သားက ရလဲလှသည့်လူ့ဘဝရခဲ့ပြီမို့ လူပီသစွာနေ သင့်သေးသည်။

သားကို မိခင်ကောင်းပီသစွာ လူဖြစ်ခွင့်ပြုရမည်။ အခုအခါ သာသနာပကာလမဟုတ်။ သားက ဒါနအမှု၊ သီလအမှုပြုပြီး လောကချမ်းသာခံစားခွင့်ရရဦးမည်။

သားကသားကောင်းပီပီ အမိအတွက် ဒါနပြုအမျှဝေလျှင် မိမိသာဓုခေါ်ခွင့်ရမည်။ မိမိကျွတ်လွတ်နိုင်မည်။

ကျွန်မက သားကိုချစ်သဖြင့် သားအတွက် အများကြီးစဉ်းစားရသည်။

"အေးကြည်မရယ် မင်းမရှိတော့တဲ့နောက် သားဟာ ကိုကို့အတွက် အလိုအပ်ဆုံးပါ။ မင်းကိုချစ်တဲ့အချစ် သားကိုချစ်တဲ့အချစ်၊ အချစ်နှစ်ခုနဲ့ သားကို ကိုကိုချစ်မှာပါ"

ဘဝခြားနေပေမယ့် ကိုကို့စကားတွေကို ကျွန်မ ကြားနေရသည်။ မိမိက ကိုကို့ကို ပုံချစ်ခဲ့သလို ကိုကို့ကို ယုံပစ်ချင်သည်။

သို့သော် ကျွန်မဝေခွဲမရသေး။

ထို့အတူ ကျွန်မပြတ်သားစွာ ဆုံးဖြတ်ရမည်ဟု သိလာခဲ့သည်။

အချစ်တစ်ခုတည်းနဲ့ ဆုံးဖြတ်မရဟု ပိုသိခဲ့ပြီ။

၃။

ဒီကနေ့က ရက်လည်နေ့။

မနက်က ကိုကိုနဲ့မေမေတို့က ကျွန်မအတွက် ရက်လည်ဆွမ်းသွပ်ပြီး၊ နေ့ခင်းပိုင်း သားအဲတွက် လိပ်ပြာခွဲဖို့ စီစဉ်ကြပြီ။

ကျွန်မ မရှိတော့သည့်နောက် သားကို ကိုကိုက မွေးမြူရန် ကြိုးစားခဲ့သလို၊ အမေကလည်း သားသမီးအချစ် မြေးအနှစ်ဆိုသည့်စကားနှယ် မြေးကလေးကို မွေးမြူခွင့်လိုချင်သည်။

အမေက

"မောင်မျိုး သား အခုဆို သမီးကလည်း မရှိတော့ဘူး။ အမေတို့သားတို့က သမီးကိုချစ်ပေမယ့် ဘဝခြားသွားသလို မြေးကလေးနဲ့သမီးကလည်း သားအမိဆိုပေမယ့် ဘဝခြားနေပြီမို့

ငါတို့ အနေနဲ့ မြေးကလေးနဲ့သမီးကို သံယောဇဉ်အမျှင်မပြတ်တဲ့ဘဝမျိုး မရှိစေချင်ဘူး။ သံယောဇဉ်ကြောင့် သမီးလေး မပူလောင်စေချင်ဘူး။ ဒါကြောင့် မြေးကလေးအတွက် ငါတို့ လိပ်ပြာခွဲရမယ်။ သမီးဆန္ဒအရ သားက မြေးကလေးကို မင်းနဲ့ ထားချင်တယ်ဆို လည်း အမေမကန့်ကွက်ဘူး။ အမေနဲ့ထားချင်တယ်ဆိုလည်း မင်း မကန့်ကွက်စေချင်ဘူး။

ဟု ပြောသည်။

ခင်ပွန်းသည် ကိုကိုကလည်း အမေကောင်းသလို စီစဉ်ပါ။ အေးကြည်မ သံယောဇဉ်ကြောင့် မကျွတ်မလွတ်တဲ့ဘဝမျိုးလည်း မရောက်စေချင်ဘူး" ဟုလည်းပြောသည်။

အဲဒီလိုနဲ့ လိပ်ပြာခွဲတဲ့အစီအစဉ်ကို ရိုးရာအစဉ်အလာအတိုင်းလုပ်ကြတယ်။

လိပ်ပြာခွဲတဲ့အစီအစဉ်မှာ တချို့က ဘဲဥနဲ့လိပ်ပြာခွဲကြသလို၊ တချို့က လိပ်ပြာနဲ့ လိပ်ပြာခွဲကြတယ်။

အမေကတော့ ချိန်ခွင်နဲ့ လိပ်ပြာခွဲတဲ့အစီအစဉ်ကို သုံးခဲ့တယ်။

ပြောရရင် လိပ်ပြာခွဲတဲ့နေ့က ရင်နာရတဲ့နေ့၊ ရင်နင့်ရတဲ့နေ့လို့ ဆိုရှင်မမှားဘူး။

ကြည့်လေ လိပ်ပြာခွဲတဲ့အစီအစဉ်စပြီ။

ချိန်ခွင်ကို ကြိုးနဲ့ချည်ပြီး ချိန်ခွင်ခွက်နှစ်ခုမှာ တစ်ဖက်

က ကလေးအင်္ကျီထည့်ပြီး တစ်ဖက်က အေးကြည်မအင်္ကျီထည့်ရတယ်။

အဝတ်အစားအညီ ထည့်ရတယ်။ ချိန်ခွင်လျှာအသ်ဘက်မှ မစောင်းရဘူး။ ညီနေရတယ်။

ဒီအချိန်မှာ အမေက

''သမီးအေးကြည်မရေ သမီးနဲ့မြေးကလေးဟာ အသက်လောက်ချစ်တဲ့သားအမိဖြစ်ပေမယ့် သမီးနဲ့မြေးကလေး ဘဝခြားခဲ့ပြီမို့ သံယောဇဉ်ရစ်ချည်တိုးနေလို့ မရတော့ဘူး။ မြေးကလေးရဲ့ အနာဂတ်အတွက် မြေးကလေးကို အမေ့ရင်ခွင်ဆီပဲဖြစ်ဖြစ်၊ သမီး ခင်ပွန်းရဲ့ရင်ခွင်ကိုဖြစ်ဖြစ် အပ်နှင်းဖို့ လိုအပ်နေပြီ။ သမီးဆန္ဒ အတိုင်း သမီးဆုံးဖြတ်ပါ။ အမေနဲ့ သမီးခင်ပွန်းတို့ ကျေကျေနပ်နပ် ခံယူပါ့မယ်သမီးရယ်''

ဟု အမေက ပြောတယ်။

''သမီးရေ သမီးဟာ အမေ့ရင်နှစ်ဖြစ်သလို၊ အမေ့မြေးကလေးဟာ သားသမီးအချစ် မြေးအနှစ်ဆိုတဲ့စကားလို စူးနစ်တဲ့အချစ်နဲ့ ထာဝရချစ်သွားမယ်ဆိုတာ သမီးယုံပါ။ မြေးကလေးကို အမေပြုစုဖို့ သမီးခွင့်ပြုပါ''

ဟု ငိုသံနှင့်ဆိုသည်။ အမေ့မျက်ဝန်းညို၌ မျက်ရည်တို့ အပြည့်။

ထို့အတူ ကိုကို့ခမြာလည်း စိတ်ကိုထိန်းထားသော်လည်း

ချောင်းမှာ မျက်ရည်သီခိုနေတယ်။

"အေးကြည်ရေ အေးကြည်ကို ကိုကိုအသက်လောက်ချစ်ခဲ့သလို၊ သားဟာ ကိုကို့အတွက် အေးကြည်ကိုယ်ပွားပါ။ ဒါကြောင့် သားကို ကိုကိုပြုစုပါရစေ။ ကိုကိုနဲ့ စိတ်ချပါ အေးကြည်" ဟုပြောတယ်။

အမေနှင့်ကိုကိုက အေးကြည်မကို မမြင်ရသော်လည်း ကျွန်မက ကိုကိုနှင့်အမေကို မြင်နေရတယ်။ နှစ်ဦးစလုံးဟာ ဆို့နစ် ကြေကွဲနေကြတယ်ပေါ့။

အမေ့ကိုယုံသလို ကိုကို့ကိုလည်း ယုံချင်ပါရဲ့။ ခက်တာက ကျွန်မ ဆုံးဖြတ်ရခက်နေတယ်။

ထို့ကြောင့်ချိန်ခွင်လျှာက ဟိုဘက် သည်ဘက်မထွက်ဘဲ ညီနေတယ်။

အားလုံးလည်း ရင်ခုန်နေမှာ။

"အေးကြည်မရေ ကိုကိုအေးကြည်မကို ခွဲလိုက်ရလို့ အသည်းကြွေရသလို။ သားကိုထပ်ခွဲရရင်ကိုကိုခံနိုင်မှာ မဟုတ်တော့ဘူး။ ကိုကိုဥပက္ခာမပြုလိုက်ပါနဲ့အေးကြည်မရယ်"

ငိုသံစွက်တဲ့ကိုကို့အသံ။

ဤကဲ့သို့ပင် အမေက သမီးကိုယ်စားအမေရင်ခွင်မှာ မြေးကလေးကို နှစ်ထားခွင့်ပြုပါသမီး။ မြေးကလေး အနာဂတ်ကိုအမေအလှဆင်ခွင့်ပြုပါဟု ဆိုသည်။

ကျွန်မ ဘာလုပ်ရမလဲ။

ကျွန်မဘာယ်လိုဆုံးဖြတ်ရမလဲ။

ကိုကို့ဖက် စိတ်အတွေးသာသွားတော့ ချိန်ခွင်လျှာက လှုပ် သွားသည်။

"အေးကြည်မရယ် ကိုကိုစိတ်ချမ်းသာပါရစေ။ ကိုကို့ကို ယုံတယ်ဆိုရင် အေးကြည်မ အဝတ်တွေရှိတဲ့ဘက်ကို ညွှန်ပြ လိုက် ပါ။

ကိုကို့အသံနဲ့အတူ လျှာလှုပ်သွား၏။ ကိုကို့ဆန္ဒ ဖြည့် ဆည်းတော့မလိုလိုနှင့်။

ထိုစဉ်အမေက သမီးရယ် မြေးကလေးကို သာသနာ့ ဘောင်သွတ်သွင်းပြီး ငါတို့မြေးအဖွား သမီးအတွက် အမျှဝေ၊ သာဓုခေါ်ခွင့်ပြုမယ်ဆိုရင် မြေးလေးအဝတ်တွေရှိတဲ့ဘက်ကို အလေးသာပြလိုက်ပါဟု ပြောသည်။

၄။

ဟိုဘက်သည်ဘက် လှုပ်ခတ်နေသည့် ချိန်ခွင်လျှာက သားအဝတ်ထည့်ထားသည့် ချိန်ခွင်ခွက်ဖက်သို့ ထိုးစိုက်ကျ သွားပြီ။

"သမီးရယ် သမီးစိတ်ချပါ။ သမီးသားလေး အမေ့မြေး ကို လူတစ်လုံး သူတစ်လုံးဖြစ်အောင် အမေတာဝန်ယူပါတယ်။ သမီးစိတ်ဖြောင့်ဖြောင့်ထားပါ။ သမီးရေ သာဓု၊ သာဓု၊ သာဓု"

ဟု အမေက ဆို၏။

ကိုကို့မျက်နှာ ညှိုးသွားသည်ကို တွေ့ရ၏။ အေးကြည်မ စိတ်မကောင်း။

"ကိုကိုရယ် အေးကြည်မ ဘယ်လောက်ခံစားရတယ်ဆိုတာ ကိုကိုသိစေချင်ပါတယ်။ ကိုကို့ ကို မယုံလို့မဟုတ်ပါဘူး။ သားအနာဂတ်အတွက်၊ ကိုကို့ ကို လွတ်လပ်စေချင်တဲ့အတွက် အမေ့ကို အလေးသာလိုက်တာပါ။ အေးကြည်မကိုခွင့်လွှတ်ပါ။ တမလွန်မှ မျက်ရည်စက်လက်နှင့် အေးကြည်မ ကိုကို့ ကို မြင်စေချင်ပါရဲ့။

ဒေဝါ

◆ ◆ ◆ ◆ ◆



## အချစ်ကြီးတဲ့တစ္ဆေမ

တပည့်တော်ဇနီး ဆူးဟာ လူမဟုတ်ဘူး
“နာနာဘာဝ အစိမ်းသရဲဆိုတာ ယုံပါပြီ…။
‘ဆူးရယ် ရဲကိုခွင့်လွှတ်ပါ
ဒီဘဝမှာတော့ ဒီဘဝဒီမျှလို့ သဘောထားလိုက်ပါ။
‘ဘဝခြားနေပေမယ့် ဆူးဟာ ရဲ့နှလုံးသားမှာ
ထာဝရရှိနေမှာ၊ ချစ်နေမှာပါ။
ရဲကိုခွင့်လွှတ်ပါ။

အရှေ့ဘက်ကောင်းကင်

၁။

'ကိုယ့်ဘဝကိုယ်သိ'ဆိုတဲ့ စကားလိုပဲ 'ဆူးရိုင်း'ဘဝကို ဆူးရိုင်းသိပါတယ်။

ပြောရရင် ဆူးရိုင်းဆိုတာ အလင်းရောင်အောက်က လူသားမဟုတ်ပါဘူး။ အမှောင်ထဲက လူပါ။ အလင်းရောင်အောက်က လူသားတစ်ဦးကို အသည်းနှင့်အောင် ချစ်တဲ့ ပရလောကသားတစ်ဦးပါ။

ပြောရရင် 'ရဲရဲ'ကို'ဆူးရိုင်း'က လူ့ဘဝကတည်းက ချစ် ခဲ့သူပါ။ အသည်းနှင့်အောင်ချစ်တဲ့ ချစ်သူတွေဘဝနဲ့ ဖြတ်သန်း ခဲ့တယ်။

ဒါပေမယ့် ရဲရဲနဲ့ဆူးရိုင်းတို့ဘဝက ဘဝရိုင်းပါ။ မပြည့်စုံ၊ မကုန်လုံတဲ့ ဆင်းရဲနွမ်းပါးတဲ့ချစ်သူတွေပါ။

တစ်ဦးကိုတစ်ဦး မျက်စိအောက်က အပျောက်မခံနိုင်အောင် ချစ်ခင်မြတ်နိုးခဲ့တာကြောင့် စိတ်တူကိုယ်တူဘဝတစ်ခုကို တည်ဆောက်ခဲ့တယ်။

ရဲရဲတို့ ဆူးရိုင်းတို့ဟာ တစ်ဦးကိုတစ်ဦးချစ်ကြလို့ ဒုက္ခဟူသမျှကို ခါးစည်းခံခဲ့တယ်။ လူချင်းတူတူ၊ သူချင်းမျှမျှ မနေနိုင်ကြသလို၊ ရွာထဲမှာ မနေနိုင်လို့ ရွာပြင်ထွက်နေရတယ်။

အင်ဖက်ကို မိုး၊ ကျူရိုးခေါင်းတိုင်တင်ဆိုတဲ့စကားကို မလုံ မခြုံဘဝနဲ့ နေခဲ့ရတယ်။ ဒါပေမယ့် ရဲရဲတို့ ဆူးရိုင်းတို့

စိတ်ဓာတ် မကျဘူး။

အချစ်တွေနဲ့ ပျော်နေတယ်။

တစ်နိုင်တစ်ပိုင် တောင်ယာစိုက်ပြီး၊ ဘဝကို အချစ်နဲ့ ဖြတ်သန်းခဲ့တယ်။ ဘဝမလှပေမယ့် အချစ်နဲ့ပျော်မွေ့နေတဲ့ ဘဝ ပါပဲ။

ဒါပေမယ့် ဆူးရိုင်းအတွက် ကြမ္မာမုန်တိုင်း ခပ်ရိုင်းရိုင်း တိုးဝင်ခံလိုက်ရတယ်။ ပြောရရင် ဆူးရိုင်း ဝမ်းကြာသိုက်မှာ ရဲရဲသွေးသန္ဓေတည်စအချိန်မှာ ရဲရဲသောင်းကျန်းသူတွေ အဖမ်းခံ လိုက်ရတယ်။

"ရဲကို ခေါ်မသွားပါနဲ့။ ကျွန်မ တောင်းပန်ပါတယ်"

ခြေသလုံးဖက်တောင်းပန်ပေမယ့် မရ။ "ငါတို့ကို အဟာန့်အတားမလုပ်နဲ့နော်။ ငါတို့ကိုဟန့်တားရင် ငါတို့သည်းမခံ ဘူး၊ သတ်ပစ်လိုက်မယ်"ဟု ကြိမ်းမောင်းတယ်။

"ဆူး စိတ်ကိုထိန်းပါ။ ကိုယ်မကြာခင် ပြန်လာမှာပါ။ မတားနဲ့နော်။ မငိုနဲ့နော်။ ကိုဆက်ဆက်ပြန်လာမယ်။"

"ဆူး...ဆူး စောင့်နေမယ်နော်"

ဆူးရိုင်း မျက်ရည်လည်ရွဲနှင့် ကျန်ခဲ့တယ်။ ရဲရဲမရှိ ပေမယ့် ဆူးရိုင်း ဘယ်မှမသွားဘဲ ချစ်သူနဲ့နေခဲ့တဲ့နေရာမှာ နေ တယ်။

အချစ်ဟာ သတ္တိလား။

ဟုတ်တယ်။ ဆူးရိုင်း ရဲရဲနဲ့အတူနေခဲ့တဲ့နေရာမှာ နေပြီး ရဲရဲနှလုံးသွေးတစ်ဝက်၊ မိမိနှလုံးသွေးတစ်ဝက်နဲ့ အခြေတည်ခဲ့တဲ့ သားကိုမွေးခဲ့တယ်။

ရဲရဲဆက်ဆက်ပြန်လာမယ်လို့ ဆူးရိုင်းယုံတယ်။ ဒီယုံကြည်မှု၊ ချစ်သူကို အချစ်ကြီးချစ်တဲ့စိတ်နဲ့ သားကိုမွေးခဲ့ပေမယ့် ဆူးရိုင်းတို့ သားအမိကံမကောင်းခဲ့ဘူး။

ဆူးရိုင်းနဲ့သားဟာ မီးတွင်းထဲမှာပဲ ဘဝဆုံးခဲ့တယ်။ ရှင်းရှင်း ပြောရရင် ဆူးရိုင်းဟာ မီးတွင်းထဲမှာ သေခဲ့တယ်။

ဆူးရိုင်းဟာ စွဲလန်းစိတ်၊ ချစ်တဲ့စိတ်နဲ့ သေဆုံးခဲ့တဲ့အတွက် ဆူးရိုင်းဟာ မကျွတ်မလွတ်ခဲ့ဘူး။

ဆူးရိုင်းနဲ့ ရဲရဲ နေခဲ့တဲ့ အိမ်ကလေးမှာ ညစဉ် ဆူးရိုင်းကို ကလေးချီလျက်တွေ့ရတယ်။

ပြောရရင် ဆူးရိုင်းဟာ မကျွတ်မလွတ်သေတဲ့ တစ္ဆေမ ပေါ့။

၂။

ရဲရဲဟာလည်း သောင်းကျန်းသူတွေ ခိုင်းသမျှ၊ နှိပ်စက်သမျှ ခံနေရပေမယ့် ရဲရဲဟာ ချစ်သူဆီ အရောက်ပြန်မယ်ဆိုတဲ့ စိတ်ကြောင့် ဒုက္ခတွေကို ကြံ့ကြံ့ခံနိုင်ခဲ့တယ်။

တစ်နေ့သောင်းကျန်းသူတွေနဲ့ တပ်မတော် စစ်ကြောင်းတွေ့ပြီး တိုက်ပွဲဖြစ်တော့ သောင်းကျန်းသူတွေ အကျအဆုံးများ

ခဲ့တယ်။

ရဲရဲသည် ကိုယ်လွတ်ရုန်းပြေးနိုင်ခဲ့တယ်။

သူ့မှာ ဒဏ်ရာရခဲ့ပေမယ့် စိတ်ဓာတ်မကျခဲ့ဘူး။ ချစ်သူနဲ့တွေ့ဖို့ပဲ စိတ်အားထက်သန်နေတယ်။

"ခုလောက်ဆို ဆူး ရင်သွေးမွေးလောက်ပြီ ငါ့ကိုလည်း မျှော်နေမှာ။ ငါပြန်ရမယ် အရောက်ပြန်ရမယ်"

ဒါပေမယ့် ရဲရဲဟာ ပင်ပန်းမှုဒဏ်၊ ဒဏ်ရာဝေဒနာကြောင့် အဖျားဝင်ခဲ့တယ်။ ပြင်းထန်တဲ့ အဖျားဒဏ်ကြောင့် သတိလစ်သွားခဲ့တယ်။

ရဲရဲသတိရတော့ ဘုန်းတော်ကြီးကျောင်းတစ်ကျောင်း ရောက်နေတယ်။ ဆရာတော်ရဲ့ စေတနာ၊ မေတ္တာနဲ့ ဝေဒနာကုသနိုင်ခဲ့တယ်။

ဒါပေမယ့် သက်သာတယ်ဆိုတာနဲ့…

"အရှင်ဘုရား တပည့်တော် လျှောက်ထားပါရစေ၊ တပည့်တော်ဇနီးမယားဟာ ခုဆို သားမွေးပြီး ဒုက္ခရောက်နေမှာပါ။ ဒါကြောင့် တပည့်တော်ကို ပြန်ခွင့်ပြုပါ"

ဟု လျှောက်တင်ခဲ့သည်။ ပြီးတော့ ချက်ခြင်း ဇနီးမယား ဆူးရှိင်းကိုတွေ့ရန်ပြန်ခဲ့သည်။

ဟုတ်တယ် ရဲရဲ ပြန်ခဲ့တယ်။

ချစ်သူကိုတွေ့ချင်စိတ်ပြင်းထန်ခဲ့သည့်အတွက် နေ့၊ ည

မခွဲနိုင်ခဲ့။ မိမိချစ်သည့် ချစ်ဇနီးကို တွေ့ချင်လွန်းသဖြင့် မနက် မိုးလင်းအောင်ပင်မစောင့်ဘဲ ညတွင်းချင်းချစ်သူရှိရာပြန်ခဲ့တယ်။

၃။

ည····

ညဟာတိတ်ဆိတ်မှုအောက်မှာ ငြိမ်သက်နေတယ်။ တစ်ခုရှိသည်က ယင်းညသည် ကြယ်မစုံ လမသာသည့်ည ဖြစ် တယ်။

လေတိုက်ကြမ်းနေတယ်။

သစ်ရွက်ရိုက်သံ၊ ငှက်အော်သံတွေက ကျယ်လောင်နေ တယ်။

ခပ်သွက်သွက်လေး လျှောက်ရတဲ့ ရဲရဲဟာ ချောင်းကွေ့ လွန်တယ်ဆို ချစ်ဇနီး ဆူးရိုင်းကိုပိုသတိရ၊ တွေ့ချင်လာတယ်။ ဒါကြောင့်····

"ဆူးရေ ဆူး ရဲပြန်လာပြီ"

ဟု ကျယ်လောင်စွာ အော်ပြောမိသည်။

သည်အသံ။ သည်အသံက ဆူးရိုင်းအသက်လောက်ချစ် တဲ့ အချစ်ကြီးချစ်တဲ့ ချစ်ခင်စွဲလန်းမှုကြောင့် မလွတ်မကျွတ်ဖြစ် နေရတဲ့ တစ္ဆေမဆူးရိုင်းလှုပ်လှုပ်ရှားရှားဖြစ်သွားတယ်။

"ဟော သူပြန်လာပြီ ရဲရဲပြန်လာပြီ"

ဆူးရိုင်းဆိုတဲ့သစ္ဆေမ အချစ်ကြီးချစ်တဲ့ ချစ်သူအသံကြား

၍ ဝမ်းသာသလို မိမိချစ်သည့်ချစ်သူလည်း ဝမ်းသားပျော်ရွှင်စေချင်တယ်။

"ရဲရေ ဆူးရဲကို စောင့်နေတယ်"

အိမ်တွင် အလင်းရောင်ပြိုးပျက်သွားတယ်။ တစ္ဆေမဆူးရိုင်းသားကို ချီပြီး အိမ်ပြင်ထွက်လိုက်တယ်။

"ရဲရေ ဆူး ရဲကို စောင့်နေတယ်"

ဆူးရိုင်းအိမ်က အော်ထွက်လိုက်သလို၊ ရဲရဲရဲ့လှေ အိမ်နားရောက်လာသည်။

"ဟယ် ရဲ ပြန်လာပြီလား ဆူးဝမ်းသာလိုက်တာ ရဲရယ် ဆူးဝမ်းသာလိုက်တာ"

ရဲရဲ အပြေးအိမ်ပေါ်သို့ တက်လာပြီး ဆူးရိုင်းကို ပွေ့ဖက်လိုက်သည်။

"ငါသေပြီဆိုတာ ရဲမသိစေရဘူး။ ရဲပျော်စေရမယ်။ ငါရဲနဲ့အတူနေမယ်"

အချစ်ကြောင့်လားမသိ။ အားလုံးအဆင်ပြေနေတယ်။ ဒီ ညတော့ စကားတွေကြမယ်။ ပြောမဆုံးပေါင် တောသုံးတောင်ဆိုတဲ့စကားလိုပဲပေါ့။

"ဆူးရဲ မင်းဒီမှာသားနဲ့ နှစ်ယောက်ထဲနေရာ အထီးမကျန် ဘူးလား။ ဘာဖြစ်လို့ ရွာမပြန်တာလဲဆူးရယ်"

"ပြန်လို့မဖြစ်ဘူးလေ။ ဆူးပြန်သွားချိန် ရဲရောက်လာရင်

ဘယ်လိုလုပ်မလဲ။ ရဲက ဆူးကို အမြဲတွေ့ချင်သလို၊ ဆူးကလည်း တွေ့ချင်နေတယ်။ မျှော်နေတယ်လေ။ ပြီးတော့ ဆူးတို့က ဆင်းရဲတော့ ပတ်ဝန်းကျင်မှာအနှိမ်ခံဖြစ်နေတယ်။ ဒါကြောင့် အပြစ်တွေ မခံချင်ဘူး။ ပြီးတော့ လူတွေကို မယုံဘူး။

ဟုရှင်းပြသည်။ ပြီး တစ္ဆေမဆူးရိုင်းက "ဆူးတို့ ဒီမှာနေကြမယ်။ ဆူးအတွက် ရဲရှိနေရင် ပြည့်စုံနေသလို၊ ရဲအတွက်လည်း ဆူးရှိနေရင် ကျေနပ်နေတယ် မဟုတ်လား။ ဆူးတို့ရဲ့ ဒီ လောကသစ်ကလေးမှာ အချစ်တွေနဲ့ ပျော်ပျော်နေကြစို့နော်" ဟု ပြောသည်။

"စိတ်ချပါဆူးရယ်။ ရဲအတွက် ဆူးရှိရင် ပြည့်စုံနေပါပြီ။ ပြီးတော့ ရဲအတွက် ဆူးနဲ့ ကြားလေသွေးရင်တောင် ဝေးတယ် ထင်မိနေပါပြီ"

"ရဲရယ်"

၄။

နေ့စဉ် ရဲရဲက တောင်ယာသွားတယ်။ ဆူးရိုင်းက စားဖို့ စီစဉ်တယ်။ ရဲရဲပြန်လာတော့ ဆူးရိုင်းက သားကိုသိပ်နေပြီ။

ပြီး ထမင်းလက်ဆုံစားကြတယ်။

ထမင်းစားပြီးတော့ တစ်နေ့လုံး အလုပ်ပင်ပန်းတဲ့ရဲရဲ မျက်ကြောစင်းနေပြီ။

ဆူးရိုင်းအတွက် ရဲရဲနဲ့အတူနေရချိန်ဟာ ပျော်စရာအချိန်

ဖြစ်သော်လည်း စိုးရိမ်စိတ်တွေ မင်းမှုချိန်ဆိုလည်း မှန်တယ်။

ဘာဖြစ်လို့လဲဆိုရင် ရဲရဲနဲ့ဆူးရိုင်းဟာ ဘဝခြင်းတူသည် မဟုတ်။ လူသားနှင့် တစ္ဆေမဟုတ်လား။

ရဲရဲက မိမိကိုချစ်သည်မှာမှန်သော်လည်း ဆူးရိုင်းက လူ့ သားမဟုတ်။ ပရလောကသား၊ နာနာဘဝ သရဲ တစ္ဆေဖြစ်နေ သည်ဆိုလျှင် ကြည်ဖြူနိုင်မလား။

ဆူးရိုင်းတွေးရင်း တွေးရင်းရင်ပူလာသဖြင့် အိမ်ပေါ်မှ ဆင်းခဲ့သည်။

မိမိက နာနာဘဝဖြစ်သဖြင့် တစ်ခါတစ်ရံ နာနာဘဝ ဇာတိပြတတ်တယ်လေ။

ရဲရဲ ဆတ်ကနဲ လန့်နိုးခဲ့တယ်။ လန့်နိုးတော့ အနားတွင် ဆူးရိုင်းမရှိ။ သားလည်းမရှိ။ ကြည့်လိုက်တော့ သားက ပုခက်ထဲ မှာ။

ရဲရဲဆတ်ကနဲထလိုက်သည်။ မနေ့ကတောင်ယာသို့ သိန်း ဆောင်ရောက်လာသည့်အဖြစ်ကို သတိရမိတယ်ပေါ့။ သိန်းဆောင် ဟာ ရဲရဲသူငယ်ချင်း…

သိန်းဆောင်က…

"ငါမင်းကို မပြောလို့မဖြစ် ပြောရတော့မယ် ရဲကြီး။ မင်းရွာပြန်သင့်ပြီလို့ ငါထင်တယ်။ မင်းဒီမှာမနေသင့်တော့ဘူး"

ဟု ပြောတယ်။ "ဟာ ဘာဖြစ်လို့ မနေသင့်တာလဲ။

ငါက ငါ့မယား ဆူးနဲ့အတူနေတာလေ။ ဆူးနဲ့နေတာ မနေသင့်ခြင်းလား''ဟု ပြန်မေးမိတယ်။

''ဟုတ်တယ် ဒါကြောင့် ငါပြောနေတာ။ ရှင်းရှင်းပြောရရင် ခုမင်းနဲ့ရှိနေတယ်ဆိုတဲ့ဆူးဟာ လူသားမဖြစ်နိုင်ဘူး နာနာဘဝအစိမ်းသရဲပဲဖြစ်မယ်။ ဒါကြောင့် ငါပြောနေတာ''

''တော် ဟိတ်ကောင် မပြောနဲ့တော့ မင်းတို့ရွာက လူတွေဟာ ဆူးပြောသလို ဆူးကိုအကောင်းမမြင်တဲ့လူတွေပဲ။ မင်းဘာမှ မပြောနဲ့တော့ ငါ ဒီက ဘယ်မှမသွားဘူး။ ဆူးဟာ ငါ့မယား အစိမ်းသရဲမဟုတ်ဘူး''

''ဟုတ်တယ်လို့ ပြောမယ်။ ဘာဖြစ်လို့လဲဆိုတော့ မင်းသူ့ပုန်တွေ ဖမ်းသွားချိန်မှာ ဆူးရိုင်းကလေးမွေးခဲ့တယ်။ မီးတွင်းထဲမှာပဲ ကလေးရော လူကြီးပါသေခဲ့တယ်။ ငါကိုယ်တိုင် သင်္ဂြိုလ် ခဲ့တာကွ''

''ငါမယုံဘူး မပြောနဲ့တော့''

ရဲရဲက ပါးစပ်နှင့်သာမဟုတ်တော့။ ဒေါသဖြစ်ပြီး လက်ပါသွားခဲ့သည်။

''မင်းနောက်ဒီစကားမပြောနဲ့ ပြောရင် ငါသတ်မိလိမ့်မယ်။ သွားတော့ မင်းသွားတော့''

''အေးသွားမယ်။ ပြီးတော့ ဆူးရိုင်းဘဝမှန်အောင် ငါလုပ်မယ်''

ထို့နောက် သိန်းဆောင်ပြန်သွားတယ်။ ဒီနေ့က ရဲရဲကိုယ်တိုင်လည်း စိတ်တွေရှုပ်ထွေးပြီး အရက်သောက်ဖြစ်ခဲ့တယ်။

ဆူးရိုင်းကိုမူ မပြောရက်။

၅။

ဆူးရိုင်းဘဝမှန်ပေါ်သွားမယ်ကို စိုးရိမ်နေမိသလို ထိန်းသိမ်းနေခဲ့တယ်။

ဆူးရိုင်းသက်ပြင်းချလိုက်တယ်။ ခြေသံကြားသဖြင့် လှည့်ကြည့်လိုက်တော့ ရဲရဲ။

"ရဲအိပ်လေ ဘာလို့ဆင်းလာတာလဲ"

"အချိန်မရှိတော့ဘူးလေ။ ဆူးရော ဘာလို့မအိပ်သေးတာလဲ"

"မနက်အတွက် ဆန်မဖွတ်ရသေးတာ သတိရလို့၊ ဆန်ဆင်းဖွတ်တာရဲ"

"ရဲ ကူပေးမယ်လေ"

"နေပါစေရဲ၊ ရဲပင်ပန်းနေတာ အိပ်ပါတော့၊ မကြာပါဘူး"

ရဲရဲပြန်တက်သွားသည်။

ဆူးရိုင်းနှလုံးသားတွေ ပူလောင်နေသလိုပဲ။ ခုတလောဆူးရိုင်းဘဝမှန် ဖော်ထုတ်သူများကို သည်လိုတွေ့နေရတယ်လေ။

နေ့ခင်းကလည်း ဆရာတော်နှင့် ကပ္ပိယ လာသေးရဲ့။

ဆူးရိုင်းဆိုတာ လူစင်စစ်မဟုတ်။ နာနာဘာဝအစိမ်းသရဲသာဖြစ်ကြောင်းပြောတယ်။

ကံကောင်းသည့် ရဲရဲက မယုံ။

ဆရာတော်နှင့် ကပ္ပိယကိုအတင်းတောင်းပန်ပြီး ပြန်လွှတ်တယ်။ ဒီအကြောင်း ရဲရဲက ပြန်ပြောတော့ ဆူးရိုင်းစိုးရိမ်ရတာပေါ့လေ။

"ရဲ ရဲ ယုံရဲ့လားဟင်"

"မယုံပါဘူး သူတို့ဘာပြောပြောရဲရဲ မယားနဲ့သားကရှိနေတယ်လေ"

"ရဲရယ် ဆူးက ရဲယုံသွားမှာစိုးရိမ်တယ်"

"စိတ်ချဆူး ရဲ ဆူးကို ချစ်တဲ့အချစ်က သိကြားမင်းဖျက်တောင် မပျက်နိုင်ပါဘူးဆိုတဲ့ အချစ်နဲ့ချစ်တာပါ"

ရဲရဲပြောရင်း သက်ပြင်းချလိုက်တယ်။ သစ်ငုတ်တိုဖြစ်စေ တိုက်ပါများလှုပ်ဆိုသည့်စကားနှယ်။ ကြားရဖန်များတော့ သံသယ ဝင်လာသည်။

"ဆူးရယ် လူတွေပြောသလို မဟုတ်ပါစေနဲ့လို့ ရဲဆုတောင်းနေပါတယ်"

[illegible]သော် အမှန်တရားဟူသည် ဖုံးကွယ်ထား၍မရ ဟူသည့် စကားနှယ်။ ဆူးရိုင်းသည် လူတွေပြောသလို ပရလောကသား၊ နာနာဘာဝအစိမ်းသရဲမှန်းသိလိုက်ရ၏။

တစ်နေ့ . . . . .

နေဝင်စ တောင်ယာမှ ရဲရဲအပြန်၊ အိမ်ရှေ့သို့အရောက် လက်ရှည်ကြီးတစ်ခု ကျလာပြီး ကြက်သွန်ကိုလှမ်းကောက်သည့် မြင်ကွင်းကို မြင်လိုက်ရသည်။

ထို့ကြောင့်အိမ်ပေါ်သို့ တက်တော့ ခြေသံလုံလုံနှင့် တက်ကတော့ မီးဖိုခန်းမှနေ၍ အိမ်ဧည့်ခန်း၌ ပုခက်နှင့် သိပ်ထားသည့် သားအား လက်ရှည်ကြီးနှင့် ပုခက်လွှဲသည့်မြင်ကွင်းကို မြင်လိုက် ရတယ်။

ရဲရဲမျက်လုံးတွေပြာ၊ ခေါင်းကြီးသွား၏။ ထို့ကြောင့် သရဲကိုမြင်လိုလျှင် နောက်ခိုင်းပြီး ပေါင်တံကြားမှ ခေါင်းလျှို၍နောက် ပြန်ကြည့်လျှင် ပကတိဘဝမှန်မြင်ရသည် ဆိုသည့် အတိုင်း ကြည့်ရာ ဆူးရိုင်း လူသားစစ်စစ်မဟုတ် နာနာဘာဝ ဖြစ်ကြောင်း သိလိုက်တယ်။

ဘဝမှန်ကို သိတော့ ရဲရဲသည်းမခံနိုင်တော့။ ကျောမလုံ သလို ခံစားရ၏။

"မဖြစ်ဘူး ဆူးရိုင်းနဲ့ငါကဘဝခြားနေပြီ။ သူကနာနာ ဘဝအစိမ်းသရဲပဲ။ မဖြစ်ဘူး။ အတူနေလို့မဖြစ်တော့ဘူး"

ချင်ခြင်း ဆုံးဖြတ်ပြီး ပြေးခဲ့တယ်။ ထို့အတူ ရဲရဲ ဘုန်းကြီးကျောင်းကို တန်းပြေးခဲ့တယ်။

"ဆရာတော် တပည့်တော်ကို ကယ်ပါ။ တပည့်တော်

ဇနီး ဆူးရိုင်းဟာ လူမဟုတ်ဘူး။ နာနာဘဝအစိမ်းသရဲဆိုတာ တပည့်တော် ယုံပါပြီ"

၆။

ရဲရဲကြောက်ရွံ့တုန်လှုပ်နေတယ်။ ဆရာတော်နှင့် သံဃာတော်တွေက မြတ်ဗုဒ္ဓအား ဆီမီးပူဇော်ပြီး ပရိတ်ကြိုးနှင့် ရဲရဲအား ဝိုင်းပြီး ဆရာတော်များက ပရိတ်ရွတ်တယ်လေ။

သည်အချိန် တစ္ဆေမဆူးရိုင်းက ခင်ပွန်းသည်အား အစွဲလန်း အချစ်ကြီးသူပီပီ ကျောင်းသို့လိုက်လာခဲ့၏။

"ဆူးကို ပစ်မထားပါနဲ့ ရဲရယ်။ ဆူးတို့သားအမိကိုသနားပါဦး။ ဆူးရဲကို မခွဲနိုင်ဘူး။ မခွဲချင်ဘူး"

ဟု ဆူးရိုင်းက ကလေးကိုချီပိုးရင်း သနားစဖွယ်ပြောတယ်လေ။

ဆရာတော်တွေက ပရိတ်ရွတ်နေရဲ့။ ရဲရဲက ကြောက်စိတ် နဲ့ ဆူးရိုင်းတို့သားအမိကိုကြည့်ရင်း

"ဆူးရယ် ရဲကိုခွင့်လွှတ်ပါ။ ဆူးတို့ကို ထားခဲ့တာ မချစ်လို့မဟုတ်ပါဘူး။ ရဲနဲ့ဆူးက ဘဝမတူဘူးလေ ဘဝမတူရင် ဘယ်လိုကြည်ဖြူလို့ရမလဲ။ နောင်ဘဝရှိရင် နောင်ဘဝမှာဆုံးရအောင်ပါ။ ဒီဘဝမှာတော့ ဒီမျှလို့သဘောထားပါတော့ ဆူးရယ်။ ရဲကိုခွင့်လွှတ်ပါ"

"ဆူး မခွဲပါရစေနဲ့ ရဲကို ဆူးချစ်တယ်၊ ဆူးတို့သားအမိ

ကို မထားခဲ့ပါနဲ့နော်၊ ဆူးကိုသနားပါ။ ဆူးရဲကိုချစ်တယ်၊ ရဲကို မခွဲနိုင်ဘူး ရဲရယ်”

မျက်ရည်တွေနှင့်အသနားခံနေတသာဆူးရိုင်းကိုကြည့်ရင်း ရဲရဲ ရင်နာရတယ်ပေါ့လေ။

သို့သော် ဘယ်လိုမှ တတ်နိုင်တော့မည်နည်း။ ဘဝမတူတော့ ကြည်ဖြူလို့မရ။ သိပ်ချစ်ကြပေမယ့် ဘဝကခြားနားပြီ။ ရင်နာနာနှင့်ထားခဲ့ရတော့မည်။ ရဲကိုခွင့်လွှတ်ပါဆူး။

ခွဲထားခဲ့ရတာ မချစ်လို့မဟုတ်ဘူးဆိုတာ ယုံပါဆူးရယ်။

ဘဝခြားနေပေမယ့် နှလုံးသားမှာတော့ ဆူးဟာထာဝရရှိနေမှာ၊ ချစ်နေမှာပါ။

ရဲကိုခွင့်လွှတ်ပါ။

ရဲကိုခွင့်လွှတ်ပါ....။

စာဖတ်သူတို့ရဲ
ဒေဝေါ

♦ ♦ ♦ ♦ ♦



## ရှာသူတမ်းတလွမ်းစာခွေ

နှမ်းလျစွာ ကျောခိုင်းပြန်သွားသည့်
ကိုသီကျောပြင်ကို ကြည့်ကာကျွန်မငိုမိသည်။
ကျွန်မခံစားနေသည်ကို သူသိမည်မဟုတ်။
ကျွန်မတွင် တစ်ခုတည်းသော
အစွမ်းသတ္တိ ရှိမယ်ဆိုလျှင်
'ကျွန်မလည်း ကိုသီကိုတုနှိုင်းမရသည့်အချစ်နှင့် ချစ်နေသည်ကို ပြောပြချင်ပါတယ်။ ပြောပြချင်ပါတယ်။

အရှေ့ဘက်ကောင်းကင်

၁။

ကျွန်မတို့ ခုနစ်အိမ်တန်းဆိုတဲ့ ရွာကလေးဟာ တောနယ်ဘက်မှာ ရှိတယ်။ အထင်ကရရွာတစ်ရွာမဟုတ်ဘဲ။ ရွာသိမ်ရွာငယ်ကလေးဖြစ်တာကြောင့် ဒီရွာကလေးရဲ့အကြောင်းကို လူသိနည်းတာလို့ဆိုရမှာပဲ။

ကျွန်မတို့ရွာမှာ ရှိသူတွေကတော့ ရိုးသားဖြူစင် သူတွေပါ။ မြို့ကြီးပြကြီးကို အရောက်အပေါက်နည်းသူတွေပါတယ်။

တနည်းပြောရရင် ဒီခုနစ်အိမ်တန်းဆိုတဲ့ရွာကလေးဟာ လူသူအရောက်အပေါက်နည်းတဲ့ရွာကလေးဖြစ်တာကြောင့် ဒီရွာကလေးရဲ့ အဖြစ်အပျက်ကိုသိသူနည်းတာ မဆန်းပါဘူး။

ပြောရရင် ဒီရွာကလေးဟာ ရောင်စုံပြည်တွင်းသောင်းကျန်းမှုကာလက ကြမ္မာဆိုးနဲ့ ကြုံခဲ့ရတဲ့ ရွာကလေးဖြစ်တယ်လေ။

ဒီရွာကလေးဟာ အိမ်ခြေနည်းပြီး လူဦးရေမများလှပေမယ့် အင်မတန်ပျော်စရာကောင်းတဲ့ ရွာကလေးပေါ့။

တစ်နေ့… ဒီရွာကလေးဆီကို လူရမ်းကားသောင်းကျန်းသူတွေ ဝင်လာပြီး ရက်ရက်စက်စက်ရွာကိုမီးရှို့သလို လူတွေကိုလည်း အစုလိုက် အပြုံလိုက် သတ်ခဲ့တယ်။

ဒီရွာက လူရိုးလူဖြောင့် အမျိုးသား၊ အမျိုးသမီး၊ လူပျို၊ အပျို၊ ကလေး၊ လူကြီးတွေဟာ သောင်းကျန်းသူတွေရဲ့ ကျည်သင့်သေကြသလို၊ မီးရှို့သတ်လို့ မရှုမလှ သေဆုံးရသူတွေလည်း သေကြတယ်။

ဒီလိုနဲ့ ခုနစ်တန်းရွာကလေးဟာ ပျက်စီးခဲ့ရတယ်။

ဒီအနီးတဝိုက်က လူတွေက ဒီနေရာကိုရှောင်ကြတယ်။

ဒီနေရာကို ဖုန်းဆိုးကျတ်ကုန်းလို့ ဆိုကြပြီး ရှောင်ကြတယ်။

ဒီရွာက လူတွေနေတဲ့ရွာမဟုတ်ဘူး။ မကောင်းဆိုးဝါးနာနာဘဝတွေနေတဲ့ရွာ၊ ကျတ်ကုန်း လို့ဆိုပြီး ရှောင်ကြတယ်။

ဒါပေမယ့် ကျွန်မတို့ဒီရွာသူတွေတွေကတော့ ပျော်နေကြတယ်။ ဒီရွာကိုချစ်တယ်။

ဒီနေရာမှာ ပျော်ပွဲရွှင်ပွဲတွေရှိဆဲပဲ။ တခြားအချိန်တွေဆို ဒီရွာကလေ့တွေ အနီးအပါးရွာတွေကို သွားကြတယ်။

ကျွန်မက ဒီရွာသူလေ။

ကျွန်မဘဝနဲ့ ကျွန်မပျော်နေတယ်။

၂။

ကိုသီနဲ့ကျွန်မဟာ ခုနစ်အိမ်တန်းရွာနဲ့ မနီးမဝေးမှာရှိတဲ့ ဥသျှစ်ကုန်းဆိုတဲ့ရွာက ဘုရားပွဲမှာ ဆုံရတယ်။

တစ်ခုရှိတာက ကိုသီဟာ ဥသျှစ်ကုန်းရွာသား မဟုတ်ဘူး။ မြို့သားလို့ဆိုရမယ်။ ဥသျှစ်ကုန်းကို အလည်ရောက်လာတဲ့ ပွဲစား တစ်ဦးပေါ့။

ဥသျှစ်ကုန်းရွာ ဘုရားပွဲက အရမ်းစည်ကားတာ၊ ရွာနီးချုပ်စပ်က လူည်းတွေနဲ့ ဘုရားပွဲကိုလာကြတာ။

ကျွန်မတို့သူငယ်ချင်းတစ်သိုက်လည်း လှည်းတစ်စီးနဲ့ ဒီ ရွာဘုရားပွဲကို သွားခဲ့တယ်။

ဘုရားပွဲက စည်လိုက်တာ အရမ်းပါပဲ။

ဇာတ်ပွဲတွေရှိတယ်။ ရုပ်သေးတွေရှိတယ်။ အညာ ဘုရားပွဲဖြစ်တာမို့ ဈေးဆိုင်တန်းကလည်း ဟီးနေတာပဲ။

ဒေသထွက်ကုန်ပစ္စည်းတွေလည်း စုံလို့ပါ။

ဒီဈေးတန်းမှာ ကိုသီနဲ့ကျွန်မဆုံကြတာပေါ့။

ကျွန်မကလည်း အဖော်တွေနဲ့ ကွဲသွားလို့ အဖော်တွေကို လိုက်ရှာချိန်မှာဆုံရတာလေ။ ကိုသီကတော့ အလည်လာသူဖြစ်လို့ ဈေးတန်းကို လိုက်ကြည့်ချိန်ပေါ့။

ကျွန်မမှတ်မိနေသေးတယ်။

ပြောရရင် ကျွန်မက ကိုသီကို အရင်ဆုံး မြင်ခဲ့ရသူလေ။ ဘဝအဆက်ဆက်ကချမှတ်ခဲ့တဲ့နှစ်ဖြာရေစက်လို့ ပြောရ မလားမသိဘူး။

ကျွန်မ ကိုသီကို မြင်မြင်ချင်း ခင်တွယ်သွားတယ်။ ဒါ ကြောင့် သူနဲ့ခင်မင်ဖို့ ကျွန်မဖန်တီးခဲ့တယ်။ ကိုသီနဲ့ ကျွန်မ တိုက်မိမလို ဖြစ်အောင် ဖန်တီးခဲ့သလို လဲကျဟန်ပြုမိတယ်။

ကိုသီက ရိပ်မိဟန်မရှိဘူး။

မြေပြင်ပေါ် ဒူးထောက်လဲကျသွားတဲ့ ကျွန်မကိုအားတုံ့ အားနာ ကြည့်တယ်။

"ဟာ စိတ်မရှိနဲ့နော်။ ကျွန်တော်တောင်းပန်ပါတယ်။ ဘယ်များနာသွားသေးလဲ"

ကိုသီက ယုယုယယတွဲထူရင်း ပြောတယ်။ ကျွန်မ ရှက်စနိုး အမူအယာနဲ့ ကြည့်လိုက်မိတယ်။

"ရပါတယ် ကျွန်မကလည်း အဖော်တွေနဲ့ ကွဲပြီးစိုးရိမ် စိတ်ဝင်နေတာကြောင့် ဒီလိုဖြစ်သွားတာပါ။ အခုလို ဂရုတစိုက် ဖေးကူပေးတဲ့အတွက် ကျေးဇူးပါပဲ။

"ကျေးဇူးတင်ဖို့ မလိုပါဘူးဗျာ။ အားနွဲ့တဲ့မိန်းမသားကို ကူညီရခြင်းဟာ ဝတ္တရားတစ်ခုပါ။ ကျွန်တော်ဘာကူညီရဦးမလဲ"

ကျွန်မအားနာဟန် ရှက်စနိုးအမူအယာနဲ့ ကြည့်ပြီး "ကျေးဇူးပါပဲ။ ဒီကအစ်ကို အပန်းမကြီးဘူးဆိုရင် ကျွန်မတို့ လှည်းဆီကို လိုက်ပို့ပေးပါလား"ဟု ပြောမိတယ်။

"ရပါတယ်။ ကျွန်တော့် အတွက် အပန်းမကြီးပါဘူး။ ဒီရွာရောက် ဧည့်သည်ကျွန်တော့်အတွက် မိတ်ဆွေတိုးတာပေါ့"

အဲဒီနောက် ကိုသီကျွန်မကို လိုက်ပို့တယ်။ ဒီညက ကျွန်မနဲ့ကိုသီ ခင်မင်သွားသလို စကားတွေအများကြီး ပြောဖြစ်ခဲ့သည်။

"ကျွန်တော့်နာမည်မောင်သီပါ။ ပွဲစားပါ။ ဒီရွာကို ဒီ တစ်ခါ ပထမဆုံးပဲလေ။

"အပန်းမကြီးဘူးဆိုရင် ကျွန်မတို့ရွာလာလည်လေ။

ကျွန်မနာမည်က ခင်ခင်လေးပါ။ ကျွန်မက ခင်တတ်ပါတယ်''

ဟုပြောပြီး ရွာကိုပြသည်။ ညအမှောင်တွင် မီးရောင်လင်းလက်နေသည့်ရွာကို ကိုသီမြင်ခဲ့သည်။

''ကျွန်တော်လာလည်လို့ ရတယ်ပေါ့''

ကျွန်မသက်ပြင်းချပြီး ဝေ့ကနဲကြည့်ကာ

''ကိုသီလာလည်ရင် ခင်လေးပျော်မှာပါ။ ဒါပေမယ့် ခင်လေးကတော့ ကိုသီလာနိုင်မယ်မထင်ဘူး''

''ဘာဖြစ်လို့လဲ ခင်လေး''

''ဒီနားရွာတွေက လူတွေက ခင်လေးတို့ခုနစ်အိမ်တန်းရွာကို မကောင်းဆိုးဝါးရွာလို့ ဆက်ဆံကြတာ၊ လူရာမသွင်းကြဘူး။ ကိုသီမယုံရင် မေးကြည့်တာနဲ့ ပစ်ပစ်ခါခါ ကန့်ကွက်ကြမှာ။ အကူးအသန်းမလုပ်ဖို့ တားကြမှာ''

ကိုသီပြုံးပြီး ဒါဆို ''စိတ်ချခင်လေး ခင်လေးတို့ရွာကိုလာရင် ဘယ်သူမှ မသိအောင်လာမယ်။ အရေးကြီးတာက ခင်လေး လာကြိုနေမှာလား''ဟုမေးသည်။

''စိတ်ချ ကိုသီ ခင်လေးမျှော်နေမယ်။ လာမယ်ဆိုရင် မကျည်းပင်ကြီးအောက်မှာ ခင်လေး စောင့်နေမယ်''

''စိတ်ချခင်လေး ကိုသီ မနက်ဖြန်ည အရောက်လာခဲ့မယ်''

■

၃။

ကျွန်မကို ဘကြီး ဘထွေးတို့က လူသားတွေနဲ့ မပတ်သက်ဖို့ ကန့်ကွက်ကြသည်။

"ကိုယ့်ဘဝကို ကိုယ်သိဖို့လိုတယ်လေ။ ငါတို့က လူသား ဟန်ဆောင်နေကြတဲ့ ပရလောကသား၊ မကောင်းဆိုးဝါး၊ နာနာ ဘာဝတွေ၊ ငါတို့ဘဝမှန်ကိုသိရင် သူတို့ ကြည်ဖြူနိုင်မှာမဟုတ် ဘူး။ စိတ်အလိုမလိုက်နဲ့ ခင်လေး"

"သူမသိအောင် ကြိုးစားနေပါတယ်။ ကျွန်မ · ကျွန်မ"

"ခက်တယ်ကွယ်"

နောက်တစ်နေ့ည ကိုသီရောက်လာသည်။ မကျည်းပင်ကြီးအောက်မှာ ဆုံကြသည်။

ကျွန်မရင်ထဲက အပျော်ကို ဘယ်လိုပြောရမည်မသိ။

ဒီညက စကားတွေ ပြောကြသည်။

ကိုသီက စကားပြောရင်း ဆိုင်းသံကြားသလိုလိုပဲ။ ခင်လေးတို့ရွာမှာ ပွဲရှိလားဟု မေးသည်။

"ဟုတ်တယ်၊ ဇာတ်ပွဲရှိတယ်လေ"

"သွားရအောင်လေ၊ ခင်လေးတို့ရွာကို ကြည့်ချင်တယ်၊ ဘယ်လိုလဲ ခင်လေးခေါ်သွားမလား"

"ကိုသီလိုက်ချင်တယ်ဆို ခင်လေးခေါ်သွားမယ်လေ"

ကျွန်မနှင့်သူ လိုက်ခဲ့သည်။ ရွာဦးမှာ ဇာတ်ပွဲရှိသည်။

ွဲဈေးက စည်ကားလှတယ်။

ပျော်နေကြသဖြင့် အချိန်တွေ မေ့သွားကြတယ်။အာရုံ ကျင်းလာပြီ။

လူတွေ ကြဲပါးကုန်သည်။

ကျွန်မကိုယ်တိုင်လည်း ဟန်လုပ်မရနိုင်အောင် ရှိခဲ့ပြီ။ ကျွန်မတို့နှာနှာဘာဝ ဘဝကအကာလညအခါမှာ အသွင်သဏ္ဍာန် ာစ်ခုယူနေနိုင်သော်လည်း ညကုန်ဆုံးသည်နှင့် အသွင်ဆောင်မှု တွေ ပျောက်စပြုလာတယ်လေ။

ထို့ကြောင့် ကျွန်မက

"ကိုသီ မိုးလင်းတော့မယ် ပြန်တော့နော် မိုးလင်းသွားလို့ ကိုသီဒီမှာရှိနေရင် ရွာကလူတွေက ကိုသီ့ကို အပြစ်တင်ကြလိမ့် မယ်။ ပြန်တော့နော်"ဟု ပြောတော့ ကိုသီက သက်ပြင်းချပြီး

"ခင်လေး ပြန်စေချင်လည်း ကိုသီပြန်ပါတော့မယ်။ မနက်ဖြန်လည်း လာခဲ့ဦးမယ်လေ။ ခင်လေးစောင့်နေမလား"

ကျွန်မ ခေါင်းငုံ့ပြီး ခေါင်းညိတ်လိုက်သည်။

နောက်နေ့တွေမှာ ကျွန်မနဲ့ကိုသီ ညတိုင်း မကျည်းပင် ကြီးအောက်မှာ တွေ့ကြသည်။

စကားတွေ ပြောမကုန်။

"ခင်လေး"

"ဘာလဲကိုသီ"

"ခင်လေးကို ကိုသီစကားတစ်ခုပြောချင်တယ်"

"ပြောလေ"

"ခင်လေးကို ကိုသီချစ်တယ် လူကြီးစုံရာနဲ့ တောင်းပြီး ခင်လေးကို မြို့ခေါ်သွားမယ်လေ။ ခင်လေးလက်ခံနိုင်မလား"

သည်စကားကြားတော့ ကျွန်မ ခံစားရသည်။ ပျော်စရာ စကားဖြစ်သော်လည်း မပျော်နိုင်။ မျက်ရည်ဝေ့သော မျက်လုံးနဲ့ ကြည့်ပြီး...

"ကိုသီရယ်...ကိုသီဘဝနဲ့ ခင်လေးဘဝက မတူပါဘူး။ ဒါကြောင့် ဘယ်သူမှ သဘောတူကြည်ဖြူမှာ မဟုတ်သလို လက်ခံကြမှာလည်းမဟုတ်ဘူး။ ဆန္ဒမစောပါနဲ့ ကိုသီရယ်"

"ကို ဆုံးဖြတ်ပြီးပြီ ခင်လေး"

"ရှင်"

ကျွန်မတအံ့တဩနှင့်ကြည့်လိုက်ချိန် ကိုသီက ခင်လေးကိုထွေးဖက်လိုက်သည်။

ခပ်ဖွဖွနမ်းရင်း....

"ဟုတ်တယ်ခင်လေး ကိုယ်ဆုံးဖြတ်ပြီးပြီ ဒီနေ့ ကိုမပြန်တော့ဘူး။ ခင်လေးနဲ့ ဒီညအတူနေမယ်။ မနက်ကျရင် ခင်လေးမိဘတွေကို ခွင့်တောင်းပြီး ခေါ်သွားမယ်"

"ရှင်"

"ဟုတ်တယ်ခင်လေး၊ ဒါဟာကိုယ့်ဆုံးဖြတ်ချက်ပဲ"

ကျွန်မဘာပြောရမယ် မသိဘူး။ မငြင်းရက်သလို၊ အငြင်းခက်နေပြီ။

ထို့ကြောင့် ကျွန်မသူ့ကိုခေါ်ခဲ့တယ်။ ဒီညက သူ့အလို ကျ သူ့ရင်ခွင်မှာ မှေးစက်နေခဲ့တယ်။ သူအိပ်ပျော်သွားတော့ ကျွန်မ ရင်နင့်စွာ မျက်ရည်လည်ရွဲနှင့် ကြည့်နေမိတယ်။

"ကိုရယ် ဘာဝမတူကြပေမယ့် ကျွန်မ ကို့ကိုချစ်နေမှာ ပါ"

၄။

ကျွန်မဘာဝမှန်ကို သူသိသွားပြီလေ။

နေရောင်ခြည်နဲ့အတူ ကိုသီနိုးလာတော့ ဖုန်ဆိုးမြေအပြင် ခြုံစပ်၌ ကိုသီတစ်ဦးတည်းရှိနေတယ်။

"ခင်လေး၊ ခင်လေး"

ကိုသီတစ်ဦးတည်း မြက်ခင်းပြင်၌ တောင်ကမူခေါင်းအုံး အိပ်နေသည်ကို ကျွန်မသိနေသည်။ မြင်နေသည်။

ကျွန်မဘာဝက ချစ်သူကို ခင်ပေမယ့် မကြင်နိုင်တဲ့ဘာဝ ပါ။

"ခင်လေးရယ် မင်းဟာလူတွေ ပြောသလို မကောင်း ဆိုးဝါး၊ နာနာဘာဝဖြစ်နေပေမယ့် ကိုယ့်အချစ်မပြယ်ပါဘူး။ မင်း ယုံပါ"

ကျွန်မ ဖြေမဆည်နိုင်ခဲ့ပါ။

နှမ်းလျစွာ လှည့်ပြန်သွားသည့် ကိုသီကျောပြင်ကို ကြည့် ရင်း ကျွန်မငိုမိသည်။

ကျွန်မခံစားနေရသည်ကို သူသိမည်မဟုတ်။ ကျွန်မတွင် တစ်ခုသော အစွမ်းသတ္တိရှိမည်ဆိုလျှင် ''ကျွန်မလည်း ကိုသီကို တုန့်နိုင်းမရတဲ့ အချစ်နဲ့ချစ်နေမည်'' လို့ ပြောချင်ပါတယ်။

ပြောပြချင်ပါတယ်။

ဒေဝေါ

◆ ◆ ◆ ◆ ◆



## ရက္ခစိုး ငပေ

ကျွန်ုပ် ဗိမာန်အဖျက်ခံရတဲ့အတွက်
ကျွန်ုပ်နေစရာအတွက် စီစဉ်ပေးပါဦးဘုရား
သို့ဖြင့် ရက္ခစိုးငပေသည် အထင်ကရဗိမာန်ရှင်အဖြစ်
ထင်ရှားခဲ့ပြီ

အရှေ့ဘက်ကောင်းကင်

၁။

ရုက္ခစိုးများနှင့်ပတ်သက်၍ ကျွန်တော် သုတေသနပြုပြီး စာတစ်စောင် ပေတစ်ဖွဲ့ ရေးခဲ့ဖူးသည်။

ရုက္ခစိုးနှင့် ပတ်သက်၍ လူအများက 'ရုက္ခစိုးနတ်' ဟု ဆိုကြသော်လည်း အသေအချာ ဆန်းစစ်လေ့လာကြည့်လျှင် ရုက္ခစိုးသည် တန်ခိုးကြွက်ထိပ်ပ၌ အနည်းငယ်ရှိသော ပြိတ္တာအမျိုး အစားဝင်ဟု ဆိုရမည်။

ကျွန်တော်သည် လယ်တီပဏ္ဍိတအကြောင်း လေ့လာ ရင်း လယ်တီကရုက္ခစိုးအကြောင်း သိရှိခဲ့ရသလို၊ ကိုင်ဘင် ဆရာတော်အကြောင်း လေ့လာရင်း ရုက္ခစိုးအကြောင်းကို သိရ၏။

ရုက္ခစိုးအကြောင်းသည် စိတ်ဝင်စားဖွယ်အကြောင်းတစ်ခု ဖြစ်သည်။ ယခု ကျွန်တော်တင်ပြမည့် ရုက္ခစိုးအကြောင်းသည် လည်း စိတ်ဝင်စားဖွယ် ကောင်းလှသည်။

ယခု ကျွန်တော်တင်ပြမည့် ရုက္ခစိုးအကြောင်းက အထက်အညာကျေးလက်သို့ ရောက်ခဲ့စဉ်က မှတ်သားရမည့် အကြောင်း ဖြစ်၏။

ထိုအကြောင်း.....

၂။

အညာကျေးလက် ရွာတစ်ရွာ။ ထိုရွာက ရွာကြီးတစ် ရွာ မဟုတ်။ ရွာငယ်တစ်ခုသာ ဖြစ်သည်။

ထိုရွာ၌ အလွန်ရှေးကျသည့် ကျောင်းတစ်ကျောင်း ရှိသည်။ ကျွန်းရဲတိုင်ကြီးများနှင့် ဆောက်လုပ်ထားသည့်ကျောင်းဖြစ်သည်။

ထိုကျောင်းအား မြန်မာပြည်အား ဗြိတိသျှ အင်္ဂလိပ်မျက်နှာဖြူတို့ မသိမ်းပိုက်မီက ဆောက်လုပ်ခဲ့သည့်ကျောင်းဖြစ်၏။

ယင်းကျောင်းသည် ကျောင်းထိုင်ဆရာတော်မမြဲသည့်ကျောင်းဖြစ်၏။

ဤကျောင်း၌ ကျောင်းထိုင်ဆရာတော် မမြဲသည်မှာ ရွာက လွန်စွာခေါင်ခြင်း၊ ရွာသူရွာသားတို့ ဆင်းရဲခြင်းစသည့်အကြောင်းများအပြင် ထိုကျောင်း၌ လွန်စွာဆိုးဝါးသည့် ရုက္ခစိုးကြီးတစ်ကောင်ရှိနေသည့်အကြောင်း အပါအဝင်ဖြစ်၏။

ထိုကျောင်း၌ ကျောင်းထိုင်ဆရာတော်အဖြစ် တာဝန်ယူရသည့် ဆရာတော်သည် အကျင့်သီလပြည့်စုံပြီး စရဏအားကောင်းရမည်။

သို့မဟုတ် ယခင်က ထိုကျောင်းတွင် ရှိသော တစ္ဆေကြီးသည် အမျိုးမျိုးနှောင့်ယှက်တတ်၏။ ချောက်လှန့်တတ်သလို ပူးကပ်တတ်သည့်အလေ့လည်းရှိ၏။

ထိုကျောင်းရှိ တစ္ဆေနှင့်ပတ်သက်၍ လူတိုင်းပြောစမှတ်ဖြစ်နေသည့် အကြောင်းတစ်ခုရှိခဲ့၏။

ကျောင်းထိုင်ဆရာတော် ဦးအဂ္ဂသီရိလက်ထက်က ဖြစ်၏။ ဦးအဂ္ဂသီရိလည်း ဤရွာဇာတိမဟုတ်။

ဤရွာသားတစ်ဦး၏ မေတ္တာရပ်ခံမှုဖြင့် ဤရွာသို့ ရောက် လာပြီး၊ ကျောင်းထိုင်ဆရာတော်အဖြစ် ဤကျောင်း၌ သီတင်း သုံးခဲ့၏။

ထိုကျောင်းတွင် ကျောင်းထိုင်ဆရာတော်အပြင် ကိုရင် ကြီး တစ်ပါးနှင့် ကပ္ပိယဦးညဏ်ကျယ်တစ်ဦးသာရှိ၏။

ဦးညဏ်ကျယ်က နားထိုင်း၏။ ခါးကိုင်း၏။ သို့သော် ချိန့်သူမှုမဟုတ်။

ကျောင်းဝေယျာဝစ္စကို မနားတမ်းလုပ်၏။ ကိုရင်ကြီး ကမူ နိစ္စဓူဝ ဆွမ်းခံထွက်၏။ ရွာသူရွာသားတို့က ဆင်းရဲသော် လည်း သဒ္ဓါတရားထက်သန်၏။

ထို့ကြောင့် ကိုရင်ကြီး ဆွမ်းခံထွက်လျှင် ဆွမ်းဟင်း နည်းသည့်နေ့မရှိ။ အစဉ်အမြဲ ဆွမ်းသပိတ်အပြည့်နီးပါးရ၏။ ဟင်းခွက်စုံရ၏။

သည်အခါ ကိုရင်ကြီးက ကျောင်းထိုင်ဆရာတော် လက် သစ်အား အမြဲဆွမ်းကပ်၏။

သို့မို့ကြောင့် ဆရာတော်ဦးအဂ္ဂသီရိလည်း ဆွမ်းခံခြင်း မပြုတော့။

ဒါကို ကပ္ပိယကြီးက မနှစ်သက်။

ကပ္ပိယကြီးက ဆရာတော်သာ ရွာထဲသို့ ဆွမ်းခံကြွစေချင်သည်။ ယင်းသမို့ ကပ္ပိယကြီးက

"ဆရာတော် ဆွမ်းခံကြွတယ်ဆိုတာ ရှုတင်ဆောင်ခြင်းတစ်ခုပဲ။ မပျက်သင့်ဘူး။ ရှောင်မနေသင့်ဘူး"

ဟု ပြောလျှင် ဆရာတော်က ပြည့်စုံနေပြီပဲ ကပ္ပိယကြီးရယ်။ ကျုပ်က ပင်ပန်းဖို့မလိုပါဘူး။

"ဆွမ်းခံတာ ပင်ပန်းတာမဟုတ်ဘူးလေ။ ဆွမ်းခံတာ ရဟန်းသံဃာအလုပ်ပဲ။ အပင်ပန်းခံသလောက် အကျိုးထူးပါတယ်။ ရှုတင်တစ်ပါးဆောင်ပြီးသားလည်း ဖြစ်တယ်မဟုတ်လားဘုရား"

"ဒါကို ငါသိတယ်ကပ္ပိယကြီ့ ရယ်။ ဘုန်းကြီး စာမချပါနဲ့"

ဟု ပြောပြီးကိုရင်ကြီးဆွမ်းခံရသည့် ဆွမ်းကို ဘုဉ်းပေးသည်။ ပြီးလျှင် ကျိန်းစက်အနားယူနေသည်။

သို့သော် ဆရာတော်ဉူးအဂ္ဂသီရိသည် ထိုကျောင်းတွင် မမြဲခဲ့။

တစ်ညဆရာတော်ဉူးအဂ္ဂသီရိ ကျက်သရေခန်းမှ ကျိန်းစက်နေစဉ်...

"အား အူး အား"

ဝူး၊ ဝူး၊ ဝါ၊ ဝါ အော်ဟစ်ပြီး ကျောင်းပေါ်မှ ပြေးဆင်း

လာသည်။

ကပ္ပိယကြီးက ဆရာတော်ဘာဖြစ်တာလဲ၊ ဘာဖြစ်တာလဲ ဟု စိုးရိမ်တကြီးမေးသည်။

ဆရာတော်တစ်ကိုယ်လုံး ချွေးတွေရွှဲနစ်နေ၏။ နတ်ကျသလို ဆတ်ဆတ်တုန်နေ၏။

"ငါ ငါကို မဲမဲကောင်ကြီး၊ ကျောင်းထုတ်တန်းပေါ်က ခုန်ဆင်းလာပြီး အတင်းလည်ပင်းလာညှစ်တယ်လေ၊ ငါ မနည်းရုန်းထွက်လာခဲ့ရတာ။ ငါ ငါ ဒီကျောင်းမှာ ဆက်မနေတော့ဘူး"

ဤသို့ဖြင့် ဆရာတော် ဦးအဂ္ဂသီရိသည် ထိုကျောင်းကို စွန့်သွား၏။

၃။

ထိုကျောင်းကို ရေနံချောင်းမှ ဦးဥတ္တမဆိုသည့် ဆရာတော်တစ်ပါး ရောက်လာပြီးသည့်နောက်ပိုင်း ကျောင်းက စိုပြေလာ၏။

ဆရာတော် ဦးဥတ္တမက ရောက်ကတည်းက ကျောင်းက စည်ကားလာသည်။ စာသင်တိုက်အဖြစ်တိုးချဲ့ရန် အစီအစဉ်ဆွဲ ခဲ့သည်။

ဦးဥတ္တမက ဆွမ်းခံဝတ်မပျက် နေ့လည် ၁နာရီမှ ညနေ ၃နာရီထိ တရားရှုမှတ်၏။ ညနေဆည်းဆာချိန်၌ ကျောင်းဝင်းအတွင်း စင်္ကြန်လျှောက်ကာ မေတ္တာဘာဝနာ ကမ္မဋ္ဌာန်းစီးဖြန်း၏။

တစ်ညတွင် ဆရာတော်ဦးဥတ္တမသည် ထူးခြားသော အိပ်မက်ကို မြင်မက်သည်။

အိပ်မက်ထဲ၌ ကိုယ်တွင်အဝတ်မရှိသော်လည်း အရောင်အဝါတောက်ပသည့်သူတစ်ဦးသည် ရိုကျိုးစွာ ဆရာတော်ရှေ့ ရောက်လာ၏။

ဆရာတော်က

"အသင်မည်သူနည်း"

ဟုမေး၏။

"ကျွန်ုပ်က ရက္ခစိုးငဖေပါဘုရား"

"ဘာအကြောင်းနဲ့ ငါ့ရှင်ကျုပ်ဆီရောက်လာလဲ"

"ကျွန်ုပ်ဗိမာန် ပျက်စီးသွားလို့ အရှင်ဘုရား ကျောင်းတိုက် အတွင်းမှာ နေခွင့်ပြုဖို့လာပြီးလျှောက်ထားတာပါ ဘုရား"

"အိမ်း ရက္ခစိုးကြီး အဆင်ပြေနေရာမှာနေပါ ငါခွင့်ပြု ပါတယ်"

"ကျေးဇူးပါပဲဘုရား"

"အိမ်း သာဓု၊ သာဓု၊ သာဓု"

ထို့နောက် ရက္ခစိုးငဖေ လျှောက်သွားပြီး ဆရာတော် လည်း ကျန်းစက်ရာမှာ နိုးခဲ့သည်။

ဆရာတော် ဦးဥတ္တမရောက်လာပြီးနောက်ပိုင်း တစ္ဆေကြီး သတင်းသည် ငြိမ်သွား၏။

စင်စစ် တစ္ဆေကြီးသည် ဤကျောင်း၌ သတင်းသုံးသွားခဲ့သည့် ကိုရင်ကြီးတစ်ပါး သေလွန်ပြီးနောက် ဥစ္စာစွဲခဲ့သဖြင့် မကျွတ်မလွတ်ဘဲ တစ္ဆေဖြစ်နေသူဖြစ်၏။

တစ်ည ဆရာတော်အား အိပ်မက်ပေးသဖြင့် မြှုပ်နှံထားသော ငွေအသပြာအား ဖော်ယူပြီးဒါနအမှုပြုကာ ဆရာတော် ဦးစီး၍ အမျှဝေ သာဓုခေါ်ခဲ့သဖြင့် ကျွတ်လွတ်သွားခဲ့သည်။

တစ္ဆေကြီးသည် ကျွတ်လွတ်သွားလျှင် ဆရာတော်အား လာရောက်ဖူးမြော်ခဲ့၏။

"ဆရာတော်ရဲ့ ဒါနအမှုနဲ့ ပေတဒါနပြုခဲ့ခြင်းကြောင့် တပည့်တော် ကျွတ်လွတ်ခဲ့ပါပြီ အရှင်ဘုရား"

၄။

ဆရာတော် ဦးဥတ္တမ၏ သီလ၊ သမာဓိပြည့်စုံခြင်း၊ သီလ၊ ဒါနအမှုနှင့် မေတ္တာဘာဝနာပွားများမှု မှန်ကန်ခြင်းတို့ကြောင့် ကြည်ညိုသူ ပေါများခဲ့သလို ကျောင်းကိုပြင်နိုင်သလို၊ ကိုးတောင်ပြည့်ဘုရားတစ်ဆူ တည်ထားကိုးကွယ်ရန်အခွင့်သာခဲ့၏။

ဘုရားတည်၍ ဆောင်းတန်းလုပ်ရာတွင် မလွတ်သဖြင့် သစ်ပင်ကြီးအချို့အားခုတ်လှဲရ၏။ ယင်းသို့ခုတ်လှဲရာတွင် ရုက္ခစိုး

ငဖေ၏ ဗိမာန်သစ်ပင် ပါသွားခဲ့ကို သတိမမူလိုက်ပေ။

တစ်ညနေ ဆရာတော်စကြံ့န်လျှောက်ခိုက်

"ဆရာတော် ဆရာခွင့်ပြုချက်နဲ့ နေနေတဲ့ ကျွန်ုပ်ဗိမာန် အဖျက်ခံရတဲ့အတွက် ကျွန်ုပ်နေစရာအတွက် စီစဉ်ပေးပါဦး ဘုရား"

ဟုတောင်းဆိုအကြောင်းကြားသံကြားလိုက်သည့်အတွက် ဆရာတော်စိတ်မကောင်းဖြစ်သွားရ၏။

ထို့ကြောင့် ဆရာတော်သည် ကျောင်း၏ အနောက် မြောက်ဘက်၌ ရှိသည့် တယ်သီပင်ကြီး၌ ဗိမာန်ဆောက်ကာခွင့် ပြုခဲ့၏။

သို့ဖြင့် ရုက္ခစိုးငဖေသည် အထင်ကရ ဗိမာန်ရသဖြင့် ထင်ရှားခဲ့သည်တည်း။

စာဖတ်သူများရဲ့
ဒေဝေါ

◆ ◆ ◆ ◆ ◆



# ရက္ခစိုးငဖေနှင့် ပုံကျတစ္ဆေများ

'တစ္ဆေကြီးသောင်းကျန်းနေတာ
အရှင်ဘုရား သိပါလိမ့်မယ်ဘုရား'
'အိမ်း ငါက လူသားတွေအပေါ်
သတ္တဝါတွေ အပေါ် မေတ္တာထားရတဲ့
ရဟန်းဖြစ်နေတယ်'
'လူသားတွေအတွက် မရှိသင့်၊
မဖြစ်သင့်တာမို့ ကျွန်ုပ် ကို့ရှင်းခွင့်၊ ဆုံးမခွင့်ပြုပါ'

အရှေ့ဘက်ကောင်းကင်

၁။

တစ္ဆေလောက၌လည်း ရမ်းရမ်းကားကား ပျံကျတစ္ဆေများ ရှိသည်။

'ရက္ခစိုးဖေ' သည် ရက္ခစိုးဘဝနှင့် လူဘဝက အမည်တွဲဖက်ကာ ရှင်သန်လာသူဖြစ်၏။ ဖေသည် ထိုက်သင့်သည့် တန်ခိုးလက္ခဏာပါဒ် ရှိသူဖြစ်၏။

ရက္ခစိုးဖေသည် ဆရာတော်ကိုယ်တိုင် ဗိမာန်တည်ဆောက်ပေးခဲ့ပြီးသည့်နောက် ဆရာတော်ဦးဥတ္တမ၏ သစ္စာခံတစ်ဦးနှယ်ရှိခဲ့၏။

ကျောင်းတိုက်လုံခြုံရေး၊ ကျောင်းတိုက် ငြိမ်းချမ်းရေးအတွက်အစဉ်ဆောင်ရွက်သူဖြစ်၏။

တစ်ခါက ညောင်ပင်သာကျောင်းတိုက်၌ တစ္ဆေကြီးအား ရက္ခစိုးဖေ ဆုံးမလိုက်ရ၏။

ယင်းသို့ တစ္ဆေရမ်းကား တစ္ဆေကြီးအား ရက္ခစိုးဖေ မဆုံးမမီ ဆရာတော်တွေ့မြင်ဖူးမြော်လေသည်။

"အသင် ရက္ခစိုးကြီး ငါ့ကိုတွေ့ရတာ အကြောင်း ရှိနေလား"

ဟု ဆရာတော် ဦးဥတ္တမက မိန့်၏။

"မှန်ပါ့ အရှင်ဘုရား၊ ယခုကျောင်းတိုက်ဝန်းတွင်းမှာ လူသူမလာရဲအောင် တစ္ဆေကြီးသောင်းကျန်းနေတာ အရှင်ဘုရား

ကြားသိပါလိမ့်မယ်ဘုရား”

သည်အခါ ဆရာတော်က ဟုတ်တယ် ဒကာရက္ခစိုး ဒီအဖြစ်ဟာ နှစ်သက်ဖွယ်မဟုတ်သလို၊ လူသားတွေအတွက် အန္တရာယ်ဆိုတာလည်း ငါသိတယ်။ ရက္ခစိုးကြီး ဒါပေမယ့် ငါဟာ သတ္တဝါတွေအပေါ် မေတ္တာထားရတဲ့ရဟန်းတစ်ဦး ဖြစ်နေလို့ ငါ ခွင့်လွှတ်ထားရတာကွယ့် ဟုမိန့်၏။

“အရှင်ဘုရားအနေနဲ့ခွင့်လွှတ်သည်။ မေတ္တာထားတာ မှန်ပေမယ့် လူသားတွေအတွက် မဖြစ်သင့်။ မရှိသင့်တဲ့ အရာမို့ ကျွန်ုပ်ကိုရှင်းလင်းခွင့်၊ ဆုံးမခွင့်ပြုပါအရှင်ဘုရား”

“အိမ်း ကောင်းပြီ ရက္ခစိုးကြီးတစ္ဆေကြီးအတွက် အန္တရာယ် တစ်စုံတရာ၊ နစ်နာဆုံးရှုံးမှုတစ်စုံတရာ မကြုံရလေ အောင် သင်ပြုပါ ရက္ခစိုးကြီး”

“ကောင်းပါပြီ အရှင်ဘုရား”

၂။

ညောင်ပင်သာကျောင်းတိုက်အတွင်းမှ ရက္ခစိုးနှင့် တစ္ဆေကြီး၏ ရန်ပွဲသည် အထင်ကရဖြစ်ခဲ့၏။

စင်စစ်တစ္ဆေကြီးသည် သက်ရင့်တစ္ဆေကြီးဖြစ်၏။ တစ္ဆေကြီးသည် ခန္ဓာကိုယ်ထွားကျိုင်းပြီး အမွေးအမျှင်ထူ၏။

မြေဘဝမှ တစ္ဆေဖြစ်လာသူဖြစ်သဖြင့် ရမ်းကား၏ ရက်စက်၏။

ထို့ကြောင့် တစ္ဆေလောက၌ သူလည်း တစ္ဆေများစွာ၏ ရှံ့ကြောက်ဖြစ်ခဲ့၏။ ယင်းတစ္ဆေကြီး စည်းကမ်းမရှိ။

မိမိနေရာမဟုတ်သော်လည်း၊ ထိုင်နေရာအား နေလိုသည့် ဆန္ဒရှိလျှင် ထိုနေရာအားကျူးကျော်၏။

ထိုနေရာတွင်နေသူအား ရန်ပြု၏။ ထို့ကြောင့် တစ္ဆေ အများစုက တစ္ဆေရမ်းကားကြီးကို တုဖက်မပြိုင်ကြ၊ ရှောင်ကြ ၏။

ဒါကိုပင် တစ္ဆေရမ်းကားကြီးအဟုတ်ထင်ခဲ့သည်ထင် ၏။ ထင်တိုင်းကျဲသည့် အဆင့်ရောက်ခဲ့ပြီ။

တစ်ခါသော် အလွန်တရာအရိပ်အာဝါသကောင်းပြီး ငြိမ်းချမ်းသည့် ကညင်ပင်နေ သရဲမိသားစုအား တစ္ဆေကြီးရန်ပြု ၏။

"ဒီရိပ်မြုံဟာ ငါနဲ့သာဆိုင်တယ်။ ငါ့နေရာပဲဖြစ်တယ်။ ဖယ်ကြ"

ဟု နိုင်ထက်ကလူဆို၏။ ရိုက်ပုတ်၏။

ထို့ကြောင့် ကညင်ပင်နေသရဲမိသားစု အခက်ကြုံရ၏။ ဒုက္ခပင်လယ်ဝေရ၏။

အခြေအနေမဲ့ သရဲမိသားစု ဖြစ်သွား၏။

သည်အခါ ရက္ခစိုးငဖေ ထိပ်တိုက်ဆုံကြပြီ။ ရက္ခစိုးငဖေ သည် ယင်းပွဲကို ရှင်းရန် ဆုံးဖြတ်လိုက်သည်။

တစ္ဆေကြီးနှင့် ရက္ခစိုးငဖေထိပ်တိုက်ဆုံကြပြီ။ ရက္ခစိုးငဖေသည် သူ့အသွင်မှန်နှင့် တစ္ဆေကြီးအားရင်ဆိုင်ခဲ့ခြင်းမဟုတ်။

သရဲတစ်ကောင်အသွင်နှင့်ထိပ်တိုက်ရင်ဆိုင်ခဲ့၏။ တစ္ဆေကြီးက အစဉ်အနိုင်ကျင့်တတ်ပြီး အနိုင်ရနေသူအဖြစ်သိနေသူဖြစ်သည်နှင့်အညီ ရက္ခစိုးငဖေကိုလည်း ရက္ခစိုးမှန်းမသိ။ သူမြင်သဖြင့် ရမ်းကားမှုနှင့် အနိုင်ယူရန် ဆိုင်းပြင်း၏။

ရက္ခစိုးငဖေသည် တစ္ဆေရမ်းကားကြီးအား ဆုံးမရန် အစီအစဉ်ရှိသဖြင့် တစ္ဆေရမ်းကားကြီးအား ရက္ခစိုးငဖေအနေနှင့် တစ်ချက်တည်း အနိုင်ယူနိုင်၏။

ရက္ခစိုးငဖေက သာမန် တစ္ဆေသရဲမဟုတ်။ သင့်တင့်သော တန်ခိုးဣဒ္ဓိပါဒ်ကို ပိုင်ဆိုင်ထားသော ရက္ခစိုးဖြစ်သည်။

သို့သော် ပညာပေးလိုသည့်ဆန္ဒရှိသဖြင့် ပရိယာယ်နှင့်စဉ်းစား၏။

သာမန်တစ္ဆေသရဲအဖြစ် တစ္ဆေရမ်းကားကြီးအားရင်ဆိုင်ပြီး အသေးလေးမှ အကြီးကြီးအဖြစ်ပြ၏။ အကြီးကြီးမှသေးငယ်ပျောက်ဆုံးသည် အသွင်ပြင်။

''မင်းကို ငါတစ္ဆေဖိဝိန်ချုပ်ပစ်မယ်''

ဟု တစ္ဆေရမ်းကားကြီးက ကျိန်းဝါး၏။

သေးငယ်သူအဖြစ် ဖန်ဆင်းထားသည့် ရက္ခစိုးငဖေအား

ခြေနှစ်ချောင်းကိုင်ကာ ကျောက်တိုင်နှင့် ရိုက်သတ်ရန်ပြု၏။

တစ္ဆေရမ်းကားကြီးအား ဆုံးမရန်အတွက် ချထားသည့် ရက္ခစိုးငဖေ ရုတ်ချည်း သူ့ခန္ဓာကိုယ်အား သေးရာမှ တမဟုတ်ချင်း အံကြီးကြီးဖန်ဆင်းလိုက်၏။

"အား"

ခြေအစုံကိုကိုင်ထားသည့် တစ္ဆေရမ်းကားကြီး တုန်လှုပ်သွား၏။

အလန့်တကြားအော်ပြီး လွှတ်လိုက်ရ၏။ ထိုစဉ် အဆပေါင်းများစွာ ဖြစ်စေရန် ဖန်ဆင်းလိုက်သဖြင့် တစ္ဆေရမ်းကားကြီးသည် သေးသေးလေးဖြစ်သွား၏။

ရက္ခစိုးငဖေသည် တစ္ဆေရမ်းကားကြီးအပေါ်မှ ဆီးပိုးကြည့်ပြီး ဦးခေါင်းအား ကြီးမားသည့်လက်သီးကြီးနှင့် ရိုက်ချရန်ပြင်လိုက်၏။

"ကျွန်တော်....ကျွန်တော်ကို ခွင့်လွှတ်ပါ ကျွန်တော့်အသက်ကို ချမ်းသာပေးပါ"

ရိုင်းစိုင်းရမ်းကားသည့် တစ္ဆေကြီးက ကြောက်ရွံ့ တုန်လှုပ်စွာ ဒူးထောက်တောင်းပန်၏။

"ကောင်းပြီ တစ္ဆေကြီး သင်အပြစ်ကို သင်သိ၍တောင်းပန်လျှင် ငါခွင့်လွှတ်၏။ သင်မကြောက်လင့်"

ဟုဆိုပြီး ရက္ခစိုးငဖေက သူ့ဘဝမှန်ကို သူလှစ်ပြလိုက်သည်။

တစ္ဆေကြီးသည် ရက္ခစိုးငဖေ၏ ပကတိဘဝကိုသိလျှင် ပို၍တုန်လှုပ်သွား၏။

“အရှင်ရက္ခစိုးမင်း မသိ၍တစ်ကြိမ်မိုက်မဲမိသည်ကို ခွင့်လွှတ်ပါ။ နောင်ဤသို့ မဖြစ်စေရပါ ကတိပြုပါသည်”

ဟုဆို၏။

ရက္ခစိုးငဖေက “ကောင်းပြီ တစ္ဆေကြီး ကြီးနိုင်ငယ်ညှင်းဆဲအမှုကို မကောင်းကြောင်းကို သင်သိလျှင် ငါ ခွင့်လွှတ်၏” ဟု ဆို၏။

ထို့နောက် ရက္ခစိုးငဖေက

“နိုင်ထက်ကလူပြုခြင်း၊ ရက်စက်ခြင်းသည် မကောင်းမှု ဖြစ်၏။ ဘဝတူခြင်း စာနာမှုထားခြင်းသည်ကောင်းမြတ်ခြင်းသာ ဖြစ်သည်ကို သင်ထားပါ”

ဟု ဆုံးမ၏။

“ကျွန်ုပ် နိုင်ထက်ကလူပြုခြင်း၊ ရက်စက်ခြင်းကို မပြု တော့ပါ။ ဘဝတူဘုံသားခြင်း စာနာမှုနှင့်ညီညွတ်စွာနေပါမည် ရက္ခစိုးနတ်ကြီး”

“ကောင်းလေစွ၊ ကောင်းလေစွ”

၃။

ရက္ခစိုးငဖေသည် ယင်းအဖြစ်နောက်ပိုင်း ညောင်ပင်သာ ကျောင်းတိုက်နှင့် ပတ်ဝန်းကျင်ပရလောကအား ဦးဆောင် ကြိုး

ိုင်သူဖြစ်ခဲ့၏။

ဆရာတော်ဦးဥတ္တမ၏ မိတ်ဆွေ၊ ကူညီသူအဖြစ် ကွဲစိုး ငဖေက ရပ်တည်သူဖြစ်ခဲ့သလို တဆွေကြီးက ကွဲစိုးငဖေ၏ ဆန္ဒစီစဉ်မှုအတိုင်း ပျံကျတဆွေသရဲများကို သိန်းကျောင်းသူဖြစ် ခဲ့၏။

ပျံကျတဆွေသရဲတို့အားနေစရာစီစဉ်ပေး၏။

မသင့်မတင့်ဖြစ်လျှင် စီစဉ်ပေး၏။

ထို့ကြောင့် ညောင်ပင်သာကျောင်းဝိုင်းတွင်းနှင့် ဝန်းကျင်ဘွင် ငြိမ်းချမ်းခဲ့၏။

မကောင်းကြံ၊ မမှန်လုပ်သူတို့အား ဆုံးမသလို အကျင့်ဒရဏ အတွက်၊ တရားဘာဝနာရှုမှတ်နေသူတို့အတွက် ငြိမ်းချမ်းယ်ဖြစ်ခဲ့ပြီတည်း။

စာဖတ်သူများရဲ့
ဒေဝေါ

◆ ◆ ◆ ◆ ◆



# အနောက်ဖက်တန်းက သရဲမဂျမ်းစိန်

ကညင်ပင်တွင်
ဝင်ရောက်ပူးဖော်သူလည်း ရှိနေပြီ။
သို့ကြောင့် သရဲအိမ်လား၊ နတ်အိမ်လား၊
ပြောရခက်သည်။ ကြာတော့….
သရဲမဂျမ်းစိန်က အပိုင်စားနတ်ကြီးဖြစ်နေပြီ

အရှေ့ဘက်ကောင်းကင်

၁။

အနောက်ဘက်တန်းသည်သရဲဂျမ်းစိန်ကြောင့်အထင်ကရ ဖြစ်ခဲ့သည်ဟု ဆိုလျှင်လည်းမှားမည်မဟုတ်ပါ။

အနောက်ဘက်တန်းသည်ဖိုးခေါင်ရွာတွင်ရှိ၏။ ဖိုးခေါင်ရွာ၏ အနောက်ဖက်တွင်ရှိသည့် ခင်တန်းဖြစ်၏။

မှတ်မိနေသေး၏။

လွန်ခဲ့သော လအနည်းငယ်က အနောက်ဘက်တန်းသို့ လူစိမ်းနှစ်ဦးရောက်ခဲ့သည်သကာလ ညအခါဖြစ်သည်။

တိတိပပပြောရရင် ကြယ်ရောင်စုံသည့်ည။

အနောက်ဘက်တန်းကညင်ပင်ကြီးအောက်သို့ရောက်သော

"ဒုန်း၊ ဖြောင်း"

ကညင်ပင်အောက်သို့အရောက် သစ်ကိုင်းတစ်ကိုင်းကျိုးကျသံကိုကြားလိုက်ရင်။

သစ်ကိုင်းကျိုးကျသည်မှာ မိမိတို့ဦးခေါင်းထက်မှဖြစ်၏။

သစ်ကိုင်းသည် သစ်ကိုင်းသေးမဟုတ်။ သစ်ကိုင်းကြီးဆိုကျိုးကျသည့်သစ်ကိုင်းပိလျှင် အနည်းဆုံး ဦးခေါင်းကွဲလျှင်ကွဲ၊ သို့မဟုတ် သေသွားနိုင်၏။

ထို့ကြောင့် ပြေးကြသည်။

သို့သော် သူတို့သည် ဝေးဝေး မပြေးကြဘဲ လွတ်ရန်ပြေးကြပြီး လွတ်နိုင်သည့်နေရာသို့အရောက် ရပ်လိုက်ပြီး လှည့်

ကြည့်ကြသည့်အခါ သူတို့အံ့သြရ၏။

တုန်လှုပ်ချောက်ခြားရ၏။

သစ်ကိုင်းကျိုးကျသံကြားသော်လည်း သစ်ကိုင်းကျိုး မမြင်ရ မရှိ။

"ဒါက မဟုတ်ဘူး"

"ဟုတ်တယ်၊ ဒါ သွေးရိုးသားရိုး မဟုတ်ဘူး။ သရဲ ခြောက်တာနေမှာ"

ပြောရင်းနှစ်ဦးသား ကြက်သီးတွေ ထ၊ ခေါင်းတွေ ကြီး လာသည်။

ထို့အတူ ကြောက်စိတ်နှင့်ပြေးခဲ့ရသည်။

၂။

တစ်ည

ဒေါ်လေးဇင်အား သရဲမဂျမ်းစိန် ဝင်ပူး၏။ "ငါ ဂျမ်းစိန် ပဲ။ ငါဒီကညင်ပင်ကြီးမှာ နေတယ်လေ။ ဒီကောင်တွေငါ့ကို မထေမဲ့မြင်ပြုလို့ အကြောင်းသိအောင် ချောက်ပြလိုက်"ဟု ပြော သည်။

မှန်တော့မှန်၏သည်။

သရဲမဂျမ်းစိန် က ဤသို့ဖွင့်ကာပြောကြတော့ ညက ချောက်ခံရသည့် တိုးလုံးနှင့်စိန်ရီတို့အား မေးကြည့်ရသည်။

“ကျွန်တော်က သရဲမယုံဘူးပြောတယ်။ မယုံလို့လည်း မကြောက်တာလေ၊ သရဲခြောက်ခံရတာလို့ ပြောရင် ဒီတစ်ခါ ပထမဆုံးပဲ”

ဟု စိန်ရီက ရှင်းပြသည်။ တိုးလုံးက “အရက်မူး ကျွဲခိုးပေါ်ဆိုတဲ့စကားလို့ပြော၊ ကျွန်တော်နဲ့ စိန်ရီ သောက်လာကြ ပြီး ငြင်းကြတယ်။ သူ့ကို မထီမဲ့မြင်လုပ်လိုစိတ် မရှိဘူး”ဟု ရှင်းပြသည်။

“အခု ဘယ်လိုလဲ”

“တကယ်ချောက်ခံရတော့ ကြောက်စရာပဲ”

ဟုပြောသည်။

သည်မှာ သရဲမဂျမ်းစိန်အချောက်ခံရသူ အတော်များများ ရှိသည်။

တစ်ခါက…

သဲသဲနှင့်သူ့လင် ကြည်လွင်တို့ ရန်ဖြစ်သည်။ ကြည်လွင် က အရက်သမားပီပီ စကားများတော့လက်ပါသည်။

ကြည်လွင်နှင့် သရဲမဂျမ်းစိန်က အမျိုးတော်သည်။ သရဲမဂျမ်းစိန်လူ့ဘဝက ကြည်လွင်သည်သူ့တူဖြစ်၏။

ကြည်လွင်က ထောင့်မကျိုးသဖြင့် သရဲမဂျမ်းစိန်က ကြည့်မရ။

“ဒီကောင်က လူဆိုး အမေဂျမ်းကတော့ ဒီကောင့်ကို

ကြည့်မရဘူး”

ဟုအမြဲပြောပြီး လင်မယားရန်ဖြစ်ကြလျှင် သဲသဲဘက်က အမြဲပါသည်။ သဲသဲကလည်း မဂျမ်းစိန်ကိုအားကိုးသည်။

မဂျမ်းစိန် သေသွားတော့ အားကိုးရာမဲ့သလိုဖြစ်သွားသည်။ အားကိုးမရှိတော့ သဲသဲကလည်း လျှော့လိုက်ရသည်လား။

ညနေကမူ သဲသဲနှင့် ကြည်လွင် ပြဿနာဖြစ်ကြသည်။ ထုံးစံအတိုင်း ကြည်လွင်က လက်ပါသည်။

သဲသဲက ငိုပြီး

“အမေဂျမ်းရေ ကြည်လွင် အနိုင်ကျင့်နေတယ် သမီးကို ကြည့်ပါဦး။ အမေဂျမ်းမရှိတော့ကတည်းက သမီးကို အနိုင်ကျင့်နေတာပါ။ သမီးကိုကယ်ပါဦးအမေဂျမ်းရေ”

သဲသဲက အော်ကြီးဟစ်ကျယ်ပြောတသည်။ ကြည်လွင်က နင့်အသံသေးအသံကြောင်နဲ့ မအော်နဲ့ နင့်ကို ဒေါ်လေးဂျမ်း မကူနိုင်ဘူး ဟု ပြောသည်။

ယင်းသို့ပြောပြီး အိမ်ပေါ်မှ အဆင်း

“အား”

ကျယ်လောင်နာကျင်စွာ အော်ပြီး ရှေ့သို့ဆိုက်ကျသွားသည်။

“ဘာဖြစ်တာလဲ၊ ဘာဖြစ်တာလဲ”

ဟုမေးပြီး သဲသဲအိမ်ပေါ်မှ ပြေးဆင်းလာသည်။

ကြည်လွင်မျက်နှာ သွေးမရှိသလိုဖြစ်ဖျော့နေပြီ။ တဆတ်ဆတ် တုန်နေတာ။

"ငါ ငါ ဒေါ်ကြီးဂျမ်းစိန်ကို မြင်လိုက်ရတယ်။ ပြီးတော့ ကျွန်တော့်ကို ရိုက်လိုက်တာလည်း သူ…သူပဲ"

ဟု တုန်တုန်ရီရီပြောသည်။

သည်နောက်ပိုင်း အမေဂျမ်းစိန်မကျွတ်မလွတ်ဘူး ရှိသေးတယ် ဟု ပြောသံတို့က ညံစီလာသည်။

၃။

ပြီးတော့ သည်နောက်ပိုင်း သရဲမဂျမ်းစိန်က စူပါစတားဖြစ်လာသည်။

အထူးသဖြင့် အိမ်ထောင်သည်လောကမှာပင်။ အမျိုးသမီးတို့အတွက် အရင်းနှီးဆုံးသူဖြစ်လာ၏။ ဖျာလိပ်နတ် ရှင်မအောင်ဖြူပြီးလျှင် အမေဂျမ်းစိန်ဟု ပြောရပါမည်လား။

"အမေဂျမ်းစိန်ရယ် သမီးကို ကူညီပါဦး"

ဆိုသည့်တိုင်း တိုင်ကြားသံတွေ ကြားနေရသည်။

ဒေါ်ဂျမ်းစိန်ကလည်း လူ့ဘဝကတည်းက စပ်စုသလို၊ အရာရာပါသလို ယခုလည်းပါသည်။

သည်လိုနှင့် သရဲမဂျမ်းစိန်က အိမ်ထောင်သည်အမျိုးသမီးတို့အားထားသည့်နတ်ကြီးလိုဖြစ်လာသည်။ အမေဂျမ်းစိန်

နေသည့် ကညင်ပင်မှာ ပသခြင်းတွေ ရှိလာသည်။

ပိုက်ဆံရှိသူတွေက လုံချည်အင်္ကျီဝယ်ကာ ကညင်ပင်တွင် ပတ်ကာ ပူဇော်ထားသည်။

ကညင်ပင်တွင် စင်ဆောက်ပူဇော်သူလည်း ရှိလာသည်။ သို့ကြောင့် သရဲအိမ်လား၊ နတ်စင်လား ပြောရခက်သည်။

တစ်ခုရှိသည်က ကြာလာတော့ သရဲမဂျမ်းစိန်က အပိုင်စားရနတ်ကြီးလို ဖြစ်လာသည်။

မိမိ ထိုအရပ်သို့ရောက်တော့ သရဲမဂျမ်းစိန်နတ်စင်ကိုတွေ့ရသည်။

"ဒါကနတ်စင်မဟုတ်ဘူး။ ရွာကအိမ်ထောင်သည် အမျိုး သမီးတွေက ကိုးကွယ်ပူဇော်ထားတာ၊ ဘာပဲဖြစ်ဖြစ် ဒီရွာကလူတွေ နဲ့ သရဲမဂျမ်းစိန်က ပုလဲနံသင့်နေပြီ။ သူကလည်း ကူညီတယ်"

"တချို့ရွာထဲက ဆင်းရဲသူတွေ သွားစရာလာစရာရှိရင် ဝတ်စရာမရှိရင် ငှားဝတ်ကြတယ်။ ပြန်တော့ပေးရတယ်။ လိမ်လို့မရဘူး။ လိမ်ရင် ဂျမ်းစိန်သရဲမကလည်း အကြွေးမထားဘူး။ ချက်ခြင်း လိုက်ဒုက္ခပေးတာ"

ဟု ရှင်းပြသည်။ ကျွန်တော်က "ထူးဆန်းတယ်နော်" ဟုဆိုတော့ ပြုံးသည်။

"ဝိညဉ်လောကဆိုတာ ဆန်းကြယ်တာအမှန်ပဲ။ ပြော

မယုံ ကြံုမှသိဆိုရမယ်"

"ဟုတ်တယ် ဒါပါပဲလေ၊ လူတွေက ယုံကြည်မှုနဲ့ အသက်ရှင်ကြတယ်။ ယုံကြည်မှုကြောင့် အဖြစ်သင့်တာ ဖြစ်ခဲ့သလို ဖြစ်သင့်တာဖြစ်ရတာလည်း ရှိတယ်။ ယုံကြည်မှုနှင့် ကိုးကွယ်မှု၊ မရောထွေးသွားဖို့ပဲလိုတယ်။ ဖြစ်နိုင်ရင် နားလည်သူတွေက စည်းရုံးပေးပါ သရဲတစ္ဆေဆိုတာ ပြိတ္တာအနွယ်ဝင်တွေပဲ။ ဒါကြောင့်သူတို့အတွက် ဒါနပြုပေးဖို့လိုတယ်။ သရဲ၊ တစ္ဆေ ပြိတ္တာဆိုတာက ဒါနပြုပေးသူ ရှိမှ သူတို့ဘဝဒုက္ခက လွတ်တာ ဒါကိုတည်းပြုကြပါ"

မသိသူကို သိအောင် လမ်းညွှန်ရသည်မှာ အလွန်အရေးပါသောအရေးကြီးသောတာဝန်ဖြစ်သည်။

ကျွန်တော်ဇာ တတ်သိနားလည်သလောက်ညွှန်ပြရသည်။ ရွာမှ လူများကလည်း လိုက်နာကြသည်။

သရဲမဂျမ်းစိန်အတွက် ဒါနပြုပွဲတွေ လုပ်သည်။

အမျှပေးဝေ၊ ဒါနပြုခြင်းကို ဝေစည်ခဲ့သည်။ သည်ရပ်သည်ရွာ၌ သရဲမဂျမ်းစိန်သည် ထင်းရှားနေပြီ။

ယဉ်ကျေးနေပြီဟုဆိုရမည်။

ပြီးတော့ သရဲမဂျမ်းစိန်သည် သရဲမဂျမ်းစိန်မဟုတ်တော့။ အိမ်ထောင်သည်တွေ ခင်မင်သည့် အမေဂျမ်းစိန်ဖြစ်နေပြီ။

ဟုတ်သည်။

သူကအမေဂျမ်းစိန်
အမေဂျမ်းစိန်...သရဲမဂျမ်းစိန် ရယ်လေ။

စာဖတ်သူများရဲ့
ဒေဝေါ

♦ ♦ ♦ ♦ ♦



# အင်းသရဲကြီး ဖာတ်ကြောင်းပြန်

'သေဆုံးသူဟာ ကျန်ရစ်သူတွေရဲ့
ရည်စူးကုသိုလ်ပြုမှု 'ပေတဒါန'
လိုကြတယ်။ သေသူအတွက် ရှင်သူ့တာဝန်
မကျေရင် သေသူဒုက္ခရောက်ရတယ်'

အရှေ့ဘက်ကောင်းကင်

၁။

လူ့လောကသားမဟုတ်။ လူ့လောက၌လည်း ဘ၀တွေရှိသည်။ ခံစားမှုတွေရှိတယ်။

အရင်က ဦးဘညိုကိုသူကြီးလည်းဖြစ်၊ လုပ်ငန်းအောင်မြင်သူလည်းဖြစ်တော့ လေးစားသူတွေများသည်။ ဩဇာတိက္ကမကြီးခဲ့သည်။

ဦးဘညိုကို ပြန်လှန်ရဲသူမရှိ။

လောကမှာ စီးပွားရေးအောင်မြင်သူ၊ ငွေကြေး ပြည့်စုံသူ၊ အလိုလိုထိပ်ဆုံးရောက်ရသူပင်။

ဦးဘညိုလုပ်ငန်းတိုင်းအောင်မြင်ခဲ့သည်။ အထူးသဖြင့် အင်းလုပ်ငန်းကို ပိုအောင်မြင်သည်။

ထို့ကြောင့် သူအင်းလုပ်ငန်းအပေါ် ပိုအလေးထားသည်။ ဒါသဘာ၀မဟုတ်လား။ သူ့အင်းသည် ငါး၊ ပုစွန်ပေါသည့်အင်းဖြစ်ဖို့ သူအလေးထားခဲ့သည်။

သူ့လုပ်ငန်းအောင်မြင်ဖို့ တပည့်တပန်းတွေက အရေးကြီးသည်။ တပည့်တပန်းတွေ အလုပ်အပေါ်အာရုံစိုက်ဖို့ နည်းလမ်းသူရှာခဲ့သည်။

လုပ်ငန်းအောင်မြင်ဖို့ သူကိုယ်တိုင် ကြိုးစားရမည်။ လုပ်ငန်းအပေါ် အာရုံစိုက်ရမည်။ ထို့အတူ လူဆိုသည်က လုပ်ငန်း ပင်ပန်းလာပြီဆိုလျှင် ပျော်ပျော်ပါးပါး အနားယူချင်

သည်။

လူတွေပေါ့ပေါ့ပါးပါး အနားယူနိုင်ဖို့အတွက် အကောင်းဆုံးကိရိယာသည် အရက်ပင်။

အထူးသဖြင့် တစ်နေကုန်တစ်နေ့ခန်းရေထဲနေရသူအတွက် အရက်က အဖိုးတန်သည်။

ယင်းသမို့ သူအရက်နှင့်တပည့်တပန်းတွေကို စည်းရုံးဆွဲဆောင်ခဲ့သည်။ ယင်းသို့ အရက်နှင့်ဆွဲဆောင်သည့်နေရာတွင်လည်း ကိုယ်တိုင် ကျောသားရင်သားမခွဲခြားဘဲ နေနိုင်ရန်လိုသည်။

သို့ဖြင့် ဦးဘညို အရက်စွဲခဲ့သည်။ သူ့ဘဝတွင် ငွေရှာရေး အရက်သေစာသောက်စားခြင်းတို့ကို ရှေ့တန်းတင်လာမိသည့်အခါ အခြားကိစ္စတွေကို အလိုလိုမျက်ကွယ်ပြုတတ်လာ၏။

ပြောရလျှင် 'ငွေ'ဆိုသည်မှာ လူတွေ၏ သည်းခြေကြိုက် အစာပင်။ မေ့တာအရ လူသည် ငွေကိုခင်လာပြီဆိုလျှင် အရာရာ မေ့တတ်သည်။ အထူးသဖြင့် အသောက်အစားပါ ဝင်လာတော့ အနာဂတ်ကိုမေ့လာသည်။

သူက မိရိုးဖလာ ဗုဒ္ဓဘာသာဝင်ဖြစ်တော့ ပိုဆိုးသည်။ အရာရာအလေးအနက်ထားစဉ်းစားတော့ မနက်ဖြန်ထက် ဒီနေ့ကို အရေးထားလာသည်။

ငွေကြေးနဲ့ အောင်မြင်မှုတွေပြည့်စုံလာတော့ မိသားစု

ကလည်း ကိုယ့်ကို ရှေးတန်းတင်လာကြသည်။

သို့နှယ်ပင် သို့ကြောင့် မိမိကို မိသားစုပတ်ဝန်းကျင်က ရှေ့တန်းတင်အလေးထားလာကြသည်။ ဩဇာတိက္ကမ ရှိလာပြီ ဆိုတော့ “ဒါဟာငွေကြောင့်ပဲ ငါ့အောင်မြင်မှုကြောင့်ပဲ၊ ငါပိုရှာရမယ်၊ ကြိုးစားရမယ်” ဟု တွေးဖြစ်ခဲ့သည်။

ဘာသာရေးကိစ္စ၊ သီလစောင့်တည်ခြင်း၊ တရားဘာဝနာ စီးမြန်းခြင်းဆိုတာ တတိယအရွယ်မှာလုပ်ရမယ့်ကိစ္စ၊ အချိန်ရှိ ခိုက်လုံ့လစိုက်ရမယ်။ မိုးရွာတုန်းရေခံရမယ်ဆိုသည့် အသိနှင့် အရေးမထားခဲ့။

‘အချိန်တွေအများကြီးကျန်သေးတယ်’

ဟုတွေးသည်။

လူ့ဘဝရခိုက် လူသိဖို့ လူတန်းစေ့နေထိုင်ဖို့ အဓိက ကျတယ်ဟူသော အတွေးနှင့် ငွေရှာရင်း သောက်စားရင်းအချိန် ကုန်သွားသည်ကို မသိ။

ဘုရားကိုလည်းမသိ။

တရားကိုလည်း မသိ။

ငွေရဖို့၊ အောင်မြင်ဖို့သာ အဓိကထားခဲ့၏။ အလုပ်ထဲမှာ နစ်ရင်း၊ မိမိလုပ်ငန်းဖြစ်သည့်အင်းကြီး အပေါ် စွဲလန်းလာခဲ့ သည်။

“ငါအောင်မြင်တာ၊ ငါလူကြားထဲမှာ လူရာဝင်တာ၊

အင်းကြီးကြောင့်ပဲ ဒီအင်းကြီးအောင်မြင်ဖို့အဓိကပဲ'

ဟု စဉ်းစားရင်း၊ လုပ်ကိုင်ရင်း ကံကြမ္မာရိုင်းလာတော့ ့ခြေမကိုင်မိ လက်မကိုင်မိဖြစ်ရသည်။

သေခြင်းတရားက အချိန်အခါမရှိ။

သေမင်းခေါ်တော့ ငြင်းမရ။ လိုက်ရသည်။

ဘာမှ မပြင်ဆင်ရသေး။

၂။

'ထီးနှင့်ဖိနပ် မပါ နွေခါမှ သိသလို ဒါန်နဲ့သီလမပါ သေခါမှသိဟု မြန်မာ့ဆိုရိုးစကားရှိသည်။

ဦးဘညိုသေတော့ လောဘနှင့် စွဲလန်းမှုသာရှိသည်။

ဦးဘညိုသည် လူ့ဘဝရှိစဉ်က ငွေကြေးပြည့်စုံသော် ည်း အောင်မြင်မှုအပေါ် အာသာငမ်းငမ်းဖြစ်ခြင်း၊ ငွေရလိုမှု ဘွက် ဒီအင်းကြီး ငါး၊ ပုစွန် အကျများဖို့စဉ်းစားရင်း လုပ်ကိုင် င်း အချိန်ကုန်ခဲ့သည်။

ဘုရားကျောင်းကန်ဖို့ သတိမရခဲ့။

ဥပုသ်သီတင်းဆောက်ဖို့ သတိမရခဲ့။

ဇနီးက

'ကိုညိုရယ် အခါကြီးရက်ကြီးမှာ ဥပုသ်သီတင်းဆောက် ပါဦး'

ဟုဆိုတော့ ငါတို့မြန်မာတွေမှာဆိုရိုးရှိတယ်လေ။ ပထမ

အရွယ် ပညာရှာ၊ ဒုတိယအရွယ် ဥစ္စာရှာ၊ တတိယအရွယ်မှာ ဘာဝနာလုပ်ရမှာလေ ဒီအချိန်မှာ ငွေရှာရမယ်။ ငါ့မယား၊ ငါ့ သားသမီးတွေအတွက် ငွေရှာရမယ်။ ငွေကြေးပြည့်စုံမှ လှူရာဝင်မှာလေ မင်းသာ ဥပုသ်စောင့်ပါကွာနော်' ဟုဆိုခဲ့သည်။

မှတ်မိသေး၏။

တစ်ခါကဇနီးက

'ကိုညို ကျွန်မတို့ ရွှေတိဂုံဘုရားဖူးသွားရအောင်လား' ဆိုသည်။

'မင်းနဲ့ကလေးတွေ သွားကြပါ။ ငါမရှိလို့ မဖြစ်ဘူး။ မင်း ငါ့ကိုယ်စား ဒါနအမှု ပြုပါ။ မယားလှူရင် လင်ရတယ်တဲ့နော်'

သူ ရွှေတိဂုံ မဖူးဘူးခဲ့။ ကျောင်းကန်ဘုရား ဥပုသ်သီတင်းမစောင့်ဖူး၊ တရားမနာဖူးခဲ့။ ငါးတွေ ပွက်သံပဲကြားနေ၊ အင်းထဲမှ ငါးတွေပဲ မြင်နေခဲ့သည်။

သူ သေလုမျောပါးဖြစ်နေတော့ ဇနီးက တရားခွေဖွင့်ပေးသည်။ ဦးဘညို တရားသံမကြားရ။ ဘုရားအာရုံပြုလို့မရ။

မျက်စိထဲ ငါးတွေ မြင်နေသည်။ နားထဲ ငါးပွက်သံကြားနေသည်။ အင်းပြင်ကျယ်ကြီးက မျက်စိထဲက မထွက်။

'ငါ အင်းကြီးပိုအောင်မြင်ရမယ်။ ငါးတွေ၊ ပုစွန်တွေ၊

အောင်ပြီ၊ အောင်ပြီ'

သူ့စိတ်ထဲ အင်းကြီးစွဲလန်းနေသည်။ ထို့ကြောင့် သေတော့ အစွဲအလန်းလောဘစိတ်ကြောင့် ဘဝကူးမကောင်းခဲ့။

အင်းသရဲကြီးဖြစ်သွားသည်။

၃။

သူအင်းကြီးအပေါ် စွဲလန်းနေသဖြင့် အင်းကိုစောင့်ရသည့် သရဲကြီးဖြစ်ခဲ့သည်။

အင်းကြီးအပေါ်စွဲလန်းစိတ်ကြောင့် မကျွတ်မလွတ်ခဲ့။ ဇနီးဆိုသည်ကလည်း သူ့ခြေ၊ သူ့လက် သူ့ဩဇာအောက်မှာ နေခဲ့ သူဖြစ်သဖြင့် ငါ့ယောကျ်ား မကျွတ်လွတ်ဘူး၊ ငါဘာလုပ်ရမယ် ဆိုတာကိုမသိ။

ဒီကြားထဲ အင်းကြီးမှာ ဦးဘညို အင်းစောင့်သရဲဖြစ်နေ ကြောင်း သိသဖြင့် သားစိမ်း၊ ငါးစိမ်း၊ အရက်နှင့် ပူဇော်ခြင်းများ လုပ်ခဲ့သဖြင့် အင်းစောင့်သရဲသက်ရှင့်ခဲ့သည်။

ကြာတော့ အမွှေးပေါက်ပြီး ကွင်းပိုင်သရဲကြီးဖြစ်လာသည်။ တပည့်တွေက သူ့ကိုအမြဲ ပသပူဇော်သလို သူကလည်း စောင့်ရှောက်သည်။

သို့နှင့် ဦးဘညိုသည်ကွင်းပိုင် အင်းသရဲကြီးအဖြစ် ထင်ရှားလာခဲ့သည်။

သားစဉ်မြေးဆက် သရဲသက်ရှည်ခဲ့သည်။

သို့သော် ဦးဘညိုသည် မိရိုးဖလာ ဗုဒ္ဓဘာသာဝင် ပီ မဆိုသလောက် ကုသိုလ်ဒါနပြုခဲ့ဖူးသဖြင့် သူ့အတွ ကျွတ်လွတ် ဖို့ အခွင့်အလမ်းရှိသည်ကို သူသိသည်။

သားတွေ လက်ထက်က အင်းကြီးကို အောင်မြင်အေ လုပ်ပေးခဲ့၊ အန္တရာယ်ကို ကာကွယ်ပေးခဲ့သော်လည်း သားတွေ အဖေဘညိုအတွက် ဒါနအမှုပြုပေးဖို့ သတိမရကြ။

အခုမြေးတွေလက်ထက်ရောက်ပြီ။

ဦးဘညိုသည် ကွင်းပိုင်သရဲကြီးအဖြစ် သက်တမ်းရှ လာတော့ ကျွတ်ချင်လွတ်ချင်ပြီ။

တစ်ခါက မြေးတစ်ဦးအား အိပ်မက်ပေးသည်။

"တင်အောင် အဖိုးကျွတ်လွတ်ချင်ပြီ ဒါကြောင့် မင အဖိုးကိုကူညီပါ အင်းကြီးအရှေ့ဘက်က ကုက္ကိုပင်ကြီးရဲ့အနော ဘက်ကိုတူးပါ။ ရွှေဖားရုပ်နဲ့ ဒင်္ဂါးတွေ တွေ့လိမ့်မယ်။ ဒါ ထုခွဲရောင်းချပြီး မင်းအဖိုးအတွက် ဆွမ်းကွမ်းသင်္ကန်းနဲ့ ဒါနပြ ပြီး သာဓုခေါ်ပေးပါ"

ဟု တောင်းခံခဲ့သည်။

စင်စစ် ဒါက သားသမီးတွေလုပ်ရမယ့် အလုပ်လေ သားသမီးတွေအပေါ်မှာ မိဘတွေ တောင်းတတဲ့ ဆန္ဒထဲမှာ ကွယ်လွန်တဲ့အခါ ကျွတ်ဖို့ကို ပေတာဒါနပြုဖို့လည်းပါတယ်။

ယခု သားတွေမသိတတ်ခဲ့လို့ ဦးဘညို မကျွတ်မလွတ်

ဘဝမှာ ရှည်ကြာခဲ့တာ မဟုတ်လား။ တကယ်ဆို မိဘဆိုတာက သားသမီးနှံ့၊ သားမယားနှံ့နှစ်ရင်း လောကသားဖြစ်ရတာ။

ဒါကို မသိကြတော့ ဒီလို မကျွတ်မလွတ်ဘဝနဲ့ နေခဲ့ရတာ။

ဒါကြောင့်နောက်ဆုံး ကိုယ့်ဆန္ဒကို တင်ပြရတာ ခက်တာက တာဝန်မကျေကြဘူးလေ။ ကိုယ်က အစိမ်းသရဲဘဝကနေ ကျွတ်လွတ်ချင်လို့ သူတို့ကို ပေးကမ်းပြီး အလှူဒါနပြုအမျှဝေဖို့ နှိုးဆော်ခဲ့ပေမယ့် တာဝန်မကျေကြဘူး။

ရတာသောက်စားပြီး ကိုယ့်ကိုမေ့နေကြတယ်။ ဒီအကြောင်းတွေးမိတိုင်း ဒေါသဖြစ်ရပြီ။ အင်းသရဲကြီးက ကြမ်းတော့ ကွင်းပိုင်အင်းသူကြီးကြမ်းပဲ အလွန်ဖြစ်နေတယ်။

ကွင်းပိုင် အင်းသရဲကြီးဘဝကို ဘယ်သူစာနာကြသလဲ။

လူ့ဘဝတုန်းက သားမယား၊ သားသမီးတွေ လူတန်းစေ့နေနိုင်ဖို့ လောဘတက်ခဲ့တယ်။ ကိုယ့်အတွက် ကိုယ်မလုပ်ခဲ့ဘူး။

ဒါကြောင့် ဒီဘဝရောက်ရတယ်။

အခုလို မကျွတ်မလွတ်တဲ့ အင်းသူ့ရဲဘဝရောက်တော့ ဘယ်သူက စာနာလဲ။ ကျွတ်ဖို့လွတ်ဖို့ ဘယ်သူလုပ်ပေးလဲ။

သေသူအတွက် ရည်စူးပြီး လှူတဲ့အလှူဟာ ပေတဒါနပဲ။ ဒါကို ကျန်ရစ်သူတွေက လုပ်ရမယ်။

အခု ဘယ်သူမှ မလုပ်တော့ ကျုပ်အင်းသရဲဖြစ်နေတယ်။ ဘယ်လောက် ကြာဦးမလဲ မသိဘူး။

ဘယ်လောက် ကြာဦးမလဲ မသိဘူး။

ကျုပ် ကျွတ်လွတ်ချင်ပြီဗျာ။

စာဖတ်သူများရဲ့
ဒေဝေါ

◆ ◆ ◆ ◆ ◆



‘ကုတ္တိပိသော’ ဂုဏ်တော်ရွတ်လိုက်တယ်ဆို
ငါခန္ဓာကိုယ် ကျင်စက်မိသလို ခံစားလိုက်ရတယ်
ပြီးတော့ တစ်စုံတစ်ယောက်က
ငါ့ကို အဟုန်ပြင်းစွာ တွန်းလိုက်သလိုပဲ

အရှေ့ဘက်ကျောင်းကင်

၁။

တစ္ဆေတစ်ကောင်ရဲ့ သံဝေဂဆိုလို့ စာဖတ်သူများ အံ့ဩ
ကောင်း အံ့ဩလိမ့်မယ်။

ပြောရရင် ကျုပ်ဆိုတဲ့ကောင်က ဘာပဲလုပ်လုပ် စူးစမ်း
လေ့လာပြီးမှ လုပ်တတ်တယ်။ ကိစ္စတစ်ခုကို တိကျစွာ အဖြေ
ရှာတတ်တာ ကျုပ်ဝါသနာပဲ။

ရှင်ရှင်ပြောရရင် ကျုပ်က ဘာမဆို ပေါ့ပေါ့မလုပ်ဘူး
လေ့လာခြင်း၊ စူးစမ်းခြင်း အလုပ်ကို အဓိကထားလုပ်တယ်။

ကျုပ်အခု တစ္ဆေသရဲတွေအကြောင်းရေးတော့ ကျုပ်က
ခြေရှည်သလိုနေရာစုံရောက်ပြီး လူစုံနဲ့တွေ့ပြီး၊ သရဲတစ္ဆေ သုတေ
သနလုပ်တယ်။

ဒီတော့ ကျုပ်ကို ရူးတယ်လို့ ပြောချင်ပြောမယ်။ မဟုတ်
တာ အဟုတ်လုပ်တယ်လို့ဆိုချင်ဆိုလိမ့်မယ်။ ကိစ္စမရှိဘူး။

မယုံဘူးဆိုသူကို ယုံပါလို့မပြောဘူး။ ကျုပ်ပြောချင်တာ
တစ်ခုပဲရှိတယ်။ ကိုယ်တွေ့ကြုံရင် ယုံလိမ့်မယ်။ ဒါပဲပြောချင်
တယ်။

ဗုဒ္ဓဘာသာဖြစ်လို့ ကံ ကံ၏အကျိုး၊ ယုံတယ်။ အပ္ပါယ်
လေးဘုံရှိတာ ယုံတယ်။ အပ္ပါယ်လေးဘုံမှာ ပြိတ္တာဘုံဆိုတာ
ပါတယ်လေ။ ပြိတ္တာဆိုတာ ဘာလဲ။ သရဲတစ္ဆေပဲလေ။

လူသေရင် ကုသိုလ်အကျိုးပေးကောင်းရင် နတ်ဖြစ်မယ်

ဗြဟ္မာဖြစ်မယ်။ အကုသိုလ်များရင် ငရဲ၊ ပြိတ္တာ၊ တိရစ္ဆာန်၊ အသူရကာယ်ရောက်မယ်။

ဒါမဆန်းဘူး။

၂။

တစ္ဆေ၊ သရဲမှာလည်း ဘဝရှိတယ်။ သရဲမှာလည်း ခံစားမှု ရှိတယ်။ ကြောက်ရွံ့မှုရှိတယ်။

အမှား၊ အမှန်ရှိသလို သံဝေဂလည်း ရှိတယ်။ ဒါကြောင့် ဒီတစ္ဆေတစ်ကောင်ရဲ့ သံဝေဂကို ပရိသတ်သိအောင် ရေးပြတာပေါ့။

ထူးဆန်းတယ်ဆိုရင် မမှားဘူး။ ဒါက ကျွန်တော် ကံမဘက်ရောက်တုန်းက ကြားတာ။

တစ်ခါကပေါ့။

ကံမတောဘက်မှာ ခပ်ဆိုးဆိုးတစ္ဆေတစ်ကောင်ရှိတယ်။ သူက လူအတော်များများကို ပူးကပ်တတ်တယ်။

လူ့ခန္ဓာကိုယ်ပေါ် ခွစီးတတ်တယ်။

ထင်းခွေ၊ တောခုတ်သူတွေ မကြာခဏ ကြုံတယ်။ ဒီ တစ္ဆေကောင်က မည်းမည်းအရိပ်သဏ္ဌာန် အရင်ပြတယ်။ ပြီး တော့ ရိုက်ချင်ရိုက်တယ်။ ခွစီးရင်စီးတယ်။

ဒီတစ္ဆေကောင်ကို "တစ္ဆေမဲတူ" ကို ခေါ်တယ်။ ဒါ က အရပ်ကခေါ်တဲ့ အခေါ်နော်။ တကယ်ပဲ မဲတူးနေလား။

ဘာ လားတော့မသိဘူး။

တစ်နေ့ တစ္ဆေမဲတူ အရုပ်ထဲက ကိုကြည်လင်ကို ငင်ပွုး ပြီး ရင်ဖွင့်တယ်။

သူ့ရင်ဖွင့်ချက်က သရဲတစ္ဆေ စိတ်ဝင်စားသူတွေအတွက် ဗဟုသုတပဲ။

တောကို ရဟန်းတစ်ပါးကြွလာတယ်။ အသက်အရွယ် မငယ်တော့ဘူး။ အသက် ၄၀ ကျော်လောက်ပြီ မှန်းတယ်။

ရဟန်းဘွဲ့က ဦးစန္ဒာဘာသဖြစ်ပေမယ့် လူအမည်က ဦးစိန်ကြည်ဖြစ်တယ်။

သူချစ်ဇနီးဆုံးတော့ သားသမီးသုံးယောက် ကျန်တယ်။ ကိုစိန်ကြည်က အိမ်ရောင်းပြီး ရတဲ့ငွေကို သားသမီးသုံးယောက် ကို အမွေပေးပြီး သာသနာ့ဘောင် ဝင်ခဲ့တယ်ဆိုပဲ။

သူဟာ အသက်အရွယ်ရင့်မှ ရဟန်းပြုသူဖြစ်သော်လည်း သီလနဲ့ ပြည့်စုံတယ်။

ဝိနိယ သံသယ(ဝိနည်းကျင့်ဝတ်တော်တို့နှင့် ပတ်သက် ၍ ယုံမှားဖွယ်မရှိအောင် သတိထားခြင်း)များကြတယ်။

ဧကာသနက် (တစ်နေ့ရာတည်း တစ်ထိုင်တည်း အစား အစားသုံးခြင်းဟူသော မြတ်သောအကျင့်)ကို မြဲတယ်။ တိစီပရိတ် (သင်းပိုင်ကိုယ်ဝတ်၊ ဒုကုဋ်ဟူသောနှစ်ထပ်သင်္ကန်းသုံးထည်) ကိုသာ ဝတ်ရုံခြင်းဟူသည် မြတ်သော စုတင်အကျင့်ကို အမြဲ

ဆောင်တော်မူတယ်။

မည်သည့်အရပ်ကို ရောက်သည်ဖြစ်စေ၊ ဆွမ်းကို အမြဲခံတော်မူတယ်။

ထိုရဟန်းသည် တောထဲတောင်ထဲ၌ နေထိုင်တော်မူတယ်။

ယင်းသို့နေရာမျိုး၌ နေသော်လည်း ကြောက်ရွံ့သောအမူအရာ မရှိ။ မတွေ့ရ။

"ဆရာတော်။ တောထဲတောင်ထဲမှာ နေတာ မကောင်းဆိုးဝါး၊ နာနာဘာဝ ပရလောကသားတွေနဲ့ မကြုံရ မတွေ့ရဘူးလား"

ဟု မေးတိုင်း ရဟန်းတော်က တည်ငြိမ်သော ဣန္ဒြေဖြင့် "တစ်ကြိမ်တစ်ခါမှ မတွေ့ဖူးပါဘူးကွယ်"ဟု အေးချမ်းစွာပြောတယ်။

၃။

တစ်နေ့....

ရဟန်းတော် ထူးခြားသည့် အတွေ့အကြုံတစ်ခုကို ကြုံတွေ့ရတယ်။

ထိုညက လရောင်မှိန်မှိန်သာသည့်ည။

ရဟန်းတော် စင်္ကြံလျှောက်နေခိုက်၊ မိမိကျောင်းသင်္ခမ်းဆီသို့ မသဲမကွဲ၊ မဲမဲအရာဝတ္ထုတစ်ခု ကနေသည်ကိုတွေ့ရတယ်။

"ဘာပါလိမ့်"

ဟု စဉ်းစားနေမိတယ်။

မကြာပါဘူး။ မဲမဲအရာဝတ္ထုက ရဟန်းတော်ရဲ့ခန္ဓာကိုယ်ပေါ်တက်မိတော့တယ်ပေါ့။

ရဟန်းတော်က တုန်လှုပ်ခြောက်ခြားခြင်းမရှိဘူး။ တည်ငြိမ်စွာဖြင့် မျက်လွှာချကာ ဘုရားရှင်အား အာရုံပြုပြီး

"ဣတိပိသော ဘဂဝါ၊ အရဟံ သမ္မာသမ္ဗုဒ္ဓေါ"

အစရှိသည့် မြတ်စွာဘုရားရှင်၏ ဂုဏ်တော်ကို ရွတ်ဆိုလိုက်ရာ မဲမဲသဏ္ဌာန် လွင့်စင်ကျပြီး ကျောင်းပေါ်မှ ဆင်းပြေးသွားသည်ကိုတွေ့လိုက်ရ၏။

ပြောရင် ယုံမှာ မဟုတ်ဘူး။

နောက်နေ့မှာ တစ္ဆေမဲတူက ရွာကလူတစ်ယောက်ကို ဝင်ပူးတယ်။

"ငါက လူတွေ့ရင် ခြောက်လှန့်ချင်တယ်။ အနိုင်ကျင့်ချင်တယ်၊ လူတွေကို ပူးကပ်ပြီး အစာစားရတာ။ လူတွေကို ကျီစယ်ရတာကျေနပ်တယ်"

"ပြောရရင် ဒီရဟန်းကို ခွစီးတာက ဒီရဟန်းကို ကျီစယ်မိတာပဲ။ ခက်တာက ဒီရဟန်းကို ခွစီးလိုက်စဉ် ရဟန်းက 'ဣတိပိသော' အစရှိသော ဘုရားဂုဏ်တော် ရွတ်လိုက်တော့ ငါ့ခန္ဓာကိုယ်ကျင်စက်မိသွားသလိုပဲ၊ ပြီးတော့ တစ်စုံတစ်ယောက်

ါ ကို အဟုန်ပြင်းစွာ ကွန်းလိုက်သလိုပဲ၊ ပူလိုက်တာလည်း
မ်းပဲ''

''နောက်ဒီလိုပုဂ္ဂိုလ်မျိုးကို ငါမခေါ်က်လှန့်တော့ဘူး။
ကြိုစယ်တော့ဘူး''

ဟု တစ္ဆေက ရင်ဖွင့်သည်။

''နောက်မင်း ဒီကိုသွားဦးမလား''

''မသွားဘူး။ မသွားဘူး''

ဟုပြောပြီး ထွက်သွားသည်။

နောက်တစ္ဆေမဲတူပျောက်ခြင်းမလှ ပျောက်သွားတယ်။

''ရွာသားတွေက တစ္ဆေမဲတူလည်း သံဝေဂတွေရပြီး
ကျွတ်လွတ်သွားပြီလား မသိဘူး''

ဟု ပြောကြသည်။

အဲဒီလိုပဲ သရဏဂုံလွှမ်းခြုံသူ၊ ဂုဏ်တော်လွှမ်းခြုံသူ
တွေကို မကောင်းဆိုးဝါး၊ နာနာဘာဝတွေ မနှောင့်ယှက်ဘူးဆိုတာ
င်လာရတယ်။

စာဖတ်သူများရဲ့
ဒေဝေါ

◆ ◆ ◆ ◆ ◆

အရှေ့ဘက်ကောင်းကင်



# ပျောက်ဆိပ်ပင်နှင့် သောတာပန်ရုက္ခစိုး

‘မင်းတို့ကို ဒုက္ခပေးနိုင်စွမ်း
ငါ့မှာရှိတယ်
မင်းတို့ငါ့ကို ခွင့်မပန်ဘဲ၊
ခွင့်မတောင်းဘဲ
သစ်ပင်ကိုခုတ်ကြတယ်၊ ငါ့ကိုစမ်းတာလား’

အရှေ့ဘက်ကောင်းကင်

၁။

ရက္ခစိုးနတ်ဟူသည် သစ်ပင်တို့အား စိုးမိုးအုပ်ချုပ်ရသည့် နတ်ဖြစ်သည်။

စတုမဟာရာဇ် နတ်မျိုးဝင် နတ်ဖြစ်၏။ ဆိုရလျှင် ရက္ခစိုး ခေါ် သစ်ပင်စောင့်နတ်၊ ဘုမ္မစိုးခေါ် မြေစောင့်နတ်၊ ရေစောင့် နတ်၊ တောစောင့်နတ်၊ တောင်စောင့်နတ်၊ အင်းအိုင် ပင်လယ် သမုဒ္ဒရာကို စောင့်ရသည့်နတ်၊ ပဗ္ဗနနတ် စသည်တို့ သည်လည်း စတုမဟာရာဇ်နတ်မျိုးဝင်များပင်ဖြစ်၏။

မုံရွာမြို့ လေးမိုင်ခန့်အကွာ၊ မုံရွာဆရာတော်ကား လမ်း ၏မြောက်ဘက်ကပ်လျက် ရှေးနှစ်ပေါင်းများစွာက တည်ရှိခဲ့သော ထနောင်းဝန်အမည်တွင်သည့် ရွာကြီးတစ်ရွာ၌ ဖြစ်သည်။

ထိုရွာ၏ မြောက်ဘက်တွင် ရှေ့ရွာတည်စကတည်းက ပင် ရွာသူရွာသားများတို့ ကိုးကွယ်ခဲ့သည့် ဘုန်းတော်ကြီးကျောင်း တစ်ကျောင်းရှိသည်။

ထိုကျောင်း၏ ခြံစည်းရိုး၌ ဖျောက်ဆိပ်ပင်ကြီးတစ်ပင် ရှိ၏။ ယင်းအပင်၏ အပင်လုံးမှာ လူနှစ်ဖက်ခန့်ရှိပြီး ကြီးမား တုတ်ခိုင်ပြီး အကိုင်းအခက်အလက်တို့နှင့် စည်ပင်နေ၏။

ဤဖျောက်ဆိပ်ပင်ကြီး၌ ရက္ခစိုးနတ်ကြီးတစ်ပါးရှိသည်။

နှစ်ပေါင်းမည်မျှအသက်ရှည်သည်ကိုမူ မည်သူမျှ မသိ ကြ။

ထိုဖျောက်ဆိပ်ပင်ကြီးရှိရာ ကျောင်း၏ ကျောင်းတိုင်ဆရာတော်ပင် ငါးဆယ်ကျော်ပြီ။

ယင်းကျောင်း ကျောင်းတိုင်ဆရာတော်၏ သီလ သမာဓိ ပညာ ပြည့်စုံမှုကြောင့် ရပ်သူရွာသားတို့က ကြည်ညိုကြ၏။

ဆရာတော်အပေါ် ကြည်ညိုစိတ်အပြည့်ရှိသဖြင့် ရွာသားတို့ စေတနာထက်သန်ခဲ့ကြ၏။ ဆရာဒကာ ညီညွတ်မှုကြောင့် ကျောင်းဝိုင်းအတွင်း သာသနိကအဆောက်အဦတို့ စည်ပင် တိုး တက်ခဲ့၏။

သို့နှယ်ပင် ထိုကျောင်း၏ ဝင်းခြံအကာအရံတို့သည် ဟောင်းနွမ်းနေသဖြင့် အုတ်တံတိုင်းဖြင့် အစားထိုးရန် တိုင်ပင်ကြ၏။

"ကျောင်းအကာအရံအဖြစ် အုတ်စည်းရိုးလုပ်မည်ဆိုရင်ဖြင့် ဒီဖျောက်ဆိပ်ပင်ကြီးက မလွတ်ဘူး။ ခုတ်လှဲရမယ်။ ဒီအပင်ကြီးက ရတဲ့ထင်းနဲ့ အုတ်ဖုတ်မယ်"

ဟု စီစဉ်၏။

"ဒါ ကောင်းတဲ့အစီအစဉ်ပဲ"

၂။

လက်ရှိကျောင်းတိုင်ဆရာတော်နှင့် ကျေးရွာလူကြီးများ၏ အကြံပြုချက်အရ တစ်နေ့တွင် စေတနာ ထက်သန်ကြသည့်အား ကောင်းမောင်းသန် လူလွတ်လူငယ်တစ်စုက ဖျောက်ဆိပ်ပင်

အကိုင်းအခက်အလက်ကို ခုတ်ထွင်းရှင်းလင်းပြီး ပင်စည်ကို လွှ
နှင့်တိုက်ဖြစ်ခဲ့ကြ၏။ ဖျောက်ဆိပ်ပင် ခုတ်လှဲရာတွင် လူ
ငါးယောက်ပါဝင်ပြီး ဦးဆောင်သူမှာ မောင်သိန်းအောင်ဖြစ်၏။

ရုတ်တရက် ထထိုင်ခုန်ပေါက်ပြီး မငြိမ်မသက်ဖြစ်လာ
၏။ ခန္ဓာကိုယ်က လှုပ်ရှားယိမ်းယိုင်နေသလို၊ ပါးစပ်မှလည်း
ခက်ထန်သော ကြိမ်းမောင်းသံတို့ပေါ်လာ၏။

တဟီးဟီးနှင့်အော်ဟစ်ပြီး

"အယုတ်တမာကောင်တွေ မင်းတို့ငါ့ကို စမ်းတာလား၊
ငါ့စိတ်ကို ငါထိန်းထားရတယ်နော်၊ မင်းတို့ ငါ့ဗိမာန်သစ်ပင်ကို
ခုတ်လှဲတယ်။ ဒါကြောင့် မင်းတို့ကို ငါအန္တရာယ်ပြုနိုင်တယ်ဆို
တာ မင်းတို့မသိကြဘူးလား၊ ငါ့မှာ မင်းတို့ကို ဒုက္ခပေးဖို့ အစွမ်း
သတ္တိတွေ ငါ့မှာ ရှိတယ်ကွ။ မင်းတို့ငါ့ကို ခွင့်မပန်ဘဲ၊ ခွင့်မ
တောင်းဘဲ သစ်ပင်ကို ခုတ်လှဲကြတယ်။ ငါ့ကို စမ်းတာလား။
ငါ့ဒေါသကိုငါထိန်း ထားရတယ်နော်။ ကဲ..မင်းတို့ဘာလုပ်မလဲ။
ဒီဖျောက်ဆိပ်ပင်ကြီးမှာ ငါနေခဲ့တာ ငါ့အသက်နဲ့ဆို နှစ်ပေါင်း
လေးငါးရာကျော်ပြီအခု နေစရာမရှိတော့ဘူး။ မင်းတို့ အမြန်ပြန်
စိုက်ပေးကြ။ ငါစိတ်ထိခိုက်အောင် မလုပ်ကြနဲ့နော်။ သတိ
ထားကြ"

ယင်းသို့ ရက္ခစိုးကြီးက မောင်သိန်းအောင်အား ဝင်ပူး၍
ပြောသောအခါ လူငယ်တို့သည် စိတ်မကောင်းဖြစ်သွားရသည်။

နောင်တရသွားကြပြီ။

ထို့အတူ လူကြီးတွေက ဖျောက်ဆိပ်ပင်၊ အုန်းနှဲပင် ရှိခဲ့ရာနေရာတွင် ငှက်ပျောပွဲ၊ အုန်းပွဲ၊ မုန့်ပဲသရေစာ၊ ဆီမီး၊ အမွှေးတိုင်တို့ဖြင့် လေးလေးစားစား ပူဇော်တောင်းပန်ကြ၏။

"အရှင်ရုက္ခစိုးနတ်ကြီး အမိုက်အမဲများကို ခွင့်လွှတ်ပါ မသိ၍ ပြုခဲ့ကြခြင်းဖြစ်သဖြင့် တောင်းပန်ပါသည်။ ဤသို့ခုတ်လှဲခြင်းမှာလည်း ဘုန်းတော်ကြီးကျောင်းအား ဝင်းခြံနှင့် အုတ်တံတိုင်းကာရံရန်အတွက်ဖြစ်ပါသည်"

"ဘုရားတည် ကျောင်းပြုပြင်ပြီးသည့်အခါ အရှင်ရုက္ခစိုး နတ်မင်းကြီးအား ကောင်းမှုကုသိုလ်အဖို့ဘာဂကို အမျှဝေပေးပါမည်"

ဟု တောင်းပန်ခြင်း၊ ကတိပြုခြင်းများ ပြုသည်။ သို့နှယ်ပင် မောင်သိန်းအောင်တို့ လူငယ်အုပ်စုကလည်း ခုတ်လှဲလိုက်သည်။ ဖျောက်ဆိပ်ပင်ကြီးနေရာနှင့် မနီးမဝေးတွင် ဖျောက်ဆိပ်ပင်၊ အုန်းနှဲပင်၊ မကျည်း၊ ကုက္ကိုပင်တို့ စိုက်ပျိုးပေးကြသည်။

ထိုသစ်ပင်ကြီးနှင့် ရုက္ခစိုးကြီးနှင့် ခြွေရံသင်းပင်းတို့ နေ ထိုင်ကြပါမည်။

ယခုဆို ဤအပင်တို့က ကြီးလေပြီ။

စာဖတ်သူများရဲ့
ဒေဝေ



## တာခွေ့မိုက်ကြီး၏နောင်တ

“မှားခြင်းဟာ
ဆုံးရှုံးခြင်းပဲ
အသိမှားကြောင့်ဒီဘဝရောက်ရသလို
ဆက်ပြီး မှားနေရင်
ငရဲလားဖို့ပဲ ရှိတော့တယ်”

အရှေ့ဘက်ကောင်းကင်

၁။

မဲဇာဒေသသည် လက်ဝဲသုန္ဓရမင်းကြီးကြောင့် ထင်ရှား ခဲ့သလို နောင်လူများကြား၌ တစ္ဆေမှတ်ကြီးသည် မဲဇာအကြောင်း ပြောလျှင် ထင်ထင်ရှားရှား သိစရာတစ်ခုအဖြစ်ပါဝင်ခဲ့သည်။

'တစ္ဆေမှတ်ကြီး' အမည်က 'လူဆိုးမှတ်ကြီး' ကွယ်လွန် အနိစ္စရောက်ပြီးနောက် ထင်ရှားလာသည့် အမည်ဖြစ်၏။

တစ်ခုရှိသည်က မှတ်ကြီးသည် လူ့ဘဝက လူဆိုး လူမိုက်ကြီးဖြစ်၏။ မှတ်ကြီးက လူမိုက်ဆိုသော်လည်း ခိုးဆိုး တိုက်ခိုက်နေသူ၊ လုယက်နေသူမဟုတ်။

မတရားမှုကို လက်သင့်မခံသူ။ သူ့ရှေ့တွင် မတရားမှု ပြုလျှင် သူလက်ပိုက်ကြည့်မနေခဲ့။ သိသိ မသိသိ မတရား စော်ကားခံရဘက်မှ ပါဝင်သည်။ ကူညီသည်။

သူကနယ်ချဲ့အင်္ဂလိပ်အလိုတော်ရိများကို ရက်စက်စွာ သတ်ခဲ့သူ။

ဂျပန်ခေတ်တွင် ဂျပန်အလိုတော်ရိများကို ရက်စက်စွာ သတ်ခဲ့သူ။

ထို့ကြောင့် အင်္ဂလိပ်ခေတ်က မှတ်ကြီးသည် ရာဇဝင် လူဆိုး၊ ဂျပန်ခေတ်ကျတော့လည်း ရာဇဝင်လူဆိုး။ သူက အချုပ် ထဲလည်း ရောက်ခဲ့၏။ ထောင်ထဲလည်းရောက်ခဲ့၏။

ယင်းသမို့ လူတချို့က ဘုမသိ ဘမသိ သူ့ကို ကြောက်ကြသည်။

မှတ်ကြီး မဲဇာသို့ ပြန်ရောက်တော့ လူအများကြားတွင် သူက ကြောက်စရာ သတ္တဝါဖြစ်နေ၏။ တချို့က မှတ်ကြီးကို ဘုမသိ ဘမသိ ရှောင်ကြသည်။

သို့ကြောင့် မှတ်ကြီးတစ်ခါတစ်ရံ ပေါက်ကွဲသည်။

"ဘာလဲ ကျုပ်က မစားကောင်းတဲ့ အသီးလား။ ကျုပ်က သရဲ တစ္ဆေမဟုတ်ဘူး။ ဘာကြောင့်ရှောင်ဖယ်ဖယ်လုပ်ရတာလဲ"

မှတ်ကြီးပေါက်ကွဲပြီး ရမ်းခဲ့သည်။ သူ့ကိုရှောင်ဖယ်လုပ်နေသူများအား အသားလွတ်ရမ်းခဲ့သည်။

ဤအချင်းကိစ္စ၌ သံချောင်းသေခဲ့သည်။

ဖြစ်ချင်တော့ သံချောင်းသည် လူရိုးလူအေးကလေး ဖြစ်နေသဖြင့် မှတ်ကြီးအလိုလို လူရမ်းကားဖြစ်သွားသည်။ လူအများမုန်းသွားသည်။ အမုန်းခံဖြစ်သွားသည်။

မှတ်ကြီးကလည်း လူတွေအပေါ် အမြင်မကြည်လင်တော့။ သူ့ကို ကျဉ်သည်ဟု ယူဆခဲ့သည်။ သည်စဉ် မမျှော်လင့်ဘဲ ရပ်ရွာလူငယ်များနှင့် မှတ်ကြီးပြဿနာဖြစ်သည်။

တစ်ရွာနှင့်တစ်ယောက်ဆိုသည့်အခြေအနေမျိုးဖြစ်သွားသည်။ သည်မှာ ရွာသားနှစ်ဦးသေဆုံးပြီး မှတ်ကြီးလည်း နိဂုံးချုပ်သွားခဲ့သည်။

မှတ်ကြီး မရှုမလှ ဒဏ်ရာနှင့် သေခဲ့ပြီ။

၂။

'မှတ်ကြီး'ကား လူ့ဘဝ နိဂုံးချုပ်ခဲ့သော်လည်း ပရလောကသားအဖြစ် နိဒါန်းစခဲ့သည်။

မှတ်မှတ်ရရ တစ်ညရွာနောက်ဖက်ရှိ ညောင်မုတ်ဆိပ်ပင် အောက်မှ ကျော်ဇင်ဖြတ်အပြန် ကျော်ဇင့်ကို မှတ်ကြီး ပူးကပ်ခဲ့ခြင်းမှ သရဲဘဝနိဒါန်းစခဲ့သည်။

နုနယ်ယဉ်ကျေးသည် ကျော်ဇင့်အသွင်က မှတ်ကြီး ပူးကပ်လိုက်သည်လျှင် ကြမ်းတမ်းသွားသည်။ ရိုင်းစိုင်းသူ ဖြစ်သွားသည်။ မျက်နှာက ကြောက်ဖွယ်ဖြစ်သွားသည်။

"ငါ့ကို ဘာမှတ်နေလဲ ငါမှတ်ကြီးကွ။ ငါ့ကို စော်ကားလာရင် ငါကောင်းကောင်းဆုံးမမယ်"ဟု ကြိမ်းဝါးပြီးထွက်သွားသည်။

ထို့နောက်ပိုင်း ညောင်မုတ်ဆိတ်ပင်ကြီးအောက် ဖြတ်သူတိုင်း ပြဿနာတစ်ခုမဟုတ် တစ်ခုနှင့် ကြုံရသည်။

တစ်ခါတစ်ရံ ပူးကပ်ခံရပြီး

တစ်ခါတစ်ရံ ရိုက်ပုတ်ခံရသည်။

တစ်ခါကမူ မဲဇာရွာသို့ အလည်ရောက်လာသူတစ်ဦးအား ညောင်မုတ်ဆိတ်ပင်မှ ဇောက်ထိုးဆွဲပြခဲ့သဖြင့် ထိုသူအား မနည်းနှာနှပ်ယူရသည်။

ထိုကဲ့သို့ပင် မဲဇာရွာသား စိန်တိုးတစ်ယောက် မှတ်ကြီး ခြောက်လှန့်လိုက်ပုံကတော့ ပြောမဆုံးပေါင် တောသုံးထောင်

ဟု ဆိုရလောင်ပင်။

မှန်သည်။

ဒီနေ့က မိုးဖွဲဖွဲရွာနေသည်။ မုတ်သုန်လေက ဝေ့ကာ ဝဲကာတိုက်နေ၏။

မုတ်သုန်လေ စိုထိုင်းထိုင်းနှင့်။

ပြောရလျှင် စိန်တိုးကလည်း ဒီညောင်မုတ်ဆိတ်ပင် ကြီးအောက်သို့ ဖြတ်ချင်၍ ဖြတ်လာသည်မဟုတ်။ ဒီနေရာ ဒီလမ်းကမှ မဖြတ်လျှင် မဖြစ်သဖြင့် ဖြတ်ခဲ့ခြင်း ဖြစ်သည်။

ထို့ကြောင့် ကြောက်ရွံ့စိတ်ရှိနေသည်။

ဤသို့ဖြင့် ညောင်ပင်အောက်သို့ရောက်ခဲ့၏။ နေဝင်စ နွားရိုင်းသွင်းချိန်။

"ဖြောင်း"

အပင်ကြီးအောက်မှာ လမ်းရှိသည်။ အပင်ကြီးအောက် လမ်းသို့ အရောက် ကျယ်လောင်သော သစ်ကိုင်းကျိုးကျသံ ကြားလိုက်ရ၏။

"အား"

အလွန်တရာ ထိတ်လန့်ကြောက်ရွံ့သွားသည်။ အခြား ကြောင့်မှုမဟုတ်။

ကြည့်လေ သူတွေ့လိုက်သည်က ထန်းပင်ကြီးအလား ထင်ရသည့် အမွေးစုတ်ဖွား၊ လျှာတန်းလန်းနှင့် သရဲကြီး။

ထိုအခါ စိန်တိုးသည် နောက်ကျသည့်ခြေထောက်

သစ္စာဖောက်ဟူသော ရှုံးနှလုံးမူကာ ဖနောင့်နှင့်တင်ပါး တသားတည်းကျအောင် ပြေးခဲ့ရလေပြီတည်း။

၃။

ထို့နောက် သရဲမှတ်ကြီး ကြီးစိုးမင်းမူနေသည့် ညောင်မှတ်ဆိတ်ပင်ကြီးအောက်သို့မည်သူမျှ လာရောက်ခြင်း မပြုကြတော့။

ရွာသူရွာသားတွေက ရှောင်စရာအဖြစ် သတ်မှတ်လိုက်သည်။

သို့သော် ညနေတည်းမှ ထိုညောင်မှတ်ဆိတ်ပင်ကြီးအောက်သို့ ဆရာတော်တစ်ပါးနှင့် ကပ္ပိယတစ်ဦး ဖြတ်လာခဲ့၏။

ထိုဆရာတော်က ဉူးပဏ္ဍိတနှင့် ကပ္ပိယ ဖြိုးအောင်တို့ ဤရွာသို့ လာရောက်ခဲ့ခြင်းသည်။ ထိုရွာရှိ မိခင်ဖြစ်သူအား မတွေ့ရသည်မှာ ကြာပြီဖြစ်သဖြင့် လာကြခြင်းဖြစ်၏။

သရဲမှတ်ကြီးသည် ကပ္ပိယဖြိုးအောင်အား ညောင်မှတ်ဆိတ်ပင်အောက် အရောက်တွင် ဝင်ရောက်ပူးကပ်ကာ လိုက်ခဲ့ပြီး အိမ်သို့ရောက်လျှင် တဟားဟားရယ်ကာ ကြမ်းစွာ ပြောဆိုခြင်းဖြင့် သရဲမှတ်ကြီးဇာတိပြလေတော့သည်။

ဆရာတော်မိခင်က "သရဲမှတ်ကြီး ဒုက္ခပေးပြီ" ဟု ပြော၏။ ထို့နောက် အကျိုးအကြောင်း ပြော၏။

ဆရာတော် ပဏ္ဍိတက တည်ငြိမ်စွာခေါင်းညိတ်ပြီး "အင်း ဒကာမှတ်ကြီးက ဒီအာဝရောက်တာတောင်

နောင်တမရသေးဘူးကွိုး၊ အယူမှား၊ အတွေးမှားရင် ငရဲလားရတယ်ကွဲ့"

ဟု မေတ္တာစိတ်နှင့် မိန့်ကြား၏။ သို့သော် သရဲမှတ်ကြီးက တဟီးဟီး တဟားဟားနှင့် ရယ်မောနေလေ၏။

သည်အခါ ဆရာတော်က

"ကောင်းပြီလေ ဒီအချိန်မှ ဒကာမှတ်ကြီး နောင်တမရသေးဘူးဆိုရင် ငါကိုယ်တော် ချွတ်ရတော့မှာပေါ့"

ဟု မိန့်ကြားပြီး ပရိတ်၊ ကမ္မဝါချွတ်ရန် စီစဥ်ရတော့၏။ ဆရာတော်ကိုယ်တိုင် ဘုရားရှေ့တွင် ဒူးတုတ်ထိုင်။ လက်အုပ်ချီမိုးသလို အားလုံးလည်း ဘုရားဝတ်ပြု၏။

သရဲမှတ်ကြီးကမူ မည်သူ့ကိုမျှ ဂရုမစိုက်သည့်ပုံနှင့် တဟားဟားရယ်မောနေလေ၏။

ဆရာတော်က မိမိအစီအစဥ်အတိုင်း "သမန္တာ၊ စက္ကဝါဠေသု" အစချီပြီး နတ်ပင့်၏။

"သဗ္ဗေ ဗုဒ္ဓါ...ဣဒ္ဓိပတ္တာ"ဖြင့် စည်းချ၏။

သည်အခါ သရဲမှတ်ကြီး အမူအရာ အနည်းငယ်ပြောင်းလာပြီး လှုပ်ရှားမှုတို့အားလုံး ငြိမ်ကျသွားပြီး ဆရာတော်အား မမိုတ်မသုန် ကြည့်၏။

ထို့နောက် ဆရာတော်က ပရိတ်ရွတ်၏။ ပရိတ်ရွတ်သံသည် ကြည်လင်ပီသလှ၏။ ရတနသုတ်၊ မေတ္တာသုတ် ထိုမှ အာဋာနာဋိယသုတ်ကို စရွတ်၏။

ထို အာဠာနာဠ္ဌီယသုတ်ရောက်သော် သရဲမှတ်ကြီးသည် ငြိမ်ကျသွားလေပြီ။

သည်အခါ ဆရာတော်က သမ္ဗာဇနီယကမ္မဝါစာရွတ်ဖတ်၍ အမိန့်ပြန်ရန် ပြင်ဆင်၏။

သည်စဉ် သရဲမှတ်ကြီးက စူးဝါးစွာအော်ဟစ်ပြီး

"ဆရာတော် တပည့်တော်ကို သနားပါဘုရား၊ သနားပါ တပည့်တော်မှားခဲ့ပါတယ် ဘုရား"

ဟုပြောရင်း မျက်ရည်တွေ ကျလာ၏။ ခက်ထန်မာကြောသောသရဲမှတ်ကြီး ပြောင်းလဲခဲ့ပြီ။

ဆရာတော်က တည်ငြိမ်စွာပင်ရှိ၏။

"ပင့်ဖိတ်၍ ကြွရောက်ခဲ့ကြတဲ့ နတ်အပေါင်းတို့ ဒီသရဲမှတ်ကြီးကို ဆုံးမစရာရှိလို့ပါ။ ကမ္မဝါစာ ဖတ်ပြီးသည့်အထိ ချုပ်ထားပါ လွှတ်မပေးပါနဲ့"

ဟု မိန့်ကြားပြီး ကမ္မဝါစာဆုံးသည့်တိုင် ဌာန်ကရိုဏ်း ကျကျ ရွတ်ဖတ်၏။

၄။

ကမ္မဝါတစ်ခုလုံး သရဲမှတ်ကြီး၏ အမူအရာသည် လုံးဝခြားနားသွား၏။ ဒူးထောက်ပြီး ဆရာတော်အား ကန်တော့၏။

ဆရာတော် စက္ကျူက္ကန္ဒြေချကာ...

"ဒကာမှတ်ကြီး ဘာဖြစ်လို့ ခုလို မလုပ်သင့် မလုပ်ထိုက်၊ မပြုသင့် မပြုထိုက်တာတွေကို ပြုနေရတာလဲ"

ဟု မိန့်၏။

"တပည့်တော် မှားပါတယ် အရှင်ဘုရား၊ တပည့်တော်ကို ရွာက စော်ကားကြလို့ ခုလို ပြုမိတာပါ။ တပည့်တော် မှားပါတယ် ဘုရား"

ဟုလျှောက်၏။

"ဒကာမှတ်ကြီး အသိမှားခြင်းဟာ ဆုံးရှုံးခြင်းပဲ။ ဒီအသိမှားကြောင့် ဒီဘဝရောက်ရသလို၊ ဒီဘဝထိ အသိမှားနေရင် ငရဲလားရဖို့ပဲရှိတော့တယ်ကွယ့်၊ မှားရင်ပြင်ရမယ်။ အမုန်းတရားတွေကို ဖျောက်ပြီး မေတ္တာစိတ်နဲ့ ရောက်ရာဘဝကို အလှဆင်ရမယ်ဒကာ"

"တပည့်တော် ပြုပြင်ပါ့မယ်ဘုရား။ ဒီရွာသားတွေကို မနှောင့်ယှက်တော့ပါဘူး။ တပည့်တော်နောင်တရပါပြီ"

ဟု ဝန်ချ၏။

သည်အခါ ဆရာတော်က သရဲမှတ်ကြီးအား ဖြေလျှော့လိုက်၏။ သရဲမှတ်ကြီးလည်း လွတ်သွား၏။

ကပ္ပိယဖြိုးအောင်လည်း ပကတိအတိုင်းရှိခဲ့ပြီ။


ထို့နောက် ဆရာတော်သည် အရင်ရည်ရွယ်ချက်အတိုင်း မိခင်ကြီး ကျန်းမာရေးအတွက် တတ်သိဆရာများနှင့် တိုင်ပင်ညှိနှိုင်းကုသပြီး သရဲမှတ်ကြီး ကျွတ်လွတ်ရေးအတွက် သရဲမှတ်ကြီးအတွက် ရည်စူးအလှူ (ပေတအလှူ)ပြုပြီး အမျှဝေပေးခြင်း၊ သာဓုခေါ်ဆိုခြင်းကို ပြုခဲ့သည်။

အရှေ့ဘက်ကောင်းကင်

ဤအဖြစ်သည် ကြာပြီဖြစ်သော်လည်း သိမီလိုက်သူတိုင်းက မဲဇာတော၏ အမှတ်တရ ပုံပြင်တစ်ခုအဖြစ် ပြောနေဆဲဖြစ်သတည်း။

စာဖတ်သူများရဲ့
ဒေဝေါ

◆ ◆ ◆ ◆ ◆



# သင်္ချိုင်းလက်မခံ သရဲဘဝ

''ပရလောကၥ္ဌ စည်းကမ်းရှိသည်။
စည်းကမ်းလိုက်နာရမည်။
သရဲဘဝက စည်းကမ်းပျက်ခဲ့သဖြင့်
သင်္ချိုင်းက လက်မခံပြီ။''

အရှေ့ဘက်ကောင်းကင်

၁။

ဘဇံက လူ့ဘဝကတည်းက လူဆိုးဖြစ်သည်။ မကောင်းမှုမှန်သမျှ လုပ်သူဖြစ်သည်။

ဘဇံက လက်ယဉ်သည်။ မိုက်သည်။ စီကနဲဆို ဘဇံပါနေပြီ။ ငှက်ကြီးတောင် တဝင်းဝင်းနှင့် လူမိုက်ကြီးဘဇံ။

သူက မိုက်ရသည်ကိုပဲ ဂုဏ်ယူသည်။

"တုတ် တုတ်ချင်း ဓား ဓားချင်း ဘယ်သူယှဉ်မလဲ။ ဘဇံအသင့်ပဲ"

ဟု အမြဲပြောသည်။ ထို့အတူ ဘဇံတွင် ဆိုးကွက်တစ်ခုရှိသည်။ ဒါက အခြားမဟုတ်။ အရက်ကလေး ဝင်ပြီဆို ဘာမှမမြင်။ ရိုက်ဖို့၊ ခုတ်ဖို့၊ သတ်ဖို့ပဲ ရှေးရှုသည်။

ကိုယ်နှင့်ဆိုင်ဆိုင် မဆိုင်ဆိုင် ဝင်ပါသည်။ ပြောရလျှင် ဘဇံသေရသည်မှာလည်း ဒါကြောင့်ပင် ဘဇံသေသည့်နေ့က ဖြစ် သည့်ကိစ္စဆိုလျှင်လည်း ဘဇံနှင့် ဘာမျှမဆိုင်။

လူငယ်နှစ်ဦးမူးပြီးစကားနိုင်လုရင်း ရန်ဖြစ်ကြသည်။ ဘဇံအတွက် လေညာက အနေသာကြီးပင်။

သို့သော် ဘဇံက မဆိုင်သည့်အပေါက် ဂလိုင်နှင့်ခေါက် သည်။ လူငယ်ပွဲမှာ သူဝင်ပါသည်။ မူးမူးနှင့်လူငယ်နှစ်ဦးကို နားပန်ကျင်းလိုက်သည်။

"မင်းတို့ ငါ့ကို မျက်စိနောက်အောင် လုပ်တယ်။ ခွေးကောင်တွေ"

ကြိမ်းလိုက်သေး၏။

လူငယ်နှစ်ဦးက အစက ရန်ဖြစ်သူတွေ ဖြစ်သော်လည်း နှစ်ဦးစလုံး အနိုင်ကျင့်ခံရတော့ မဟာမိတ်ဖြစ်သွားသည်။ ဘဇံ က ဘုံရန်သူဖြစ်သွားသည်။

ထိုည အရက်ဆိုင်မှ အဝသောက်ပြီး ဘဇံအပြန် လူငယ် နှစ်ဦးနှင့်အဖော်တွေက ပူးပေါင်းပြီး ဘဇံကို ရန်ပြုကြသည်။

လူငယ်တွေက ကြိုတင်စီစဉ်မှုတွေနဲ့ ရန်ပြုသဖြင့် ဘဇံ အငိုက်မိသွားသည်။

တစ်ဦးက ဘဇံ ညှို့သကျဉ်းကို ဝါးဆစ်ပိတ်နှင့် ဖြတ် ရိုက်၍ လဲအကျ၌ တစ်ဦးက ဓားနဲ့ ခုတ်သည် ဘဇံ လဲကျသွား လျှင်

"သူ့ကို အရှင်မထားနဲ့ သူ ခုသေရင် ငါတို့သေလိမ့်မယ်။ ခုတ် အသေခုတ်"

ဟုတစ်ဦးက နှိုးဆော်သည်။

ဝိုင်းခုတ်ကြသဖြင့် ဘဇံ မရှုမလှနှင့် လူ့ဘဝ ဇာတ်သိမ်း ခဲ့ရသည်။

ဘဇံက ဒေါသနှင့်သေ၊ ရန်လိုမှုနှင့်သေသဖြင့် သေ တော့ သရဲဖြစ်သည်။ ဇောကြောင့် ဘဇံ သေလို့သေမှန်းမသိ။

ဘဇံ၏ ရုပ်အလောင်းအား ထိန်ပင်သုသာန်သို့ ပို့တော့ ဘဇံ ပထမဆုံး အံ့သြရသည်။

"အမယ် ဘဇံဆိုပါလား ပြီးတော့ ဒီကောင်ရုပ် ငါနဲ့

လည်း ခွဲမရအောင် တူနေတယ်။ လူတူမရှား၊ နာမည်တူမရှား ဆိုတာ တယ်မှန်ပါလား"

တစ်ကိုယ်တည်းပြောနေသည်။

ဘဇံကကမူ ဖိမ်ကျနေ၏။ အိမ်ပြန်ပြီးအသင့်ထားသည့် ထမင်းဟင်းကို စားသည်။ ကုလားသေ ကုလားမော အိပ်သည်။

သို့သော် ခုနစ်ရက်မြောက်နေ့။

လူလောကမှာကတော့ လူတစ်ဦးသေပြီး ခုနစ်ရက်ပြည့်လျှင် ရက်လည်သည်ဟု ခေါ်သည်။

အိမ်မှာ နှစ်ခြိုက်စွာ အိပ်ဖို့ ပြန်သည်။

ပြဿနာက အဲဒီမှာ စတာပဲ။

ဘဇံအိမ်ပေါ်သို့အတက် သူ့ရင်ကို စောင့်တွန်းလိုက်သလို ခံစားရသည်။ ဘဇံ ဖင်ထိုင်ရက် လဲကျသွားသည်။

သူဒေါသတကြီး ထလိုက်သည်။ သည်အခါ ခန္ဓာကိုယ်တုတ်ခိုင်ပြီး အရုပ်ဆိုးဆိုး ပုဂ္ဂိုလ်တစ်ဦးနှင့် မျက်နှာချင်းဆိုင်ရင်းသူ့ပုံစံကိုက တစ်မျိုး။

ဘဇံက ဒေါသနှင့်...

"မင်း ဘယ်သူလဲ"

ဟု မေးလိုက်၏။

"ငါ အိမ်စောင့်နတ်ပဲ"

"ငါ မသိဘူး၊ ဒါ ငါ့အိမ်၊ ငါ့အိမ်ငါ ပြန်လာတာ"

"ဒါကို ငါသိတယ်။ ဒါပေမယ့် အခုမင်းနဲ့ မင်းမိန်းမ

က ဘဝခြားသွားပြီ။ မင်းက လူမဟုတ်ဘူး။ မင်းသရဲ ဖြစ်နေပြီ။ ဒါကြောင့် ဒီအိမ်ကို ငါဝင်ခွင့်မပြုနိုင်ဘူး''

ဘဇံ ရယ်လိုက်သည်။

''မင်း မဝင်ရဘူးဆိုပေမယ့် ငါက ဝင်မယ်ဆိုရင်''

''အေး မင်းက အချူ မကြိုက်ရင် ဆေးခါးတိုက်ရတာပေါ့''

မှန်သည်။

ဘဇံက တဇွတ်ထိုး အိမ်ပေါ်တက်ရန် လုပ်တော့ အိမ်စောင့်နတ်ဆိုသည့် ပုဂ္ဂိုလ်က အစွမ်းပြသည်

ဘဇံ ရင်ဝကို ရိုက်လိုက်သည်။

''ဒုတ်''

''အင့်''

ဘဇံအတော်လေး နာသွားသလို အဝေးသို့ လွင့်သွားသည်။ ရင်လည်းအောင့်သွား၏။

ဘဇံက တဇွတ်ထိုးနိုင်သူ၊ မိုက်မဲသူဖြစ်သော်လည်း ခံရ ချက်ပြင်းသဖြင့် စိတ်လျှော့လိုက်သည်။ စိတ်ထဲ၌ သူမကျေနပ် နိုင်။

''အေးပေါ့ကွာ မင်းကသာနေတော့လည်း လုပ်ဦးပေါ့''

ဟု တေးမှတ်ရင်း ကောင်းပြီ ခင်ဗျား ခွင့်မပြုရင် ကျုပ် မတက်တော့ဘူး။ မဝင်တော့ဘူး။ သွားမယ်ဟု ပြောပြီး လှည့်ထွက်သွားသည်။

သို့သော် စိတ်ထဲ၌မူ ဒေါသအမျက် ချောင်းချောင်းထွက်လျက်။

၂။

ဒေါသကြောင့်လား မသိ။

ကြည့်လေရာ၊ မြင်လေရာ မကျေနပ်စရာချည်း ဖြစ်နေသည်။ အလိုမကျနိုင်စရာဖြစ်ခဲ့သည်။

မှတ်မိသေးရဲ့။

ဘဇံလမ်းမှာ မှင်စာလေးတစ်ကောင်တွေ့သည်။ လမ်းမှာ ပြေးနေသည်။ တကယ်တော့ ကလေးသရဲကလေးဖြစ်သည်။ သူ့ဟာသူ ပြေးဆော့နေခြင်းဖြစ်သည်။

သို့တစေ ဘဇံက မြင်သမျှ တွေ့သမျှ သဘောမကျဖြစ်နေသဖြင့် မှင်စာကလေးကို မျက်စေ့နောက်ပြီး ကန်လိုက်သည်။

သည်အခါ မှင်စာကလေးနှင့် ပတ်သက်သည့် မရမ်းပင်တွင်ရှိနေသည့် သရဲတစ်သိုက်နှင့် သရဲဘဇံ ပြဿနာဖြစ်သည်။

ဘဇံကလူ့ဘဝတွင် လက်ရဲဇက်ရဲ၊ မိုက်မဲခဲ့သလို သရဲဘဝရောက်တော့လည်း ဗီဇမပျောက် သရဲအုပ်စုကို ထိုးနှက်တိုက်ခိုက်ခဲ့၏။

သရဲတစ်သိုက် အတော်အထိနာသွားသည်။

"မင်းတို့ မှတ်ထား ဘဇံတဲ့၊ လူ့ဘဝတုန်းကလည်း ဘယ်သူ့ကိုမှ ဗိုလ်မထားသလို၊ သရဲဘဝမှာလည်း ဘယ်သူ့ကိုမှ ဗိုလ်မထားဘူး။ တစ်ရွာနဲ့တစ်ယောက်ဖြစ်လည်း ငါဂရုမစိုက်

ဘူးဟေ့။ ဘဇံတဲ့ မှတ်ထား"

ဟု ကြွေးကြော်လိုက်၏။

ထိုစဉ် သရဲဘဇံနှင့် မနီးမဝေး၌ သင်္ချိုင်းရှင်မ မဖဲဝါ ရောက်နေသည်ကို သူမသိ။

မဖဲဝါက ဆံပင်ဖားလျား၊ ထမီရင်လျားနှင့်သူ့ဘေးတွင် ခွေးနက်ကြီးတစ်ကောင်။

သရဲဘဇံသင်္ချိုင်း အရောက်လာမည့်နေ့တွင် ရောက်မလာခြင်းနှင့်အတူ တွင်းတူးမိုက်သည့် လူမိုက်ကြီးဘဇံကို ဆုံးမရန် ရောက်လာခြင်းဖြစ်သည်။

ပရလောက၌ သရဲ၊ တစ္ဆေတို့သည် ပရလောကထုံးစံအရ ရက်လည်သည့်နေ့တွင် သင်္ချိုင်းရှင်မ မဖဲဝါနှင့်တွေ့ရသည်။

လူ့လောကအစဉ်အလာအတိုင်းပြောရလျှင် မဖဲဝါကို သတင်းပို့ရသည်။ မဖဲဝါက သင်္ချိုင်းရှင်မ၊ ပရလောက အကြီးအကဲပီပီ ထိုရောက်လာသည့်သရဲအား ဆုံးမ နေရာပေးရသည်။ နေချင် ရာ နေ၍မရ။

ပရလောက၌ ကလေကချေ နေချင်တိုင်းနေလို့မရ။ သရဲစည်းကမ်းလိုက်နာရသည်။ ပရလောကရှင်မ မဖဲဝါ လမ်းညွှန်ချက်အတိုင်း လုပ်ရသည်။

ယခု သရဲဘဇံက စည်းကမ်းဖောက်သူ ဖြစ်နေပြီ။

ထို့ကြောင့် ပရလောက အစဉ်အလာအရ သရဲဘဇံကို ဆုံးမရမည်။

သရဲဘဇံနှင့် မျက်နှာချင်းဆိုင်လိုက်သည်။

သရဲဘဇံက ဆံပင်ဖားလျား၊ ထမီရင်လျားနှင့်မိန်းမကိုတွေ့တော့ ဆတ်ကနဲ ကြည့်သည်။

"နင်က ဘယ်သူလဲ"

"ငါ ဘယ်သူဆိုတာ မသိခင် မင်းမှာရှိနေတဲ့ လူ့ဘဝ စရိုက်ဆိုးတွေ ပြင်ဖို့ငါအမိန့်ပေးတယ်"

"ဟား ဟား ဟား"

သရဲဘဇံရယ်လိုက်သည်။

"မလောက်လေး မလောက်စား မိန်းမက ဘဇံကို အမိန့်ပေးနေတယ်။ နာဖို့သာ ပြင်ပေတော့"

ဘဇံက လက်သီးနှင့်လှမ်းထိုးလိုက်လျှင် မဖဲဝါက လက်ဖဝါးနှင့် သရဲဘဇံလက်သီးကို ခံလိုက်ပြီး တွန်းလိုက်သည်။

"အလိုလေး"

သရဲဘဇံဝါးတစ်ကိုက်ခန့် လွင့်သွားသည်။ မြေပြင်ပေါ် ဖင်ထိုင်လျက် ကျသွားသည်။ ပြီးတော့ ဖျက်ကနဲ ကြည့်လိုက်တော့ သူ့ရှေ့တွင် ရောမလူကြီးတစ်ဦး သူ့အား ရပ်လျက် စိုက်ကြည့်နေသည်ကို တွေ့ရ၏။

ခုန ဆံပင် ဖားလျား၊ ထမီရင်လျားနှင့်မိန်းမဖြစ်ပြီး ယခု ရောမလူဘီလူးကြီး ဖြစ်နေသဖြင့် ဘဇံဖြုံသွားသည်။

ထို့အတူ ခွေးနက်ကြီးက သရေတမြားမြား လျှာတွဲလောင်းနှင့် သူ့အား မာန်ဖီနေသည်ကို တွေ့သဖြင့် ထူးထူးခြား

ခြား တုန်လှုပ်သွား၏။

သည့်စဉ် မဖဲဝါက

"ကဲ မင်းဘာဖြစ်ချင်သေးလဲ ဘခံ၊ မင်း မဖဲဝါကို ယှဉ်ချင်သေးလား"

ဟုမေးသည်။

"ကျွန် ကျွန်တော် တောင်းပန်ပါတယ်"

၃။

မဖဲဝါက နဂိုမူလ ပုံသွင်းပြန်ပြောင်းလိုက်သည်။ ခွေးနက်ကြီးကလည်း ရောမခွေးနက်ကြီးမဟုတ်တော့။

မဖဲဝါက သရဲဘခံကို စေ့စေ့ကြည့်ပြီး

"မင်းက တောင်းပန်ပေမယ့် ဒီတိုင်းခွင့်လွှတ်လို့ မရဘူး။ မင်းမှာ လူ့ဘဝက မကောင်းတဲ့ ညဥ့်ဆိုးတွေ ရှိနေသေးလို့မင်း ကို ပညာပေးရဦးမယ်။ ထိုက်တန်တဲ့ ပြစ်ဒဏ် မင်းခံရဦးမယ်"

"ဗျာ"

"မဗျာနဲ့ ဘခံ။ ဒါဟာ ပရလောကရဲ့ စည်းကမ်းပဲ ငါတို့ဟာ ပရလောကသား၊ သရဲ၊ တစ္ဆေတွေဖြစ်သလို သရဲ၊ တစ္ဆေတွေရဲ့ လိုက်နာရမယ့် စည်းကမ်းကို ဖောက်ဖျက်လို့မရဘူး။ လူ့ဘဝက မကောင်းတဲ့ အကျင့်တွေကိုလည်း သရဲ၊ တစ္ဆေဘဝဆီ ယူလာတာ ငါလက်မခံနိုင်ဘူး"

"မင်းမှာ လူသားတချို့ရဲ့ အကျင့်ပျက်၊ စရိုက်ပျက်တွေ ရှိနေတယ်။ ပြီးတော့ ပရလောက မကောင်းဆိုးဝါးကျင့်ဝတ်တွေလည်း ဖောက်ဖျက်ခဲ့လို့ မင်းကို လောလောဆယ် သင်္ချိုင်းမှာ လက်မခံနိုင်သေးဘူး"

"ပရလောက စည်းကမ်းဖောက်ဖျက်မှု၊ နိုင်လိုမင်းထက် စရိုက်ဆိုးတွေနဲ့ ရမ်းကားမှုကြောင့် မင်းမဟာမြိုင်တောမှာ ၂နှစ် သွားနေဖို့ မဖဲဝါ အမိန့်ပေးတယ်"

သရဲဘဇံ ဘာပြောရမည် မသိ။ လူ့ဘုံ လူ့လောကတွင် လူ့ကျင့်ဝတ်၊ လူ့လောက စည်းကမ်းဥပဒေကို ချိုးဖောက်လျှင် အပြစ်ရှိသလို ပရလောက၌လည်း စည်းကမ်းဖောက်ဖျက်လျှင် အပြစ်ခံရမြဲပင်။

ကိုယ်ပြုသမျှဒဏ် ကိုယ်သာခံရမည်။

သရဲဘဇံက လူ့ဘဝက စရိုက်ဆိုးကို မစွန့်နိုင်သဖြင့် ပရလောက ဥပဒေအရ မဖဲဝါအမိန့်ချမှတ်သည့်အတိုင်း လိုက်နာရန်မှတစ်ပါး အခြားမရှိပြီ။

စာဖတ်သူများရဲ့
ဒေဝေါ

◆ ◆ ◆ ◆ ◆



## တစ္ဆေတို့၏မာယာ

မြတ်သီရိအား
ခြောက်လှန့်ပြီးကား
အကူအညီတောင်းခြင်းက
တစ္ဆေတို့၏
မာယာလား

အရှေ့ဘက်ကောင်းကင်

၁။

မြတ်သီရိသည် မိတဆိုး မိန်းကလေးဖြစ်သည်။ သူ လူ့လောကသို့ရောက်ပြီး အသက် သုံးနှစ်အရွယ်သို့အရောက်တွင် အမေ သေဆုံးသည်ဟု အဖေက ပြောသည်။

အမေ သေဆုံးသည်မှာ သွေးရိုးသားရိုး သေဆုံးခြင်းသာ ဖြစ်သည်။ ဈေးမှအပြန် စည်းကမ်းမရှိသည့် ယာဉ်မောင်းတစ်ဦး ကြောင့် အမေ မသေသင့်ဘဲ သေဆုံးရခြင်းဖြစ်သည်။

"သမီးအမေ သေရတာ သေချိန်မတန်ဘဲ သေရတာ။ မိသားစု ပျော်ရွှင်စွာ နေနေချိန်မှာ သေရတာ။ သမီးအမေရဲ့ဘဝ က မကြွေသင့်ချိန်မှာ ကြွေသေဆုံးရတာ"

ဟု အဖေက ပြောပြ၏။ သည်သို့ ပြောပြစဉ်က အဖေ ၏မျက်နှာသည် ကြည်လင်ရွှင်ပျခြင်း မရှိ။ မှိုင်းညို့နေ၏။

အဖေ့မျက်ဝန်းအိမ်မှာ မျက်ရည်ကြည်တို့ ဝေ့ဝဲနေသည် ထင်ရသည်။

ထို့နောက် အဖေသည် သမီးဖြစ်သူအတွက် အလေးထား ခဲ့သည်။ တစ်ပင်လဲမှ တစ်ပင်ထူဆိုသောစကားနှင့်အညီ နေနိုင် သော်လည်း မနေခဲ့။

မိမိစိတ်ချမ်းသာပျော်ရွှင်မှုထက် သမီးကလေး အနာဂတ် အတွက် အလေးထားသည်။ သမီးအတွက် မိထွေးကို အမေတော် ရတဲ့ဘဝ၊ မိထွေးရဲ့ နှိပ်စက်မှုကို မခံစေရဘူးဟု ပြောသည်။

ပြောသလိုလုပ်သည့် အဖေ။

အခု မြတ်သီရိ အသက် ၁၂ နှစ်ထိ၊ မြတ်သီရိနှားတွင် အဖေရှိသည်။

"သမီးအား်ဟာ အဖေပဲ ဖြစ်ရမယ်"

ဟု အဖေပြောသည်။

ချစ်စရာကောင်းသည့် အဖေ။

၂။

အဖေသည် မြတ်သီရိအတွက် အားတစ်ခုဖြစ်သည်မှာ မှန်ကန်သော်လည်း အဖေ့အတွက် မြတ်သီရိ ကြေကွဲဝမ်းနည်းရသည့်အဖြစ်များ ရှိသည်။

အခြားမှု မဟုတ်။

အဖေ အရက်သောက်နေခြင်းဖြစ်ပြီး ညတိုင်း အဖေအိမ်ပြန်နောက်ကျခြင်းဖြစ်သည်။ ထို့ကြောင့် အိမ်တွင် အဖေ မရှိဘဲ မြတ်သီရိ တစ်ဦးတည်း နေရသည့်အချိန်တွေက များသည်။

ဒီအချိန်တွေက မြတ်သီရိအတွက် အထီးကျန်သည့်အချိန်များဖြစ်သည်။

အခန်းထဲတွင် အဖေ့ကိုမျှော်ရင်း အချိန်ကုန်ခဲ့ရသည့် အချိန်များသည် မနည်းခဲ့။ အဖေ ပြန်လာလျှင် ပျော်ခဲ့ရသော်လည်း အဖေမူးလာသည်ကိုတွေ့တိုင်း စိတ်မကောင်းဖြစ်ရသည်။

အဖေ့ကိုကြည့်ပြီး "အမေရယ် အမေ မရှိတော့တဲ့နောက် အဖေက အရူးကြီးလိုပဲ အမေရယ်၊ အမေ မြင်စေ့ချင်တယ်" ဟု ပြောမိသည်။

ထို့အတူပင် အဖေမူးလာပြီး တစ်ခါတစ်ရံ အဖေက မာန်မဲလျှင် အရှမ်းဝမ်းနည်းရသည်။ တကယ်တော့ အဖေဟာ တစ်ဦးတည်းသော အားကိုးရာလေ····။

"ဒေါင် ဒင်"

"ဒေါင် ဒင်"

တိုင်ကပ်နာရီမှ သံချောင်းသံ ကြားရသည်။ မြတ်သီရိ ဆက်ကနဲ ကြည့်လိုက်သည်။ ဆယ်နာရီ။

အဖေ ပြန်မလာသေးသဖြင့် မြတ်သီရိ စိုးရိမ်မိသည်။ အဖေ ဘာကြောင့် ဒီလောက်နောက်ကျရသလဲ။

ထိုစဉ် အသံတစ်ခု ကြားလိုက်ရသည်။

"ကလင် ကလင်"

ဘဲလ်သံကြောင့် မြတ်သီရိ ပျော်သွားသည်။ သူ့စိတ်ထဲ၌ အဖေပြန်လာပြီဟု တွေးမိလိုက်သောကြောင့်ဖြစ်၏။

ထို့ကြောင့် မြတ်သီရိ ကပျာကယာထကာ တံခါးဆီသို့ ပြေးသွားပြီး တံခါးခလုတ်ကို လှည့်ဖွင့်လိုက်သည်။ တံခါးပွင့်သွားသည့်အခါ မြတ်သီရိ အံ့သြရပြန်၏။

အဖေ မဟုတ်ရုံမက တံခါးနားတွင် ဘယ်သူမှ မရှိ။ ခြံဝသို့ လှမ်းကြည့်လိုက်မိသည်။ အလင်းရောင်က ထိန်နေ၏။ ဘယ်သူမျှ မရှိသည်မှာ သေချာသည်။

မြတ်သီရိစိတ်ထဲတွင် စိုးရွံ့သလို ခံစားလိုက်ရ၏။ တံခါးကို ဂျိန်းကနဲ ပြန်ပိတ်ပြီး အိမ်ထဲပြန်ဝင်ခဲ့သည်။ စိတ်ထဲ၌

ကြောက်သလိုလို ရွံ့သလိုလိုနှင့်။

မြတ်သီရိ ဧည့်ခန်းဆီသို့ ပြန်လာပြီး ဆိုဖာပေါ်၌ ထိုင်လိုက်သည်။ ရင်ခုန်သံ လျှင်မြန်နေမှု လျော့သွားစေရန် မျက်လုံးမှိတ်ပြီး အသက်မျှင်းရှူလိုက်သည်။

ထိုစဉ် မြတ်သီရိ နားစည်တွင်းသို့ အသံတစ်ခု ကျူးဝင်လာသည်။ ခပ်ဖွဖွနင်းလျှောက်သွားသော ခြေသံဖြစ်၏။ ခြေသံသည် မီးဖိုနောက်ဖက်မှ နောက်ဖေးဘက်ဆီသို့ သွားနေသည့် ခြေသံဖြစ်သည်။

မြတ်သီရိ ဖျတ်ကနဲ လှည့်ကြည့်လိုက်သည်။ ဘာမျှမမြင်ရသော်လည်း ခြေသံကို ကြားနေရဆဲ။

"ဂျွီ"

တံခါးပွင့်သွားသည်ကို တွေ့လိုက်ရသည်။

"ဘုရား ဘုရား"

၃။

သည်အခါ မြတ်သီရိသည် ကြည့်ရှုကြည့်မနေနိုင်တော့။ ကြောက်စိတ်ထက် စိတ်ဝင်စားမှုက ပိုလာသဖြင့် ထိုင်ရာမှထလိုက်ပြီး လက်နှိပ်ဓာတ်မီးဆွဲယူကာ နောက်ဖေးဘက်ဆီသို့ လိုက်ခဲ့သည်။

အခန်းထဲ၌ မီးမှိတ်ထားသဖြင့် မှောင်နေသည်။

မြတ်သီရိ အခန်းဝသို့ ရောက်လျှင် နောက်ဖေးခန်းမီး ဖွင့်လိုက်သည်။

"ချောက်"

မီးခလုတ် ဖွင့်သံနှင့်အတူ တစ်ခန်းလုံး လင်းထိန်သွားသည်။

"အား"

သို့နှယ်ပင် မြတ်သီရိ အကြီးအကျယ် တုန်လှုပ်သွားသည်။ လန့်သွားသည်။

ဟုတ်သည်။ မြတ်သီရိ တွေ့လိုက်ရသည်က အင်္ကျီအပြာ၊ ဘောင်းဘီဝတ် မျက်နှာတစ်ခုလုံး သွေးချင်းချင်းနှင့် လူကြီးတစ်ဦး။

မြတ်သီရိ တံခါးဆွဲပိတ်ပြီး အိမ်ရှေ့သို့ ပြန်ထွက်ခဲ့သည်။ ခပ်ဖြည်းဖြည်း ထွက်ခဲ့ခြင်း မဟုတ်။

အပြေးတစ်ပိုင်း ထွက်ခဲ့ခြင်း ဖြစ်၏။

မြတ်သီရိ ဧည့်ခန်းဆီသို့ ရောက်လျှင် ဦးလေးဂျော်နီနှင့်တွေ့ရသည်။ မြတ်သီရိ ဦးလေးဂျော်နီကို ပြေးဖက်လိုက်သည်။

"ဦးလေး သီရိ သီရိ ကြောက်တယ်"

ဟု ပြောသည်။

"ဘာဖြစ်လို့လဲ သီရိ၊ ဘာဖြစ်လို့လဲ ဦးလေးကို ပြောစမ်း"

"အနောက်ဘက် နောက်ဖေးခန်းမှာ လူတစ်ယောက်"

"သမီးရယ် ဟုတ်ပါ့မလား၊ သမီးစိတ်ထင် အမြင်မှား

တာနေတာလား"

"ဟုတ်ဘူး ဦးလေး၊ သီရိ သေသေချာချာ မြင်လိုက်တာ"

ထို့နောက် ဦးလေးဂျော်နီနှင့် မြတ်သီရိတို့ နောက်ဖေးခန်းဆီသို့ လျှောက်လာပြီး ပိတ်ထားသည့်တံခါး ဖွင့်ကာ ဝင်ခဲ့သည်။

အခန်းထဲ၌ ဘာမျှမရှိ။

"ဘယ်မှာလဲ သမီး"

"မရှိတော့ဘူး ဒါပေမယ့် သီရိ သေသေချာချာ မြင်ခဲ့တာပါ။ သီရိကို ညိုးငယ်တဲ့အကြည့်နဲ့ ကြည့်နေတယ်ဆိုတာလည်း မှတ်မိတယ်"

"ကဲပါကွယ် ဒါကို မေ့ထားလိုက်ပါ"

တူဝရီးနှစ်ယောက် အခန်းထဲမှ ထွက်ခဲ့သည်။ ဧည့်ခန်းတွင်းသို့ရောက်ချိန် ဘဲလ်သံ ကြားရသည်။ မြတ်သီရိ မဖွင့်ရဲ။ ဦးဂျော်နီကို ကြည့်လိုက်မိသည်။

ဦးဂျော်နီက ပြုံးပြီး "ဦးသွားဖွင့်ပေးလိုက်ပါ့မယ်" ဟု ပြောပြီး တံခါးဆီ လျှောက်သွားသည်။ မြတ်သီရိ ထပ်ချပ်မကွာ ပါလာ၏။

တံခါးဖွင့်လိုက်သည်။

တံခါးပွင့်သွားသလို အဖေ့ကို မြင်လိုက်လျှင် မြတ်သီရိ ဝမ်းနည်းသွားသည်။ အဖေ့ကို ပြေးဖက်လိုက်၏။ ပြီးတော့ ငိုသည်။

"ဘာဖြစ်လို့လဲ သမီး"

အဖေက မေးသည်။

"အဖေ ဒီအိမ်မှာ တစ်စုံတစ်ယောက် ရှိနေတယ်၊ သမီး ကြောက်တယ်"

"မဟုတ်တာ သမီးရယ်"

ထိုစဉ် နောက်ဖေးဘက်ဆီမှ ခြေသံကြားလိုက်ရသလို အရိပ်တစ်ခုကို ဖျတ်ကနဲ မြင်လိုက်သည်။

"အဖေ ဟို...ဟို နောက်ဖေးဘက်မှာ ခြေသံကြားနေတယ်။

"မဟုတ်တာတွေ မပြောနဲ့သမီး အဖေ အပြန်နောက်ကျလို့ အဖေ စောစောပြန်လာအောင် ဖန်တီးတာ အဖေ မကြိုက်ဘူး သမီး"

"မဟုတ်ဘူး၊ သမီး မဖန်တီးဘူး၊ နောက်ဖေးခန်းမှာ လူတစ်ယောက်ရှိနေတာ သမီးကိုယ်တိုင် မြင်ခဲ့တာ"

"ဒါက သမီးစိုးရိမ်စိတ်က သမီးကို ခြောက်လှန့်နေတာပဲဖြစ်မယ်၊ ဒါဟာ အားငယ်စိတ်ကြောင့် ဖြစ်တာပဲ၊ ဒါကို အဖေ မကြိုက်ဘူး"

သည်လို ငေါက်ငမ်းတော့ မြတ်သီရိ အရမ်း ဝမ်းနည်းသွားသည်။ မြတ်သီရိ လည်းစယ်ပြောခြင်း မဟုတ်မှန်း မြတ်သီရိနှင့် မြတ်သီရိကိုယ်စောင့်နတ်ပဲ သိသည်။

ဦးဂျော်နီကမူ "ကလေး အားငယ်ချိန်မှာ အပြစ်မမြင်ပါနဲ့အစ်ကို" ဟု ပြောသည်။

၄။

နံနက်ခင်းရောင်ခြည်သည် လောက မျက်နှာပြင်ပေါ်သို့ ယိုစီးဖိတ်ကျလာသည်။

လေပြေက ဝေ့ဝဲတိုးဝင်လာ၏။

မြတ်သီရိ ကျောင်းသွားရန် အခန်းတွင်းမှ ထွက်ခဲ့သည်။ ဧည့်ခန်းမတွင် ဦးဂျော်နီ မှုခင်းဂျာနယ်တစ်စောင် ဖတ်နေသည်။

မြတ်သီရိ အနားရောက်လျှင် ဂျာနယ်ကိုချပြီး…

"တူမကြီး ကျောင်းသွားတော့မလား၊ ဦး လိုက်ပို့ရမလား"

ဟု ပြောသည်။

"သမီး စက်ဘီးနဲ့ပဲ သွားမယ်ဦး" ဟု တုန့်ပြန်ပြီး ဂျာနယ်ကို ဝေ့ကနဲ ကြည့်လိုက်သလို အံ့သြခြင်းဟူသည့် ခံစားမှုကို ခံစားလိုက်ရသည်။

"ဘာဖြစ်လို့လဲ တူမကြီး"

မြတ်သီရိ ဂျာနယ်ကို စားပွဲပေါ်ချကာ…

"ဒီ ဒီလူကြီးကို ညက သီရိတို့ အိမ်နောက်ဖေးခန်းမှာ တွေ့လိုက်တာဦး"

လက်ထောက်ပြပြီး ပြောလျှင် ဦးဂျော်နီ ကြည့်ပြီး…

"ဘာ ညက သီရိ မြင်လိုက်တာ ဒီပုဂ္ဂိုလ် ဟုတ်လား"

မြတ်သီရိ နေသည့်ကျောင်းနှင့် အိမ်ကမဆိုသလောက် ဝေးသည်။ တောတန်းကလေးတစ်ခုကို ဖြတ်ရသည်။

ဆောင်းတွင်းနေဝင်စောသည့်အချိန်တွင် စက်ဘီးနှင့် ပြန်ရသည်မှာ ပျော်စရာကောင်းသည်။ ကားရှင်းသဖြင့် အန္တရာယ် မရှိ။

သည်နေ့က ကျောင်းဆင်း၍ အပြန် လမ်းမပေါ်၌ ညက တွေ့သည့် လူကြီးကို တွေ့ရပြန်၏။ ညကအတိုင်း ညိုးငယ်စွာ ကြည့်နေသည်။

မြတ်သီရိ ကြောက်သွားသည်။ စက်ဘီးမရပ်။ ရှောင်၍လည်းမရ။ သူက ကာဆီးနေသလိုရှိသဖြင့် တိုက်မိသည်။ ခက်သည်က သူ့ကို မတိုက်မိ။

သည်တော့ မြတ်သီရိ အရမ်းကို ကြောက်လန့်သွားသည်။ လှည့်ကြည့်လိုက်စဉ် စက်ဘီးလဲကျသွားသည်။ သူက မြတ်သီရိဆီသို့ လျှောက်လာနေပြီ။

မြတ်သီရိ စက်ဘီး ပြန်မထောင်ဖြစ်တော့ စက်ဘီးကို သည်အတိုင်းထားပြီး တောအုပ်တွင်းမှ ဖြတ်ပြေးခဲ့သည်။

အတန်ကြာတော့ လှည့်ကြည့်ရင်း ခလုတ်တိုက်မိပြီး သူလဲကျသွားသည်။

"အား"

ပြန်ထလိုက်စဉ် ဖို့မြေတွင်းမှ ပေါ်ထွက်နေသည့် လက်တစ်ချောင်းကို တွေ့လိုက်ရသဖြင့် သူ လန့်သွားသည်။

အရှေ့ဘက်ကျောင်းကင်

သည်ဖို့မြေသည် တစ်စုံတစ်ယောက်အား မြှုပ်နှံပြီး မြေပြန်ဖို့ထားသည့်မြေဖြစ်မည်။

သည်ထဲကလူ ဘယ်သူလဲ။

သည်ထဲကလူ ဘယ်သူလဲ။

ထိုအကြောင်းအား မြတ်သီရိက ဦးလေးကျော်နီကို ပြောပြခဲ့သလို ဦးကျော်နီက သက်ဆိုင်ရာ ရဲအဖွဲ့ကို အကြောင်းကြားခဲ့သည်။

ယင်းသမို့ အလောင်းအား ဖော်သည့်အခါ မြတ်သီရိ အံ့သြရပြန်၏။ အဘယ့်ကြောင့်ဆိုသော် ထိုအလောင်းကောင်သည် ညက အိမ်တွင် မြတ်သီရိ တွေ့ခဲ့သည့်လူ

ကျောင်းမှအပြန် လမ်းပေါ်တွင် တွေ့ခဲ့သည့်လူ…။

မြတ်သီရိ မစဉ်းစားတတ်ပြီ။

သူ့ကို မြတ်သီရိ ဘာကြောင့် မြင်နေသနည်း။

သူ ဘာကြောင့် မြတ်သီရိကို ကိုယ်ထင်ပြနည်း။

ပြောရလျှင်…

သူသည် မြတ်သီရိအား ခြောက်လှန့်ခြင်းလား၊ အကူအညီတောင်းခံခြင်းလား။

တစ္ဆေတို့ရဲ့ မာယာလား။

မြတ်သီရိ မတွေးတတ်ပြီ။

စာဖတ်သူများရဲ့
ဒေဝေါ



## လူယုတ်မာနှင့် တစ္ဆေတစ်သိုက်

သမီးကိုသက်ဆုံးတိုင် မစောင့်ရှောက်နိုင်တာ
ခွင့်လွှတ်ပါ
အဖေစကား၊ သမီးကြားမည်မဟုတ်
ဝိညာဉ်နှင့်လူသား၊ လားလားမှ မအပ်ငေ်တော့
သည်ကိုနောက်တော့သမီးသိလိမ့်မည်။

အရှေ့ဘက်ကောင်းကင်

၁။

ပူဆွေးသောကဆိုတာ လူ့ဘုံလူ့ဘဝမှာသာရှိတာမဟုတ် ဘူး။
ပရလောကမှာလည်း ရှိတယ်။

သံရဲတစ္ဆေတွေမှာလည်း ရှိနေတယ်လေ။

ပြောရရင် ကျွန်မလူသားတစ်ဦးမဟုတ်ဘူး။ ကျွန်မဟာ ပရလောကသားတစ်ဦးပါ။ စွဲလန်းသံယောဇဉ်နဲ့သေတဲ့အတွက် ကျွန်မဟာ ပြိတ္တာဘုံကို ခေါ်တဲ့ဘုံကိုရောက်ရတယ်။

ပြိတ္တာဆိုတာ ဗုဒ္ဓဘာသာဝင်တွေ သတ်မှတ်ထားတဲ့ အပါယ်လေးဘုံသားလေ။ ခုခေတ်လူတွေကတော့ ပြိတ္တာဘုံလို့ မခေါ်တော့ဘူး။

တစ္ဆေ သရဲ စသည်ဖြင့်ခေါ်ကြတယ်။

ထားပါလေ။ ဒါက အဓိကမဟုတ်ပါဘူး။

ကျွန်မက သမီးကိုတွယ်တာသံယောဇဉ်စိတ်နဲ့သေခဲ့ရတယ်။ သေကာနီးအချိန်မှာ အရေးကြီးတယ်။

စွဲလန်းစိတ် မမှားဖို့လိုတယ်။

ဗုဒ္ဓဘာသာဝင်တိုင်း သိကြပါတယ်။ ဗုဒ္ဓခေတ်က ရဟန်းကြီးတစ်ပါးဟာ သင်္ကန်းအပေါ် စွဲလန်းစိတ်ကြီးခဲ့တဲ့ အတွက် သင်္ကန်းမှာ တွယ်ကပ်တဲ့ သန်းကြီးမကြီးဖြစ်တာ ရှိခဲ့ဖူးတယ်။

ကျွန်မဘဝကလည်း ဒီလိုပါပဲ။

ကျွန်မဟာ သေကာနီးအချိန်မှာ ဘဝကူးကောင်းဖို့

အတွက် ရတနာမြတ်သုံးပါးနဲ့ မေတ္တာတရားတွေကို သတိရ ရွတ်ပွားဖို့ သတိမရခဲ့ဘူး

ရတနာမြတ်သုံးပါးနဲ့ ဗုဒ္ဓဓမ္မရဲ့ တရားတော်တွေကို နှလုံးသွင်းနိုင်မှ ဘဝကူးကောင်းမယ်၊ ကောင်းတဲ့ဘဝကို ရောက်နိုင်မယ်။

ဒါကို ကျွန်မ မသိလို့ မဟုတ်ဘူး။ သိပါတယ်။

ခက်တာက ကျွန်မဘဝ မီးဇာကုန်ရေခန်း ချုပ်ငြိမ်းတော့မယ့်အချိန်မှာ ရတနာမြတ်သုံးပါးနဲ့ တရားတော်တွေကို မရွတ်ပွားနိုင်ဘဲ သမီးကလေးအတွက် စိုးရိမ်စိတ်၊ ကြောင့်ကြစိတ်တွေ ပိုနေမိတယ်။

သံယောဇဉ်နဲ့ ချစ်ခြင်းဟာ မီးဆိုတာ သိပ်မှန်တာပဲ။

ကျွန်မရင်မှာ ပူနေတယ်။

ကျွန်မ မရှိတော့ရင် ကျွန်မသမီးကလေး ဘဝဘယ်လိုရပ်တည်မလဲ။ ဘယ်သူ့ကို အားကိုးမလဲ။ အထီးကျန်ဆန်နေမယ်လို့ ထိနေသလိုပဲ။

ဒီတော့ သူ့အဘွား၊ အဖေရှိနေတာပဲလို့ ပြောကောင်းပြောမယ်။

ဟုတ်တယ် သူ့အဖေရှိတယ်။ သူ့အဖေဟာ မိန်းမကိစ္စကင်းတယ်။ သူ့သမီးကိုလည်း ချစ်တယ်။ ဒါပေမယ့် သူမှာ အားနည်းချက်တစ်ခု ရှိတယ်။

ဒါက အရက်စွဲနေတာပဲ။

ဒါကြောင့် တစ်ခါတစ်ရံ သူမူးပြီး သမီးအပေါ် ဥပေက္ခာဖြစ်သလို ဖြစ်ကောင်းဖြစ်မယ်။

ဒါ့ကြောင့် ကျွန်မ သမီးကို စိတ်မချတာပါ။

၂။

ကြည့်လေ တလောကပဲ။ သူ့ကြောင့် သမီးအရမ်းဝမ်းနည်းခဲ့ရဖူးတယ်။

တစ်ည သမီး ပရလောကသားတွေရဲ့ အခြောက်အလှန့်ခံရဖူးတယ်။ ပြောရရင် ဒါကလည်း ခြောက်လှန့်တာ မဟုတ်ပါဘူး။

သူ့ဘဝတအတွက် ကူညီဖို့အတွက် အသိပေးတာပါ။ ဒါ့ကြောင့် အမှုတစ်ခုဟာ ပေါ်ခဲ့တာ မဟုတ်ဘူးလား။

ထားပါ။ အရေးကြီးတာက အဲဒီညက သမီးကကြောက်လို့ ပြောတော့ သူက အမိပ္ပာယ်အကောက်လွဲခဲ့တယ်။ သူ့စောစောပြန်လာအောင် ဖန်တီးတာလို့ စွပ်စွဲတယ်။

ဒါကြောင့် အဲဒီညက သမီး အရမ်းခံစားခဲ့ရတယ်။ ဒီအကြောင်းကို သိရတော့ စိတ်မကောင်းဘူး။ ကျွန်မ ခင်ပွန်းသည်ကို အပြစ်မှန်တင်ပြပြီး ရှင်းပြချင်တယ်။

ခက်တာက ဘဝခြားနေပြီ။ သူက လူသား၊ ကျွန်မက ပရလောကသား။ ပြီးတော့ ကျွန်မဘဝက စိတ်သွားတိုင်း ကိုယ်မပါတဲ့ဘဝ။

ဒါကြောင့် ကျွန်မ သောကဗျာပါဒတွေကို ခါးစည်းခံ

နေရတယ်။

နောက်ပြီး ပြောရရင် ကျွန်မက သမီကို စိတ်မချဘူးဆို ပေမယ့် ကျွန်မက ကိုယ်ထိလက်ရောက် သမီးကို မကူညီနိုင်ဘူး။

ကြည့်ရုံတင် ကြည့်နေနိုင်တာ။

ဒါကို သမီး သိမှာမဟုတ်ဘူး။

ပြီးတော့ သမီးနဲ့ပတ်သက်လို့ ကျွန်မအတွက် စိတ်မချ နိုင်တာတစ်ခု ရှိသေးတယ်။ ဒါက ဘာလဲဆိုတော့ ကျွန်မခင်ပွန်း ညီ မောင်ဂျော်နီနဲ့ ပတ်သက်လို့ပဲ။

ဂျော်နီဟာ လောင်းကစားသမား။ ဒါကြောင့် ကျွန်မ မရှိတော့တဲ့နောက်ပိုင်း ကျွန်မခင်ပွန်း ပိုင်ဆိုင်မှုတွေကို အပိုင်စီး ဖို့ ကြံစည်နေတာပဲ။

လူက ငွေအတွက်ဆို ဘာစာနာမှုမှ မရှိဘူး။ ဘယ်သူ့ မျက်နှာမှ မကြည့်ဘူး။ သူ့မှာ လူမသိအောင် ကြံစည်နေတဲ့ ကြံစည်မှုတွေရှိတယ် ဆိုတာလည်း ကျွန်မ သိနေတယ်။

သက်သေပြစရာ အကြောင်းတစ်ခုလည်း ရှိနေတယ် လေ။ အကြောင်းက အခြားမဟုတ်။

၃။

ကျွန်မကို ဝိညာဉ်လောကမှာလည်း လူ့လောကလို အသိုင်းအဝိုင်းရှိတယ်။ ကျွန်မနားမှာ ကျွန်မနဲ့ဘဝတူ တစ္ဆေမ တွေရှိတယ်။

ကျွန်မက ကျွန်မသမီးကို ချစ်သလို သူတို့ကလည်း

သမီးကို ချစ်တယ်။ ဒါကြောင့် ကြည်စယ်လောင်ပြောင်တဲ့ သဘောနဲ့ သမီးကို အပျော်တမ်း ခြောက်လှန့်ကြတယ်။

ဘွားကနဲမြင်ပြီး ပျောက်သွားတာမျိုး။

ရှေ့က ဖျတ်ကနဲ ဖြတ်သွားတာမျိုး။

သမီးတီဗွီကြည့်နေစဉ် တီဗွီကို ဖျတ်ကနဲ ပိတ်လိုက်တာမျိုး။

အစက သမီးကြောက်သလို ရှိပေမယ့် ယဉ်သွားတယ်။ ဒါကို အမေသိတော့ သူ့သမီးအတွက် ဆရာတော်ကြီးတစ်ပါးနဲ့ တိုင်ပင်ပြီး ပရိတ်ချုပ်နဲ့ ပရိတ်ကြိုး စီစဉ်ခဲ့တယ်။

မကောင်းဆိုးဝါး မကပ်နိုင်အောင် အဟန့်အတား ပြုခဲ့တယ်။ ဒီလက်ဖွဲ့ကြိုးဟာ မမျှော်လင့်ဘဲ ပျောက်သွားတယ်။

ဘယ်သူဖျောက်ဖျက်လိုက်တယ်ဆိုတာ သမီးလည်း မသိသလို၊ သူ့အဖေလည်း မသိဘူး။ ဒါပေမယ့် ကျွန်မ သိတယ်လေ။

ဒါပေမယ့် ကျွန်မမှာ ပြောနိုင်စွမ်းမရှိဘူး။ ဘဝခြားနေလို့ ပြောမရဘူး။ သမီးလက်ဖွဲ့ကို ဖျောက်ဖျက်ပစ်လိုက်တာ တခြားသူ မဟုတ်ဘူး၊ ဂျော်နီလေ ဂျော်နီ။

ဒီအဖြစ်ဟာ သွေးရိုးသားရိုး မဟုတ်တာ ကျွန်မသိတယ်။ သူဟာ သည်ထက်ဆိုးတဲ့အလုပ်၊ သည်ထက်ဆိုးတဲ့ ယုတ်မာတဲ့ အလုပ် လုပ်မယ်လို့ ထင်နေတယ်။

ထင်တဲ့အတိုင်းလည်း လုပ်ခဲ့တယ်။

တစ်ညပေါ့နော်။ အရမ်းမူးနေတဲ့ ကျွန်မယောက်ျားနဲ့ ကျွန်မသမီးကို သူသတ်ဖို့ သူစီစဉ်ခဲ့တယ်။

ပထမဆုံး သမီးကို သတ်ဖို့လုပ်တယ်။ သမီးသောက်မဲ့ အအေးခွက်ထဲမှာ အဆိပ်ထည့်ပြီး သမီးကိုတိုက်တယ်။ ဒါကို အမြဲစောင့်ကြည့်နေတဲ့ ကျွန်မ သိခဲ့တယ်။

ခက်တာသမီးနဲ့ ကျွန်မက ဘဝမတူတော့ ပြောလို့မရဘူး။ သမီးသောက်ဖို့ခွက်ကဲယူတာသိတော့ အဆိပ်ခတ်ထားတဲ့ အအေးခွက်ကို မှောက်ပစ်ဖို့ ကျွန်မ ကြိုးစားခဲ့တယ်။

ပြေးရိုက်ပေမယ့် အချည်းအနှီးပဲ။ ဒီအချိန်မှာ သမီးက ကံကောင်းဖို့ဖန်လာတယ်။

"ညောင်"

ကြောင်တစ်ကောင်လေ။

ကျွန်မ ဒီကြောင်ကို ပူးကပ်ပြီး အဆိပ်ခတ်အအေးခွက်ကို မှောက်ပစ်ဖို့ပေါ့။

သမီးကလည်း အအေးခွက်နား ရောက်နေပြီ။

ဒီအချိန်မှာ ကျွန်မကြောင်ကို ပူးကပ်ပြီး အဆိပ်ခတ်ထားတဲ့ အအေးခွက်ပေါ် ခုန်လိုက်တယ်။

"ဝုန်း"

"ချွမ်"

အအေးခွက်က မှောက်သွားပြီ။ ကွဲသွားပြီ။ ကျွန်မ ဝမ်းသာလိုက်တာ။ အဲဒီလိုပဲ သမီးကို အိမ်မှာရှိမနေဖို့ စဉ်းစား

ရပြန်တယ်။ ကျွန်မရဲ့ တစ္ဆေမိတ်ဆွေ သရဲမ အကူအညီနဲ့ သူ ကြောက်အောင် ဖန်တီးလိုက်လို့ သမီး ပြေးထွက်သွားတယ်။

ဒီအချိန်မှာ ကျွန်မ ကြေကွဲဖွယ်အဖြစ်တစ်ခု ကြုံလိုက်ရတယ်။ အဲဒါက တခြားမဟုတ်ဘူး။ မှုးအိပ်နေတဲ့ ကျွန်မခင်ပွန်းကို သူလုပ်ကြံပြီလေ။

ကျွန်မ ဝင်ရောက်ဟန့်တားပေမယ့် မရဘူး။

သူ့ခေါင်းအုံးနဲ့ ကျွန်မခင်ပွန်း မျက်နှာအုပ်ပြီး သေနတ်မောင်းဖြုတ်လိုက်ပြီး ကျွန်မပြေးပြီး သူ့ကို ရိုက်လိုက်ပေမယ့် အရာမထင်ဘူး။

သူ အောင်မြင်သွားတယ်။

ကျွန်မ ကြေကွဲရသလို။ ဝမ်းသာရတယ်။ ဘာလဲဆိုတော့ ကျွန်မခင်ပွန်း သေဆုံးပြီး ခင်ပွန်းဝိညာဉ်နဲ့ ကျွန်မဝိညာဉ် ပေါင်းစပ်လိုက်နိုင်တာပဲ။

ဒီပေါင်းစည်းနိုင်မှုက သမီးကို ကူညီဖို့ အကြောင်းဖြစ်ခဲ့တယ်လေ။

၄။

ကြောက်ကြောက်နဲ့ပြေးတဲ့ သမီးနောက်ကို ကျွန်မ မိတ်ဆွေ တစ္ဆေမတွေ လိုက်သွားသလို ကျွန်မလည်း လိုက်သွားတယ်။

ကျွန်မသမီးကို တစ္ဆေ မိတ်ဆွေတွေက ဟန့်တားနိုင်သလို၊ လူယုတ်မာကလည်း သမီးကို ခေါ်သွားနိုင်ခဲ့တယ်။

ဟုတ်တယ်။

သမီးကို ရျော်နီ ခေါ်သွားပြီ။ ရျော်နီ ဘယ်ခေါ်သွားတယ်ဆိုတာ ကျွန်မ သိနေတယ်။

ရျော်နီခေါ်လို့ လိုက်လာတဲ့သမီးက တစ်နေရာရောက်တော့ "ဦးလေး ဒီလမ်းက သမီးတို့အိမ်သွားတဲ့လမ်းလည်း မဟုတ်ပါလား။ သမီးကို ဘယ်ခေါ်လာတာလဲ ဦးလေ" လို့ မေးတယ်။

သည်တော့ သမီးကို ရျော်နီက ကြည့်ပြီး···

"ဟုတ်တယ်၊ မင်းကို အိမ်ပြန်ခေါ်လာတာ မဟုတ်ဘူး။ မင်းကို မပြန့်လမ်းကိုပို့ဖို့ ဒီကိုခေါ်လာတာ။ ရှင်းရှင်းပြောရရင် ဦးလေး မင်းအဖေကိုလည်း သတ်ခဲ့ပြီ။ အခုကတော့ မင်းအလှည့်ပေါ့"

ဟု ပြောပြီး သေနတ်နှင့် သမီးကို ချိန်လိုက်သည်။ ထိုစဉ် ခင်ပွန်းသည်က ကိုယ်ထင်ပြလိုက်ရာ သူလန့်သွားတယ်။

ထိုစဉ် အားလုံးစီစဉ်ထားသည့်အတိုင်း တစ်ဦးက ရှေ့ကနေပြီး နောက်တစ်ဦးက ကိုယ်ထင်ပြနေသည်။ ခင်ပွန်းသည် ခန္ဓာကိုယ်အား တိုက်လိုက်ရာ သေနတ်ကို တိုက်မိပြီး လွတ်ကျသွားတယ်။

ရျော်နီ လမ်းပေါ်သို့ ကျသွားလျှင် တစ္ဆေတစ်သိုက်က ရျော်နီအား ဝိုင်းတိုက်တယ်ပေါ့။

"အား"

"ဝုန်း"

"အား"

ဂျော်နီ လန့်အော်ပြီး ထလိုက်စဉ် ကားတစ်စီးက ဂျော်နီကို အရှိန်ပြင်းစွာ ဝင်တိုက်သွားလိုက်သည်။ ခုတော့ ဂျော်နီ၏ အသက်ဝိညာဉ်ကင်းမဲ့နေသည့် ဝိညာဉ်လမ်းပေါ်တွင် သွေးအလူးလူးနှင့်။

သမီးက ဖဟိုသည်ကြည့်ရင်း…

"အဖေ"

ဟု ခေါ်လိုက်သည်။ ကိုယ်ထင်ပြနေသော အဖေကို တွေ့လိုက်ရသောကြောင့်ပင်။ သို့သော် အဖေကို ပွေ့ဖက်လိုက်သည်။

"သမီးရယ် အဖေနဲ့ သမီးက ဘဝခြားနေပြီ သမီးကို သက်ဆုံးတိုင် မစောင့်ရှောက်နိုင်တဲ့အတွက် အဖေ့ကို ခွင့်လွှတ်ပါ"

အဖေပြောသည့် စကားကိုလည်း သမီးကြားခဲ့ မဟုတ်။ ဝိညာဉ်နှင့် လူသား လားလားမှ မအပ်စပ်တော့သည်ကို နောက်တော့ သမီး သိလိမ့်မည်။

စာဖတ်သူများရဲ့
ဒေဝါ

◆ ◆ ◆ ◆ ◆

## နိဂုံးသို့မဟုတ်ပရလောကကိုမျှဝေခံစားခြင်း

၁။

စင်စစ် ဒီကနေ့ ကျွန်တော်တို့လူသားများ ပြောဆိုနေကြသည့် ပြိတ္တာ၊ တစ္ဆေ၊ သရဲ စသည့်ပရလောကသား၊ နာနာဘဝများသည် လူသားဘဝမှ ပြောင်းရွှေ့သွားသူများဖြစ်၏။

ထို့ကြောင့် ပရလောကသားတို့အား လူသားတို့ ဥပက္ခာမပြုသင့်။

ထို့အတူ လူတို့သည် သေဆုံးသွားသူများ ဖြစ်သဖြင့် ဘာမျှမလုပ်နိုင်သူ၊ ကျန်ရစ်သူများ၏ သိတတ်မှုနှင့်ပြုသည့်ဒါနအစုစုနှင့် အမျှပေးဝေမှုကို စောင့်စားနေသူများဖြစ်သည်ကို သတိပြု ကြစေလိုပါသည်။

လူဆိုသည်မှာ ၃၁ဘုံသားများဖြစ်သဖြင့် သံသရာမဆုံးသရွေ့ ဘဝတွေ အထွေထွေဖြစ်နေမည်ပင်။

ထို့ကြောင့် တတ်စွမ်းသမျှ ဒါနပြုသင့်သည်။ အမျှပေးဝေသင့်သည်။

၂။

လူတွင် ဘဝဂရှိသကဲ့သို့ ပရလောကသား၊ နာနာဘဝတို့၌လည်း ဘဝသည်ရှိကြ၏။

ထို့ကြောင့် လူတွင် ခံစားမှုရှိသကဲ့သို့ ပြိတ္တာ၊ တစ္ဆေ၊

သရဲ ဆိုသည့် ပရလောကသား၊ နာနာဘာဝတို့မှာလည်း ခံစားမှု ရှိသည်ဟု ခံစားမိသည်။

ယင်းသမို့ တစ္ဆေပြောတဲ့ တစ္ဆေတို့အကြောင်း စာမူအား ရေးသားသည့်အခါ အစီအစဉ်တချို့ဆွဲခဲ့သည်။

ပရလောကသားဘက်မှ ခံစားရေးသားခြင်းဖြစ်သည်။

သို့အတွက် အချို့မှာ ကျွန်တော့်အား စိတ်ကူးယဉ်သည်ဟု ထင်ကောင်းထင်မည်။ သို့မဟုတ် စိတ်ကူးယဉ်လွန်းသည်ဟု ဆိုချင်ဆိုမည်။

မည်သို့ဆိုစေ၊ ကျွန်တော်တို့သည် ၃၁ ဘုံသားများ ဖြစ်သဖြင့် ပြုသည့်သည့်အမှုပြုခြင်းဟု ခံစားမိသဖြင့် ကျေနပ်ရသည်။

စာဖတ်သူတို့ရဲ့
ဒေဝေါ

◆ ◆ ◆ ◆ ◆